မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၈)၊ အမှတ် (၂၉၇)

ယောက်ျားအာဇာနည်

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးခဲ့သည့် ထိုင်းနိုင်ငံမှ Ms. Monitora Unakul အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

သတင်းစဉ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးခဲ့သည့် ဩစတြေးလျနိုင်ငံမှ Mr. Duncan Marshall အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့ အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၂၃

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပမှပညာရှင်များ၊ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❄

“မြန်မာနိုင်ငံသားအားလုံး၏ နှလုံးသားထဲတွင် အထင်ကရရှိသည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၆ ရက်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အောင်မြင်စွာ သတ်မှတ်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် နိုင်ငံသူ နိုင်ငံသားများအားလုံး အထူးဂုဏ်ယူဝမ်းမြောက်ကြရပါကြောင်း၊ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာကသိရှိခွင့်ရပြီး ကမ္ဘာတွင် မြန်မာ၏ဂုဏ်သိက္ခာ မြင့်တက်လာ”

KBZ BANK

(6) CONSECUTIVE YEARS

‘BANK OF THE YEAR IN MYANMAR 2018’

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

ဒီမိုကရေစီတိုးတက်မြင့်မားရေး မီဒီယာများနှင့် ရွေးကောက်ပွဲ

ဒီမိုကရေစီစနစ်တည်ဆောက်ရာတွင် ရွေးကောက်ပွဲဆိုသည်က အရေးပါသော မှတ်ကျောက်တစ်ခုဖြစ်ပါသည်။ ရွေးကောက်ပွဲများကို မည်မျှလောက် လွတ်လပ်ငြိမ်းချမ်းစွာ ကျင်းပနိုင်သည်လဲ၊ ထိုရွေးကောက်ပွဲများသည် မည်မျှလောက် ပွင့်လင်းမြင်သာရှိသည်လဲ၊ ပြီးတော့ မည်မျှလောက် တရားမျှတမှုရှိသည်လဲ၊ ထိုရွေးကောက်ပွဲများက ပေါ်ထွက်လာသော ရွေးချယ်ခံကိုယ်စားလှယ်များနှင့် မည်မျှလောက် ကိုက်ညီပါဝင်သော လွှတ်တော်များကို ဖွဲ့စည်းနိုင်သည်လဲ စသည့်မေးခွန်းများ၏ အဖြေများပေါ်မူတည်၍ ထိုနိုင်ငံ၏ ဒီမိုကရေစီရင့်ကျက်ခိုင်မာမှုကို မှန်းဆနိုင်ပါမည်။

ထို့ကြောင့် ပထမအဆင့်အနေဖြင့် လွတ်လပ်တရားမျှတကာ ပြည်တွင်းပြည်ပက ပွင့်လင်းမြင်သာစွာ ကြည့်မြင်နိုင်မှုက အလွန်အရေးကြီးသည်ဆိုခြင်းက ဒီမိုကရေစီ အမှန်တရားပဲဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံ၏ ယေဘုယျအနေအထားက ဒီမိုကရေစီ အကူးအပြောင်းကာလ၊ ဒီမိုကရေစီ အုတ်မြစ်ခိုင်မာအောင် တည်ဆောက်နေရသည့် ကာလ၊ ဒီမိုကရေစီရေရှည်တည်တံ့ခိုင်မြဲအောင် အပြင်းအထန်ကြိုးပမ်းအားထုတ်နေရသည့်ကာလဟု ညွှန်းဆိုရမည့် အခြေအနေဖြစ်ပါသည်။

တပ်မတော်အာဏာသိမ်းမှုအောက်တွင် ဒီမိုကရေစီ ပျောက်ဆုံးရ၊ ဆိတ်သုဉ်းကွယ်ပျောက်ရဖြင့် နှစ်ပေါင်းများစွာ နေခဲ့ရသည့် နိုင်ငံဖြစ်သောကြောင့် ဒီမိုကရေစီအလေ့အထများက နိုင်ငံတွင်း၌ ပျက်ယွင်းနေသည်ဖြစ်ရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယှဉ်လျှင် မဲပေးရာတွင် မိမိရွေးချယ်လိုသည်ကို စနစ်တကျ မဲပေးတတ်ဖို့ပင် အနိုင်နိုင်။ မဲစာရင်း မှန်မှန်ကန်ကန် ပြုစုနိုင်မှုဟူသည်ပင် မရေမရာ မသေမချာ။ မဲပေးခွင့်ရှိကာမျှဖြင့် မဲပေးလို့မရသေးသည့် အခြေအနေ။

နိုင်ငံသားဖြစ်လျှင်၊ အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်လျှင် မဲပေးခွင့်ရရှိပြီဟုဆိုသော်လည်း အမှန်တကယ်မဲပေးနိုင်ရန်မှာ မဲစာရင်းတွင် မိမိအမည်ပါနေဖို့ လိုသည်ဆိုတာကို တော်တော်များများက မသိကြသေး။ မဲရုံများတွင် မဲပေးခွင့်ရှိသူများ စာရင်းများကပ်ထားသည်နှင့် မိမိအမည်ပါမပါ၊ အခြားသော အချက်အလက်များ မှန်မမှန် စသည်တို့ကို လူတိုင်းကိုယ်စီမှာတာဝန်ရှိသည် ဟူသော စိတ်ဓာတ်ဖြင့် စစ်ဆေးကြရန်လိုသေး၏။ မှားယွင်းပါနေသည်များကို သိလျှင်ကန့်ကွက်ရန်၊ လိုနေသည်ကို တိုးပေးရန်၊ အချက်အလက်မှားကို ပြင်ဆင်ရန် အကြောင်းကြား အသိပေးရန် လိုသေး၏။ ထိုအသိပေးခဲ့သည့်အတိုင်း ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းတို့ လုပ်ထားမထားဆိုသည်ကို နောက်တစ်ကြိမ် စာရင်းထုတ်ပြန်ချိန်တွင် ပြန်လည်စိစစ်ရန်လည်း လိုသေး၏။

နိုင်ငံသားတိုင်းက ဒီမိုကရေစီရေးတာဝန်ရှိသည်ဟူသော အသိစိတ်ဖြင့် ဤသို့ဤနှယ် ပါဝင်ကြပါမှ မဲစာရင်းမှန်ကန်တိကျမှုနှင့် နီးစပ်လာပေလိမ့်မည်။ မဲစာရင်းထဲတွင် မိမိနာမည်ပါပြီဆိုလျှင် မဲပေးသည့်နေ့တွင် မဲရုံကိုသွားကာ မည်သို့မဲပေးရမည်၊ မဲစာရွက်ပေါ်တွင် မည်သို့မဲပေးရမည်၊ မိမိ၏ တန်ဖိုးရှိလှသော မဲတစ်မဲ ပယ်မဲ ဖြစ်မသွားရေး ဘာတွေကို သတိထားရမည် အစရှိသည့် မဲပေးပုံနည်းစနစ်များကိုလည်း သိရှိကြရန်လိုသေး၏။

ဒီမိုကရေစီ အခြေကျနေသည့် နိုင်ငံများအတွက်မူ ဤသည်တို့က သာမန်ကိစ္စများသာဖြစ်ကောင်းဖြစ်ပါမည်။ သည်လို အခြေခံကိစ္စများမှစလို့ ဘယ်လိုလူကို မိမိကနှစ်သက်သည်၊ ဘယ်လိုမူဝါဒမျိုးကို အကောင်အထည်ဖော်မည့် အင်အားစုကို မိမိလိုလားသည် စသည့် အချက်အလက်မျိုးစုံတို့ကို သိရှိကြ၊ လေ့လာကြရန်လည်း လိုအပ်သည်ပဲ ဖြစ်ပါသည်။

သည်လို မဲပေးခွင့်ရှိသူတို့ သတိပြုလုပ်ဆောင်ရန် တာဝန်များ၊ သတင်းနှင့် အချက်အလက်များကို သိရှိနိုင်ကြရန်အတွက် မီဒီယာများ၊ သတင်းနှင့် စာနယ်ဇင်းများ၏ အကူအညီများစွာလိုမည်ပဲဖြစ်ပါသည်။ ထို မီဒီယာများ၊ သတင်းနှင့်စာနယ်ဇင်းများက လိုအပ်သည့် သတင်းနှင့် အချက်အလက်များကို ရနိုင်ရေးကလည်း အရေးကြီးပါသည်။ လွတ်လပ်စွာ သတင်းရယူနိုင်ခွင့်၊ သတင်းဖြန့်ချိနိုင်ခွင့်တို့ပေါ်မူတည်ကာ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဟု ပေါ်ထွန်းနိုင်မည် ဖြစ်ပါသည်။

ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့၏ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကာလအတွင်း မီဒီယာ၏အခန်းကဏ္ဍအပေါ် ပူးပေါင်းဖော်ဆောင်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲဟူသည့် ခေါင်းစဉ်ဖြင့် နေပြည်တော်တွင် ၂၃ ဇူလိုင် ၂၀၁၉ နေ့က ကျင်းပသည်ဟု သိရှိရပါသည်။ ထိုသို့သော ဆွေးနွေးမှုများသည် ဒီမိုကရေစီအုတ်မြစ်ခိုင်မာရေး ဖြစ်စဉ်တွင် အထူးအရေးပါပါသည်။ ထိုသို့သော ဆွေးနွေးမှုများကတစ်ဆင့် ရေရှည်တည်တံ့ခိုင်မာသည့် ဒီမိုကရေစီ တည်ဆောက်ရေးတွင် မီဒီယာတို့၏ အခန်းကဏ္ဍက ပိုမိုကျယ်ပြန့်စွာ ပါဝင်လာနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။ ။

စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၁/၂၀၁၉
၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)
စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်
ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၄ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးဦးမျိုးမောင်ကို စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် မြန်မာနိုင်ငံဆိုင်ရာ ဆားဗီးယားနိုင်ငံသံအမတ်ကြီး Mr. Miodrag Nikolin အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၃

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ဆားဗီးယားနိုင်ငံသံအမတ်ကြီး Mr. Miodrag Nikolin အား ယနေ့ မွန်းလွဲ ၂ နာရီက အမျိုးသားလွှတ်တော် (J) ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သံအမတ်ကြီးက အောက်တိုဘာ ၁၃ ရက်မှ ၁၇ရက်အတွင်း ဆားဗီးယားနိုင်ငံ ဘယ်လ်ဂရိတ်မြို့တွင် ကျင်းပမည့် (၁၄၁)ကြိမ်မြောက် ညီလာခံနှင့် Inter-Parliamentary Union (IPU) အစည်းအဝေးများသို့ တက်ရောက်ပေးပါရန် ဆားဗီးယားနိုင်ငံ အမျိုးသားညီလာခံ ဥက္ကဋ္ဌ Mrs. Maja Gojkovic က ဖိတ်ကြားသည့် ဖိတ်ကြားစာအားပေးအပ်၍ နှစ်နိုင်ငံ အကျိုးနှင့် စပ်လျဉ်းသည့် ချစ်ကြည်ရင်းနှီးမှုပိုမိုမြှင့်တင်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် မြန်မာနိုင်ငံဆိုင်ရာ ဆားဗီးယားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်။
သတင်းစဉ်

တိုင်းဒေသကြီး/ပြည်နယ် အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၃

၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း၌ တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး ယခုအခါ၌ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရေဘေးရှောင်ပြည်သူများသည် ၎င်းတို့၏မူလနေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့ကြပြီး စခန်းများလည်း ပိတ်သိမ်းပြီးဖြစ်ကြောင်းနှင့် ကချင်ပြည်နယ်ရှိ ရေဘေးရှောင်ပြည်သူများမှာလည်း ၎င်းတို့၏ မူလနေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့လျက်ရှိပြီး အချို့နေရာများတွင် ကျန်ရှိနေသေးကြောင်း သိရှိရသည်။

ယနေ့တွင် **စစ်ကိုင်းတိုင်းဒေသကြီး** ကသာ၊ ထီးချိုင့်၊ ကန့်ဘလူ၊ ခင်ဦး၊ စစ်ကိုင်း၊ ကျောက်မြောင်း မြို့နယ်များ၌ အိမ်ထောင်စု ၄၃၀၀ ကျော်၊ လူဦးရေ ၁၉၅၀၀ ကျော် တို့သည်လည်းကောင်း၊ **မန္တလေးတိုင်းဒေသကြီး**၌ သပိတ်ကျင်း၊ စဉ့်ကူး၊ စဉ့်ကိုင်၊ တံတားဦး၊ တောင်သာ မြို့နယ်များတွင် အိမ်ထောင်စု ၄၉၀၀ ကျော်၊ လူဦးရေ ၂၁၀၀၀ ကျော်တို့သည်လည်းကောင်း၊ **မကွေးတိုင်းဒေသကြီး** ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့၌ အိမ်ထောင်စု ၁၂၀၊ လူဦးရေ ၅၂၀ တို့သည် လည်းကောင်း ယာယီရေဘေးရှောင်နေရာများ၌ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက် ပစ္စည်းဖိုးငွေများအပါအဝင် စုစုပေါင်းငွေကျပ် ၁၆၉၈ သိန်းကျော် ထောက်ပံ့ပြီးဖြစ်ကြောင်းနှင့် ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူများအနေဖြင့်လည်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်များ၊ ပညာရှင်များ၏ သုံးသပ်အကြံပြုချက်များကို အလေးထားဂရုပြုလိုက်နာရန်နှင့် အကူအညီလိုအပ်ပါက ဒေသအလိုက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးများသို့ ဖြစ်စေ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန (ရုံးချုပ်) Hot Line နံပါတ်များဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇သို့ ဖြစ်စေ အကူအညီတောင်းခံနိုင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ နှိုးဆော်ထားကြောင်း သိရသည်။

မြန်မာ့အလင်း

နေပြည်တော်အချုပ်ထောင်အတွင်းရှိ အချုပ်သား/သူများအား အသိပညာပေးဟောပြော

နေပြည်တော် ဇူလိုင် ၂၃

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း နေပြည်တော်မှ နေပြည်တော် အကျဉ်းဦးစီးဌာနနှင့် ပူးပေါင်း၍ နေပြည်တော် အချုပ်ထောင်ရှိ အချုပ်သား/သူများကို မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် စကားဝိုင်းကျင်းပခြင်းကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက နေပြည်တော် အချုပ်ထောင်တွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်အချုပ်ထောင်တာဝန်ခံအရာရှိ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးဆိုးကျိုးစကားဝိုင်းကျင်းပရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုတွဲဖက်အတွင်းရေးမှူး ဦးမြင့်စိုး၊ ဗဟိုနိုင်ငံတကာဆက်ဆံရေးတာဝန်ခံ ဦးစိန်မြင့်ထွန်း၊ တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်ထိုက်၊ နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံမှ စိတ်ကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာဒေါ်တင်မျိုးမျိုး၊ အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဦးခိုင်မင်းတို့က ဆွေးနွေးကြကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

❈ *ရှေ့ဖုံးမှ*

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝပြီး ယင်းယဉ်ကျေးမှုအမွေအနှစ်များမှာ ရှေးယခင်ကတည်းက မြန်မာနိုင်ငံ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ မြင့်မားထည်ဝါမှုကို ဖော်ညွှန်းပြသနေပါကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များဟု ဆိုရာတွင် ဗိသုကာလက်ရာအရည်အသွေးမြင့်မားသည့် ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်း၊ တန်ဆောင်း၊ အထိမ်းအမှတ် အဆောက်အအုံများနှင့် မြို့ပြနန်းတော် စသည့် ဒြပ်ရှိယဉ်ကျေးမှုများနှင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးစံ၊ ဘာသာစကား၊ စာပေများ စသည့် ဒြပ်မဲ့ယဉ်ကျေးမှုများလည်း ပါဝင်ပါကြောင်း၊ ပုဂံဒေသရှိ စေတီပုထိုးများတွင် ယဉ်ကျေးမှုမြင့်မားသည့် နံရံဆေးရေးပန်းချီများ၊ တန်ဖိုးမဖြတ်နိုင်သည့် အနုသုခုမလက်ရာများကို တွေ့ရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဂံဒေသသည် မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အံ့ဖွယ်ဒေသဖြစ်ပါကြောင်း၊ ယင်းယဉ်ကျေးမှုအမွေအနှစ်များ၏ ဆွဲဆောင်မှုများကြောင့် မြန်မာနိုင်ငံကို နိုင်ငံတကာက ခရီးသွားဧည့်သည်များလည်း လာရောက်လည်ပတ်နေကြသည်ကို တွေ့မြင်နိုင်ပါကြောင်း။

မြန်မာ၏ဂုဏ်သိက္ခာမြင့်တက်လာ

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်ဒေသများထဲမှ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ စသည့် ပျူရှေးဟောင်းမြို့များကို ၂၀၁၄ ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသားအားလုံး၏ နှလုံးသားထဲတွင် အထင်ကရရှိသည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၆ ရက်တွင် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် အောင်မြင်စွာ သတ်မှတ်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် နိုင်ငံသားများအားလုံး အထူးဂုဏ်ယူ ဝမ်းမြောက်ကြရပါကြောင်း၊ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာက သိရှိခွင့်ရပြီး ကမ္ဘာတွင် မြန်မာ၏ဂုဏ်သိက္ခာ မြင့်တက်လာပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဒေသများဖြစ်သည့် မြောက်ဦးရှေးဟောင်းဒေသ၊ ရွှေတိဂုံစေတီတော်နှင့် ပြဒါးလင်းဂူ အစရှိသည့် ရှေးဟောင်းနေရာဒေသများကိုလည်း မြန်မာ့အမွေအနှစ်မှ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

အသစ်ပြန်လည်ပြဋ္ဌာန်းနိုင်ခဲ့

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ဆောင်ရွက်သည့်နေရာတွင် ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများ၊ နေရာများကိုသာမကဘဲ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အလားအလာများကိုလည်း ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခင်က ရေးဆွဲခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကိုလည်း ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်နိုင်မှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု စသည့်အချက်များကို အလေးထား ထည့်သွင်းရေးဆွဲကာ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ခေတ်ကာလအခြေအနေနှင့်အညီ အသစ်ပြန်လည် ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

စီမံခန့်ခွဲမှုနည်းစနစ်တစ်ခု

ထို့အတူ ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသတွင်ရှိသည့် အဆင့်အတန်း အလွန်မြင့်မားသည့် ယဉ်ကျေးမှုအမွေအနှစ်များ၏ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး အစီအစဉ်များ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ၊ မြို့ပြလူမှုဘဝဖွံ့ဖြိုးမှုအစီအစဉ်များ စသည့် အစီအမံများကို ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် စီမံခန့်ခွဲမှု နည်းစနစ်တစ်ခုကိုလည်း ဥပဒေနှင့်အညီ ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါကြောင်း။

လက်ဆင့်ကမ်းထိန်းသိမ်း

ထို့ပြင် မြန်မာနိုင်ငံ ပုဂံဒေသတွင်ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြန်မာနိုင်ငံကသာမက ကမ္ဘာ့နိုင်ငံအသီးသီးကလည်း ပျပြင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည် ဖြစ်ပါကြောင်း၊ သို့မှသာ ပုဂံယဉ်ကျေးမှုအမွေအနှစ်များကို နောင်မျိုးဆက်သစ်လူငယ်များ လက်ဆင့်ကမ်း ထိန်းသိမ်းသွားနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ပြင် ပုဂံဒေသကို လူသိပိုများလာပြီး နိုင်ငံတကာမှ ခရီးသွားများ ပိုမိုဝင်ရောက်လာမည် ဖြစ်ပါကြောင်း၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ ဒေသခံပြည်သူများ စီးပွားရေးအခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ၏တန်ဖိုးကို မြတ်နိုးကြပြီး ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံဒေသအား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရန် တာဝန်ကိုယ်စီရှိကြပါကြောင်း။

ဆက်လက်ဆောင်ရွက်

ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံရပြီးနောက်ပိုင်း နိုင်ငံတကာအထိမ်းအမှတ် အဆောက်အအုံနှင့် နေရာဒေသများကောင်စီ (ICOMOS) က မေးမြန်းထားသည့် အချက်အလက်များကို BAGAN COM အဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆက်စပ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များက ပေါင်းစပ်ညှိနှိုင်းပြီး ရေရှည်၊ ရေတိုစီမံကိန်းများ၊ နည်းဗျူဟာများ ပေါင်းစပ်ညှိနှိုင်းမှုများ၊ ဖြေလျှော့ဆောင်ရွက်မှုများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများ၏

စာမျက်နှာ ၄ သို့

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ညစာစားပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
သတင်းစဉ်

ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးခဲ့သည့် Bagan Technical Expert Team, Advisory Chairman ဒေါက်တာ အောင်မြတ်ကျော်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။
သတင်းစဉ်

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးစောအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။
သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

စာမျက်နှာ ၃ မှ

ပူးပေါင်းဆောင်ရွက်ညှိနှိုင်းမှုများနှင့် အောင်မြင်အောင် ဆက်လက်ဆောင်ရွက် သွားနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။

ပူးပေါင်းပါဝင်ပံ့ပိုးကူညီ

ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်တင်သွင်းနိုင်ရေး ဆောင်ရွက်ရာတွင် ပါဝင်ခဲ့သည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ၊ ပုဂံဒေသခံပြည်သူများ၊ အသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရာတွင် ကြိုးပမ်းအားထုတ် ပူးပေါင်းပါဝင် ပံ့ပိုးကူညီခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

နောင်မျိုးဆက်တွေအတွက်

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “ဒီနေ့ ပုဂံယဉ်ကျေးမှုဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာတစ်ခုဖြစ်ဖို့အတွက် ကူညီတဲ့သူများအားလုံးကို ကျေးဇူးတင်ခွင့်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ အမွေအနှစ်ဆိုတာဟာ ကျွန်မတို့ နောင်လာ နောက်သားများအတွက် ချန်ခဲ့သင့်တဲ့အရာတွေလို့ ပြောလို့ရပါတယ်။ ကမ္ဘာ့အမွေအနှစ်ဆိုတော့ တစ်ကမ္ဘာလုံးမှာရှိတဲ့ နောင်မျိုးဆက်တွေအတွက် ချန်ခဲ့သင့်တဲ့ကိစ္စ၊ ချန်ခဲ့ထိုက်တဲ့ကိစ္စဆိုပြီး ဒီလိုမှတ်ယူလို့ရပါတယ်။

ကမ္ဘာ့အမွေအနှစ်အဖြစ်ရွေးချယ်

ကျွန်မတို့နိုင်ငံရဲ့ ယဉ်ကျေးမှုဒေသတစ်ခုဟာ ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံးအတွက် ထိုက်တန်တဲ့ အမွေအနှစ်ဆိုပြီး သတ်မှတ်ခြင်းခံရတာ ဂုဏ်ယူစရာဆိုတာ အထူးပြောစရာ မလိုပါဘူး။ ဒီလို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သတ်မှတ်လိုက်တဲ့ အခါမှာ ကျွန်မတို့နိုင်ငံတစ်ခုတည်းအတွက်သာ မဟုတ်ပါဘူး၊ ကမ္ဘာ့လူသားအားလုံးအတွက် ဖြစ်တယ်လို့ ပြောလို့ရပါတယ်။ ဒီလို ကမ္ဘာ့အမွေအနှစ်အဖြစ် ရွေးချယ်သတ်မှတ်တဲ့အခါမှာ လူသားများအားလုံးအတွက် တန်ဖိုးရှိတာတွေကို ရွေးတယ်ဆိုတဲ့ မူအပေါ်မှာ အခြေခံပြီးတော့ ဆောင်ရွက်ကြပါတယ်။

ကျေးဇူးတရားတစ်ခုဖြစ်

လူသားများအားလုံး ပိုမိုပြီးတော့ နီးစပ်လာရေးအတွက်ကိုလည်း ဆောင်ရွက်တယ်လို့ သတ်မှတ်တဲ့အဖွဲ့အစည်းများက ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုရင် လူသားများအားလုံးဟာ တူညီတဲ့အရာတွေရှိတယ်၊ တူညီတဲ့အတွေးအခေါ်တွေရှိတယ်။ တူညီတဲ့အတွေးအခေါ်တွေကို စုပေါင်းပေးခြင်းဟာ ကမ္ဘာတစ်ခုလုံးအတွက် ကျေးဇူးတရားတစ်ခုဖြစ်တယ်၊ ကမ္ဘာတစ်ခုလုံးအတွက် အကျိုးဖြစ်တယ်ဆိုပြီး ယူဆခြင်းပဲဖြစ်ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ညစာစားပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

❖ ကျွန်မတို့ရဲ့ လူသားများဟာ တစ်ဦးကိုတစ်ဦးလေးစားဖို့ အင်မတန်အရေးကြီးပါတယ်။ ဒီလိုလေးစားနိုင်ဖို့အတွက် ကမ္ဘာ့အမွေအနှစ်များဟာ ကျွန်မတို့ကို လမ်းပြနေတယ်လို့ မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာ့အမွေအနှစ်ဆိုတာဟာ ကမ္ဘာကြီး ရဲ့တစ်နေရာ၊ နှစ်နေရာတင်မဟုတ်ပါဘူး၊ ကမ္ဘာကြီးတစ်ခုလုံးမှာ ပျံ့နှံ့ပြီးတော့ ရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာတင်မက တခြားနိုင်ငံ တွေမှာရှိပါတယ်။ ဥရောပ၊ အမေရိက၊ အာဖရိက၊ အာရှ စတဲ့တိုက်ကြီးများ အသီးသီးမှာ ကမ္ဘာ့အမွေအနှစ်တွေ ရှိပါတယ်။ လူသားအားလုံးဟာ နောင်လာနောက်သားတွေအတွက် တန်ဖိုးရှိတဲ့ အမွေအနှစ်တွေကို ထားပစ်ခဲ့နိုင်တယ် ဆိုတာကို သက်သေထူတာလည်း ဖြစ်ပါတယ်

ရှေးဟောင်းသုတေသနပညာရှင်တစ်ဦးက ရုပ်ပိုင်းဆိုင်ရာ သက်မဲ့ပစ္စည်းတွေဟာ တကယ်ပဲ သမိုင်းကို မှန်မှန်ကန်ကန်

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှဝန်ထမ်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ နှလုံးသားထဲကပုဂံဓာတ်ပုံအဖွဲ့နှင့် ပရဟိတအဖွဲ့များကိုယ်စား တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

သက်သေထူတယ်လို့ ဆိုခဲ့ပါတယ်။ ဥပဒေအမြင်အရဆိုရင် သက်မဲ့သက်သေများဟာ သက်ရှိသက်သေများထက်ပိုပြီး အားကိုးရတယ်၊ ပိုပြီးယုံကြည်ရတယ်ဆိုတဲ့အတိုင်း သက်မဲ့ပစ္စည်းအရာဝတ္ထုများဟာ အရင်တုန်းက သမိုင်းဖြစ်ရပ်ကို ဖြစ်ရပ်အတိုင်းကို ပြနေပါတယ်။

အမွေအနှစ်တွေကို ကြည့်ရှုလေ့လာ

ဒါပေမယ့် ဖြစ်ရပ်အတိုင်းကို ပြတယ်ဆိုပေမယ့် ဒီပစ္စည်းတွေကို၊ အရင်တုန်းက အမွေအနှစ်တွေကို ကြည့်ရှုလေ့လာတဲ့သူတိုင်းဟာ ကိုယ့်ရဲ့အတွေးအခေါ်၊ ကိုယ့်ရဲ့အမြင်လေးနဲ့ ကဗျာဆန်ဆန်နဲ့ ပြန်လည်ပြီး အတိတ်ကိုဖန်တီးနိုင်ပါတယ်။ ဒီလိုဖန်တီးနိုင်ခြင်းစွမ်းအားကိုပေးတဲ့ အမွေအနှစ်တွေဟာ ကျွန်မတို့အတွက် တန်ဖိုးအရှိဆုံးပဲ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ နောင်လာနောက်သားများဟာလည်း ပုဂံဒေသကို ကြည့်ခြင်းအားဖြင့်၊ တခြားကမ္ဘာတစ်ဝန်းမှာရှိတဲ့ ကမ္ဘာ့အမွေအနှစ်တွေကို ကြည့်ခြင်းအားဖြင့် အရင်တုန်းက လူသားတွေဟာ ဘယ်လိုရုန်းကန်ခဲ့ရတယ်၊ ဘယ်လိုနေထိုင်ခဲ့တယ်၊ ဘယ်လို ဘဝကိုရင်ဆိုင်ခဲ့တယ်၊ နောင်လည်း ရင်ဆိုင်သွားကြရမယ်၊ ရပ်တည်သွားရမယ်ဆိုတဲ့ အသိဉာဏ်တွေ ဖြစ်စေပါတယ်။

တန်ဖိုးရှိတဲ့ အမွေအနှစ်တွေကို ထားပစ်ခဲ့

ကျွန်မတို့ရဲ့ လူသားများဟာ တစ်ဦးကို တစ်ဦးလေးစားဖို့ အင်မတန်အရေးကြီးပါတယ်။ ဒီလိုလေးစားနိုင်ဖို့အတွက် ကမ္ဘာ့အမွေအနှစ်များဟာ ကျွန်မတို့ကို လမ်းပြနေတယ်လို့ မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာ့အမွေအနှစ်ဆိုတာဟာ ကမ္ဘာကြီးရဲ့တစ်နေရာ၊ နှစ်နေရာတင်မဟုတ်ပါဘူး၊ ကမ္ဘာကြီးတစ်ခုလုံးမှာ ပျံ့နှံ့ပြီးတော့ ရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာတင်မက တခြားနိုင်ငံတွေမှာရှိပါတယ်။ ဥရောပ၊ အမေရိက၊ အာဖရိက၊ အာရှ စတဲ့ တိုက်ကြီးများ အသီးသီးမှာ ကမ္ဘာ့အမွေအနှစ်တွေ ရှိပါတယ်။ လူသားအားလုံးဟာ နောင်လာနောက်သားတွေအတွက် တန်ဖိုးရှိတဲ့ အမွေအနှစ်တွေကို ထားပစ်ခဲ့နိုင်တယ်ဆိုတာကို သက်သေထူတာလည်း ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီလိုကမ္ဘာ့အမွေအနှစ်များရွေးချယ်ပြီး စာရင်းဝင်အောင် ၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အောင် လုပ်ပေးတဲ့ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို ကျွန်မတို့ ကျေးဇူးတင်ပါတယ်။

စာမျက်နှာ ၅ သို့

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။ သတင်းစဉ်

စာမျက်နှာ ၄ မှ

ကျေးဇူးတင်တာဟာ ကျွန်မတို့နိုင်ငံအတွက် လုပ်ပေးလို့တင် မဟုတ်ဘူး။ ကျွန်မတို့ကမ္ဘာမှာရှိတဲ့ လူသားများအားလုံး ယဉ်ကျေးမှုအပေါ်မှာ အခြေခံပြီးတော့၊ သမိုင်းဖြစ်ရပ်တွေအပေါ်မှာ အခြေခံပြီးတော့ တစ်ဦးအပေါ်တစ်ဦး ပိုပြီးနားလည်မှုရှိလာဖို့အတွက်၊ နီးစပ်မှုရှိလာဖို့အတွက် ကူညီတယ်လို့မြင်တာကြောင့် ကျေးဇူးတင်တယ်လို့ ပြောချင်တာပါ။

အမွေဆက်ခံခွင့်ပေးခဲ့

ဘာဖြစ်လို့လဲဆိုတော့ ပုဂံဒေသကိုကြည့်မယ်ဆိုရင် ကျွန်မတို့ဟာ အတိတ်နဲ့ ပစ္စုပ္ပန် ဘယ်လိုဆက်နွယ်နေသလဲဆိုတာ မြင်ရပါတယ်။ ကျွန်မတို့ရဲ့ပုဂံဒေသဟာ အရင်တုန်းက ဂူပုထိုးတွေ ရှိရုံသာမက အခုလည်း ကျွန်မတို့ရဲ့ပြည်သူများ နေထိုင်နေတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ဒါကိုတော့ ကျွန်မအထူးဂုဏ်ယူပါတယ်။ တချို့ကမ္ဘာ့အမွေအနှစ်နေရာတွေဆိုရင် ပြတိုက်သဖွယ် အရင်တုန်းက သမိုင်းကို သက်သေထူပြီး အခုပစ္စုပ္ပန်ဘဝတွေနဲ့ ဆက်နွယ်မှုနည်းနေတာတွေ တွေ့ရပါတယ်။ ဒါပေမယ့် ပုဂံဒေသဟာဆိုရင် ရှေးအမွေအနှစ်တွေလည်းရှိတယ်၊ လက်ရှိပြည်သူတွေလည်း နေထိုင်လှုပ်ရှားနေတာကြောင့် ကျွန်မတို့ရဲ့ယဉ်ကျေးမှုဟာ အဆက်မပြတ်ဘဲနဲ့ ယဉ်ကျေးမှုတည်ခဲ့နိုင်တယ်၊ မြန်မာနိုင်ငံ အလယ်ပိုင်းမှာ ပေါက်ဖွားလာတဲ့ ဒီယဉ်ကျေးမှုကြီးဟာ နှစ်ပေါင်းများစွာ ဆက်ကာ၊ ဆက်ကာ အခုခေတ် ကျွန်မတို့ခေတ်အထိ အမွေဆက်ခံခွင့်ပေးခဲ့တယ်ဆိုတာကို ကျွန်မတို့ကို ထောက်ပြနေတာလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ ဒီလိုဖြစ်နိုင်ဖို့ အတွက် ကမ္ဘာပေါ်မှာ မတူညီတဲ့ ယဉ်ကျေးမှုတွေ၊ မတူညီတဲ့လူမျိုးတွေ၊ မတူညီတဲ့ အတွေးအခေါ်တွေကို စုစည်းပေးဖို့အတွက် လုပ်ဆောင်ပေးခဲ့တဲ့ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အောင်လို့ ကူညီပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။

UNESCO, JICA၊ World Bank၊ အလှူရှင်နိုင်ငံများဖြစ်တဲ့ အီတလီ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပုဂံဒေသခံပြည်သူများ၊ အသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ပံ့ပိုးကူညီပေးခဲ့ကြတဲ့သူများ အားလုံးကို အထူးကျေးဇူးတင်ပါတယ်လို့ ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်”ဟု ပြောကြားသည်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သတ်မှတ်ခံနိုင်ရေး ရှင်းလင်း

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံနိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရသည့်အတွက် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ပပညာရှင်များနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာ နိုင်ငံတော်သမ္မတက ထိုင်းနိုင်ငံမှ Ms. Monitora Unakul၊ အင်္ဂလန်နိုင်ငံမှ Ms. Elizabeth Moore၊ သြစတြေးလျနိုင်ငံမှ Ms. Charlotte Galloway၊ UNESCO မှ မြန်မာနိုင်ငံတာဝန်ခံ Ms. Min Jeong Kim၊ JICA မှ မြန်မာနိုင်ငံတာဝန်ခံ Mr. Masayuki Karasawa နှင့် ကမ္ဘာ့ဘဏ်မှ Mr. Gevorg Sargsyan တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ပပညာရှင်များ၊ အလှူရှင်နိုင်ငံများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ကြီးချုပ်များဖြစ်ကြသည့် သြစတြေးလျနိုင်ငံမှ Mr. Duncan Marshall၊ ဆွစ်ဇာလန်နိုင်ငံမှ Mr. Kaiweise၊ အမေရိကန်နိုင်ငံမှ Mr. Richard Engelhardt၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုသံမှူး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက မန္တလေးတိုင်းဒေသကြီးဝန်ကြီးနှင့် ပြည်တွင်းပညာရှင်များဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ Bagan Techanical Expert Team, Advisory Chairman ဒေါက်တာအောင်မြတ်ကျော်၊ မြန်မာနိုင်ငံ ဗိသုကာအသင်းနာယက ဒေါက်တာကျော်လတ်၊ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးညွန့်ဟန်နှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)ဒေါက်တာစန်းဝင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြည်တွင်းပညာရှင်နှင့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးအောင်ကြိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးစော၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်နှင့် ဦးမြင့်စိန်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ နှလုံးသားထဲကပုဂံ ဓာတ်ပုံအဖွဲ့နှင့် ပရဟိတအဖွဲ့များကိုယ်စား တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဗီဒီယိုမှတ်တမ်းကြည့်ရှု

ထို့နောက် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ယင်းနောက် ဂုဏ်ပြုမှတ်တမ်းလွှာလက်ခံရရှိသူများကိုယ်စား နှလုံးသားထဲမှပုဂံဓာတ်ပုံအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခဲ့ခြင်းအတွက် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခဲ့ခြင်းအတွက် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ပုဂံခေတ်ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်

ညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ပုဂံခေတ်ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၉) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမှာစကားပြောကြားရာတွင် ယခုကျင်းပလျက်ရှိသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသည် များစွာအရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းတို့ကို စိစစ်အတည်ပြုရမည်ဖြစ်သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင်ရေး လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် များစွာအရေးကြီးပါကြောင်း၊ ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များ လျင်မြန်တိုးတက်မှသာ လွှတ်တော်လုပ်ငန်းများလည်း လျင်မြန်ထိရောက်မည်ဖြစ်ပါကြောင်းနှင့် လွှတ်တော်၏ ရည်မှန်းချက်၊ ဆုံးဖြတ်ချက်များသည်အများပြည်သူအတွက် ပိုမိုအကျိုးရှိလာမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် ရေးရာကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများအနေဖြင့် လိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်းညှိနှိုင်းဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာကော်မတီများအလိုက် ဆောင်ရွက်လျက်ရှိသည့် ဥပဒေကြမ်းများ၊ တိုင်ကြားစာများ၊ အစီရင်ခံစာပါတွေ့ရှိချက်များနှင့် သုံးသပ်အကြံပြုဆွေးနွေးချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က သက်ဆိုင်ရာကော်မတီများအလိုက် ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၉) ကျင်းပစဉ်။ သတင်းစဉ်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော် ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလအတွင်း မီဒီယာ၏အခန်းကဏ္ဍအပေါ် ပူးပေါင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလအတွင်း မီဒီယာ၏အခန်းကဏ္ဍအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို) မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန် သတင်းမီဒီယာ၏အခန်းကဏ္ဍသည် အရေးပါကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံး ရွေးကောက်ပွဲဆိုင်ရာ အသိပညာ ဗဟုသုတရရှိစေရန် ဆောင်ရွက်သည့်လုပ်ငန်း (Civic Education) နှင့်ဆန္ဒမဲပေးမည့်မဲဆန္ဒရှင်များအားမဲပေးခြင်းဆိုင်ရာ အသိပညာပေးဆောင်ရွက်သည့်လုပ်ငန်း (Voter Education) များ ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲကော်မရှင် တစ်ခုတည်းက ဆောင်ရွက်၍မရပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အဓိကကျသည့် သတင်းမီဒီယာ၏ အကူအညီများစွာလိုအပ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲမှစတင်၍ ပြည်တွင်း/ပြည်ပသတင်းမီဒီယာများကို ဖိတ်ကြားခဲ့ပါကြောင်း၊ ရွေးကောက်ပွဲကာလတွင် အဆင်ပြေချောမွေ့စွာ သတင်းရယူနိုင်ရန်မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ယခင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)နှင့် တွေ့ဆုံညှိနှိုင်းခဲ့ပါကြောင်း၊ ညှိနှိုင်းချက်များအရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် မြန်မာသတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်များ၊ သတင်းမီဒီယာကျင့်ဝတ်များကို ပြုစုရေးသားဖြန့်ဝေပေးခဲ့သည့်အတွက် ရွေးကောက်ပွဲတွင် သတင်းရယူရေးဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေချောမွေ့ခဲ့ပြီး ကော်မရှင်အတွက် များစွာအထောက်အကူပြုခဲ့ပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်းဖြစ်စေမှုဆိုသည့် စံ (၅) ချက်နှင့်အညီ ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ကော်မရှင်၏လုပ်ဆောင်ချက်များ၊ ပြည်သူလူထုတစ်ရပ်လုံး သိသင့်သည့် သတင်းများ၊ ကြေညာချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်းကို နိုင်ငံပိုင်သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် UEC Website တို့မှအခါအားလျော်စွာ ထုတ်လွှင့် ဖော်ပြပေးလျက်ရှိပါကြောင်း။

ကော်မရှင်၏ပြောရေးဆိုခွင့်ရှိသူအဖြစ် ကော်မရှင်အဖွဲ့ဝင်တစ်ဦးကိုတာဝန်ပေးထားပြီးလိုအပ်ပါက သတင်းစာရှင်းလင်းပွဲများကို ကျင်းပပေးလျက်ရှိပါကြောင်း၊ သတင်းမီဒီယာများအနေဖြင့် နိုင်ငံတော်အကျိုးအတွက် မျှော်ကိုးပြီး ရွေးကောက်ပွဲနှင့်ဆိုင်သည့် မှန်ကန်မှုရှိသော သတင်းအချက်အလက်များကို ပြည်သူလူထုသိရှိစေရန် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ သတင်းအမှားများနှင့် အမုန်းစကားများ ပြည်သူလူထုထံရောက်ရှိပါက ရွေးကောက်ပွဲတွင်မလိုလားအပ်သည့် ပဋိပက္ခများဖြစ်လာနိုင်သောကြောင့် သတင်းမီဒီယာများအနေဖြင့် ဘက်လိုက်ရေးသားမှုမျိုး မဖြစ်စေရန်နှင့် သတင်းတစ်ပုဒ်၏တန်ဖိုးကိုအလေးထားရန် တိုက်တွန်းလိုပါကြောင်း၊ ရွေးကောက်ပွဲသတင်းများ ရေးသားဖော်ပြရာတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ထုတ်ပြန်ထားသည့် သတင်းမီဒီယာကျင့်ဝတ်နှင့် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပြောကြားလိုပါကြောင်း။

၂၀၁၉ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုခြင်း နှစ်အဖြစ် သတ်မှတ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲဆန္ဒရှင် ပြည်သူများအတွက်မဲစာရင်းပြုစုရာတွင် ပူးပေါင်းပါဝင်လာစေရန်၊ မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာရာတွင် ပြည်သူများ ကြည့်ရှုစေရန်နှင့် ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်မှုများ ပြုလုပ်နိုင်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ သိရှိနားလည်စေရန် သတင်းမီဒီယာသမားများ အနေဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလအတွင်း မီဒီယာ၏အခန်းကဏ္ဍအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ- ဦးအုန်းကြိုင်) နှင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Min Jeong Kim တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကာလတွင် မီဒီယာအခန်းကဏ္ဍအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

သတင်းစဉ်

သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး သရုပ်ပြလေ့ကျင့်

ပြည် ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးအဆင့် သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်ခြင်းကို ပြည်မြို့ နဝင်းရပ်ကွက် ဖောင်တော်ဦးဘုရားအနောက်ဘက် ရေဝတီမြစ်၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးရွှေက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသောင်းထိုက်၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးကျော်ကျော်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများတက်ရောက်၍ ပြည်ခရိုင် မီးသတ်ဦးစီးမှူး ဦးအေးကျော်က ရေပြင်မီးငြှိမ်းသတ်ရေး၊ ရေပြင်ရှာဖွေကယ်ဆယ်ရေး၊ ရေပြင်ကူညီကယ်ဆယ်ရေးသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသည့်ဒေသများအတွင်း ခရီးသွားစီးပွားရေးကဏ္ဍမြှင့်တင်ပေးရန်အတွက် ခရီးသည်များလုံခြုံစိတ်ချစွာဖြင့် လည်ပတ်နိုင်မည့်ခရီးစဉ်ဒေသများ ညှိနှိုင်းဖော်ထုတ်တင်ပြသင့်

နေပြည်တော် ဇူလိုင် ၂၃

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၏ **“နိုင်ငံခြားသားခရီးသွားလာမှု ကန့်သတ်ထားသည့်ဒေသများတွင် ဖြေလျှော့မှုများပြုလုပ်ခြင်း၊ အခွင့်အလမ်းများဖော်ဆောင်ပေးခြင်းဖြင့် ဖြေလျှော့ပေးလျက်ရှိသည်များကို ဌာနဆိုင်ရာများသို့ တရားဝင်ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊ သတင်းမီဒီယာများတွင် ကြေညာမှုများဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသည့်ဒေသများ၏ ခရီးသွားစီးပွားရေးကဏ္ဍမြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဝန်ကြီးဌာနသည် နိုင်ငံခြားဧည့်သည်များ သွားရောက်လည်ပတ်ရန်အတွက် လိုင်စင်ရခရီးသွားကုမ္ပဏီများက တင်ပြလာသည့် ခရီးစဉ်များတွင် နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်၊ ထွက်ခွာခွင့်ပါရှိပါက အဆိုပါခရီးစဉ်များ လည်ပတ်ခွင့်ရရှိနိုင်ရန် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အစဉ်အမြဲ ပူးပေါင်းဆောင်ရွက်လျက်ရှိ

ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသော ဒေသများအပါအဝင် မြန်မာနိုင်ငံခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်နိုင်ငံပိုင်သတင်းစာများ၊ Website များတွင် ခရီးသွားလာမှုဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပုဂ္ဂလိကဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအပါအဝင် အခြားသောဆက်စပ်အဖွဲ့အစည်းများမှရရှိသည့် သတင်းအချက်အလက်များကို ဖော်ပြပေးလျက်ရှိသည့်အပြင် မြန်မာနိုင်ငံတစ်ဝန်း သွားလာသင့်သည့်နေရာများကိုလည်း ခရီးသွားအစီအစဉ်တစ်ခုအဖြစ် စီစဉ်တင်ဆက်ပေးလျက်ရှိပါကြောင်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အစဉ်အမြဲပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ၎င်းတို့ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလားအလာကောင်းမွန်ပြီး ခရီးသည်များအတွက် လုံခြုံရေးအာမခံနိုင်သောဒေသများသို့ လည်ပတ်ခွင့်ပြုရေးအတွက် တင်ပြလာသည်များကို စိစစ်ပြီး ဖြေလျှော့ပေးနေမှုများကို မိမိတို့ဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှလည်း အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်အသိပေးလျက်ရှိပါကြောင်းနှင့် ယခုအခါတွင် အသစ်ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ (၂၀၁၈)အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီးဖြစ်ရာ ယင်းကော်မတီများအနေနှင့်လည်း မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသည့် ဒေသများအတွင်း ခရီးသွားစီးပွားရေးကဏ္ဍမြှင့်တင်ပေးရန်အတွက် ခရီးသည်များ လုံခြုံစိတ်ချစွာဖြင့် လည်ပတ်နိုင်မည့် ခရီးစဉ်ဒေသများကို ညှိနှိုင်းဖော်ထုတ်တင်ပြသင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

မင်းကင်း မဲဆန္ဒနယ်မှဦးမောင်မြင့်၏ **“ တောင်ကြီးမြို့နယ်ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကို မည်သည့်အတွက်ကြောင့် ရပ်ဆိုင်းထားရသည်၊ ရှေ့အနာဂတ်တွင် တိုင်းပြည်အတွက် ဆုံးရှုံးမှုမရှိအောင် မည်ကဲ့သို့စီမံဆောင်ရွက်မည်တို့ကို သိလိုခြင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက သံမဏိစက်ရုံစီမံကိန်းများနှင့်ပတ်သက်၍ ပြည်ပပညာရှင်အဖွဲ့၏ လေ့လာသုံးသပ်ချက်အစီရင်ခံစာ (Evoluction Report)ကို နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (NECC) သို့ တင်ပြသွားမည်ဖြစ်ပြီး ယင်းအစီရင်ခံစာအပေါ် NECC က စိစစ်သုံးသပ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း၊ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)စီမံကိန်းကို ၂၀၁၉ ခုနှစ် ဇွန် ၂၂ ရက်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် NECC မှ တာဝန်ရှိသူများရောက်ရှိပြီး စက်ရုံ၏ ပကတိအခြေအနေများကို လေ့လာသုံးသပ်မှုများ ပြုလုပ်ခဲ့ကြပါကြောင်း။

သံမဏိစက်ရုံစီမံကိန်းများအား အကျိုးရှိစေမည့် အစီအမံများဖြင့် ညှိနှိုင်းဆောင်ရွက်သွားမည်

ထို့အတူ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)သို့လည်း သွားရောက်ကာ လေ့လာသုံးသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး သံမဏိစက်ရုံစီမံကိန်းများအား နိုင်ငံတော်အတွက် ဆုံးရှုံးမှုမဖြစ်စေဘဲ အကျိုးရှိစေမည့်အစီအမံများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် စက်မှုဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးမှုစီမံကိန်း(MSDP)

ပြည်ထောင်စုဝန်ကြီး
ဦးအုန်းမောင်

ရွှေကျင်မဲဆန္ဒနယ်မှ
ဦးစောသလေးစော

ပြည်ထောင်စုဝန်ကြီး
ဦးခင်မောင်ချို

မင်းကင်းမဲဆန္ဒနယ်မှ
ဦးမောင်မြင့်

အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ Project Bank သို့ အမှတ် (၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းအပါအဝင် လတ်တလောရပ်ဆိုင်းစက်ရုံများ၏ Proposal များ ပေးပို့ထားရှိပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ လတ်တလောရပ်ဆိုင်း စက်ရုံများစာရင်းတွင်ပါဝင်သည့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)စီမံကိန်းအား မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးမှုစီမံကိန်း (MSDP) အရ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးရှိစေရေးအတွက် လေ့လာသုံးသပ်မှုများပြုလုပ်ကာ NECC ၏ ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် တိုင်းပြည်အတွက် ဆုံးရှုံးမှုမရှိစေရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှချမှတ်သည့် မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **“ မြန်မာနိုင်ငံ သံနှင့်သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းများအဖြစ် JIS ကို ကိုးကား၍ မြန်မာနိုင်ငံရာသီဥတု၊ သဘာဝဘေးအန္တရာယ်တို့နှင့် ကိုက်ညီအောင်ရေးဆွဲပြဋ္ဌာန်းကျင့်သုံးရန် အစီအစဉ်ရှိ၊ မရှိ သိလိုခြင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ရှင်းလင်းပြောကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၏ **“ မင်းလှမြို့နယ်အတွင်းရှိ ပြည်ထဲရေးအမည် မပေါက်သေးသော မစိုးရိမ်ကျေးရွာ၊ စိန်သာယာကျေးရွာ၊ ဟိုင်းယုကျေးရွာ၊ ကြာပင်အိုင်ကျေးရွာ၊ အောင်ဆန်းမြိုင်ကျေးရွာ၊ ကြံတိုင်းအောင် ကျေးရွာ၊ သီဟိုဠ်မြိုင်ကျေးရွာ၊ ရွာသာယာကျေးရွာ (လက်ဆက်အုပ်စု)၊ ချမ်းမြေ့သာယာကျေးရွာ၊ ရွာသာယာကျေးရွာ (ဝက်လှကြီးအုပ်စု)၊ ကျွန်းကုန်းကျေးရွာများအား ပြည်ထဲရေးအမည်ပေါက်အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်း၊ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာ ဦးထွန်းလင်းမော်၏ **“ မြစ်သဲကျောက် ထုတ်ယူခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ စည်းကမ်းဖောက်ဖျက်ခြင်းများအား အရေးယူရာတွင် မော်တော်လုပ်သားများသာမက တာဝန်ခံမှု တာဝန်ယူမှုတို့ဖြင့် မော်တော်ပိုင်၊ ကျောက်လုပ်ငန်းဥက္ကဋ္ဌများကိုပါ စီမံခန့်ခွဲမှုနည်းလမ်း၊ ဥပဒေကြောင်းများနှင့် အရေးယူရန် အစီအစဉ် ရှိ၊ မရှိနှင့် လုပ်ပိုင်ခွင့် အလွဲသုံးစားလုပ်သော ဒေသန္တရအုပ်ချုပ်ရေး အာဏာပိုင်များအား အရေးယူရန် အစီအစဉ် ရှိ၊ မရှိ ”** မေးခွန်း၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **“မြေပုံမြို့နယ်၊ ကုက္ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် မြောက်ဦးခရိုင် စီမံခန့်ခွဲရေးကော်မတီနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တိုက်ရိုက်ဝင်ရောက်၍ အုပ်ချုပ်ရေးမှူးအား တာဝန်မှ ရပ်စဲခြင်း၊ ခန့်အပ်ခြင်းတို့ပြုလုပ်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ သိလိုခြင်း”** မေးခွန်း၊ ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော်၏ **“ကော့သောင်းမြို့တွင် အိမ်ရာမြေကွက်များကို စီမံကိန်းဖြင့် ဖော်ဆောင်နေသူများသည် မိမိတို့ဖော်ဆောင်နေသည့် အိမ်ရာမြေကွက်များကို မည့်သည့်ကာလတွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံမည်ကို သိလိုခြင်း”** မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးက **“စက်မှုဝန်ကြီးဌာန၏ နိုင်ငံတော်ပိုင်စက်ရုံများမှ နိုင်ငံပိုင် စက်ရုံ၊ ပုဂ္ဂလိကပိုင် ပြုလုပ်လိုသည့် စက်ရုံ၊ ပုဂ္ဂလိကပူးပေါင်းထားပြီး စက်ရုံ၊ စက်မှုနယ်မြေနှင့် လတ်တလောရပ်ဆိုင်းထားသော စက်ရုံများအား ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတော်အတွက် အမြန်ဆုံးအကျိုးရှိအောင်ဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်အဆို”** ကိုတင်သွင်းသည်။

စက်ရုံများရပ်ဆိုင်းထားရသဖြင့် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးများ ဖြစ်နေ၊ အလုပ်အကိုင် အခွင့်အလမ်း လျော့နည်း

ယင်းအဆိုတွင် စက်ရုံများကာလကြာမြင့်စွာ ရပ်ဆိုင်းထားရသဖြင့် နိုင်ငံတော်ပိုင်စက်ရုံနှင့် စက်ပစ္စည်းများ ယိုယွင်းပျက်စီးခြင်း၊ ဝန်ထမ်းများ၏ လုပ်ငန်းပိုင်းဆိုင်ရာစွမ်းအားများ၊ စိတ်ဓာတ်ခွန်အားများ လျော့နည်းခြင်း၊ စက်ရုံ၏ ပြင်ဆင်စရိတ်နှင့် ဝန်ထမ်းလစာများ ဆက်လက်ကျခံနေရသဖြင့် နိုင်ငံတော်အတွက် အရှုံးများစွာ ဖြစ်ပေါ်စေခြင်း၊ ကုန်ထုတ်လုပ်မှုစွမ်းအားများကျဆင်းသဖြင့် ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးများ ကျဆင်းခြင်းနှင့် စက်ရုံများရပ်ဆိုင်းထားရသဖြင့် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးများ ဖြစ်နေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း လျော့နည်းခြင်းတို့ကို တွေ့မြင်နေရပါကြောင်း။

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်တွင် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စက်ရုံ ၂၀ နှင့် စီမံကိန်းနှစ်ခုကို ယာယီရပ်ဆိုင်းစေခဲ့ပါကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများက ရပ်ဆိုင်းထားသည့် စက်ရုံများကို ပြန်လည်သုံးသပ်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနလက်အောက်ရှိ PPP Sector သို့ပေးပို့ထားသည်ဟု သိရှိရပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စက်ရုံများအား မည်သို့ဆက်လက်ဆောင်ရွက်မည်ကို နည်းလမ်းရှာဖွေပြီး အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း စသည်ဖြင့်ဆွေးနွေးပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချိုက ရပ်ဆိုင်းထားသည့် စက်ရုံ(၂၄)ရုံအနက် မှန်စက်ရုံ(ပုသိမ်)ကို PPP စနစ်၊ ရော်ဘာပစ္စည်းစက်ရုံ(သဃ်န်းကျွန်း)နှင့် ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)တို့ကို ပုဂ္ဂလိကပိုင်ပြုလုပ်ရန် စီစဉ်လျက်ရှိသည်ဟု သိရပါကြောင်း၊ စက်မှုဝန်ကြီးဌာနသည် နှစ်စဉ်အရှုံးဖြစ်ပေါ်နေသည့်အတွက် နိုင်ငံအတွက် ထိခိုက်နစ်နာမှုနှင့် ဝန်ထုပ်ဝန်ပိုး ဖြစ်နေမှုများနှင့်ပတ်သက်၍ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေစာရင်းများအရ စက်မှုဝန်ကြီးဌာန အရှုံးဖြစ်ပေါ်မှုသည် ၂၀၁၅-၂၀၁၆တွင် ငွေကျပ် ၉၉၄၇၁ သန်း၊ ၂၀၁၆-၂၀၁၇ တွင် ငွေကျပ်သန်း ၉၄၅၅၀၊ ၂၀၁၇-၂၀၁၈ တွင် ငွေကျပ် ၆၆၂၆၆ သန်း၊ ၂၀၁၈ မီနီဘတ်ဂျက်တွင်ငွေကျပ် ၃၂၄၉၉ သန်းဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည့် အတွက် နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုဝန်ကြီးဌာနအောက်တွင်ရှိသည့် စက်ရုံ၊ အလုပ်ရုံများ ဘဏ္ဍာငွေဆက်လက်ဆုံးရှုံးနေမှုများကို ကာကွယ်နိုင်ရန် နိုင်ငံနှင့် ပြည်သူ့အတွက် အကျိုးရှိရှိအမြန်ဆုံးအသုံးချနိုင်အောင် ဆောင်ရွက်ရန် တိုက်တွန်း ပါကြောင်း ဆွေးနွေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အထက်ပါအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်ကသဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေကြမ်း လွှတ်တော်သို့တင်သွင်း

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဒေါက်တာ သန်းဝင်းက **“မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်း”** ကို လွှတ်တော်သို့တင်သွင်းပြီး ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

သတင်း- မော်စီ၊ မွှေးကြူဇင်
ဓာတ်ပုံ-ထန်းဖုန်

စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲနှင့် ပြည်သူလူထုကျန်းမာရေး ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)ကကြီးမှူး၍ စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲနှင့် ပြည်သူလူထုကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၆ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ဩဘာလမ်းနှင့် ကျောက်ရေတွင်းလမ်းထောင့်၊ ရန်ကုန်တိုင်းဒေသကြီးရှိ တာမွေမြို့နယ် အ.ထ.က(၂) တာမွေတွင် ကျင်းပမည်ဖြစ်သည်။

စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲတွင် ပါမောက္ခမျိုးလွင်ငြိမ်း၊ ပါမောက္ခထင်အောင်စော၊ ပါမောက္ခမာမာကြည်နှင့် ပါမောက္ခယဉ်ယဉ်စိုးတို့က ဟောပြောမည်ဖြစ်ပြီး ပြည်သူလူထုကျန်းမာရေးအသိပညာပေးဟောပြောပွဲတွင် ပါမောက္ခထင်အောင်စောက “ရာသီတုပ်ကွေးအကြောင်းသိကောင်းစရာ”၊ ပါမောက္ခမာမာကြည်က “တီဘီနှင့်ဆေးယဉ်ပါးတီဘီရောဂါ အကြောင်းသိကောင်းစရာ”၊ ပါမောက္ခယဉ်ယဉ်စိုးက “သားဆက်ခြားခြင်းသိမှတ်ဖွယ်ရာများ”၊ ဒေါက်တာဝင်းဇော်က “သွေးချို၊ ဆီးချိုရောဂါကာကွယ်ပါ” ခေါင်းစဉ်တို့ဖြင့် ဟောပြောမည်ဖြစ်ကြောင်း၊ ဆရာဝန်အားလုံးနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

ဗထူး

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အဆောက်အဦ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေရရှိရေးနှင့် ကန်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ(၁)ခု ဖတ်ကြားခြင်း၊ ဥပဒေကြမ်း(၁)ခု ဆွေးနွေးခြင်း၊ ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းနှင့် အဆို (၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ် နှာဟရိန်မြို့သောက်သုံးရေရရှိရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နှာဟရိန်မြို့သောက်သုံးရေရရှိရေးလုပ်ငန်းသည် မြို့ရေပေးဝေရေး လုပ်ငန်းဖြစ်သည့်အတွက် တည်ဆောက်ရေးလုပ်ငန်း ကုန်ကျစရိတ်များကို သက်ဆိုင်ရာ ပြည်နယ်အစိုးရ ရန်ပုံငွေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေများမှ ကျခံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း

ဒုတိယဝန်ကြီး ဦးလှကျော်

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် ဖြစ်နိုင်ခြေ ရှိ/မရှိ တိုင်းတာခြင်း၊ JICA Myanmar Office သို့ နည်းပညာအကူအညီများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ညှိနှိုင်းပေးခြင်းများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထန်တလန်မြို့နယ် နှာဟရိန်မြို့သောက်သုံးရေရရှိရေး လုပ်ငန်းကို ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ပေးသွားမည်

ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရေးဆွဲရာတွင် ဦးစားပေး ဆောင်ရွက်သွားရမည့် လုပ်ငန်းများရှိသည့်အတွက် ထန်တလန်မြို့နယ် နှာဟရိန်မြို့သောက်သုံးရေ ရရှိရေးလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထားနိုင်ခြင်း မရှိခဲ့ပါကြောင်း၊ လာမည့် ဘဏ္ဍာရေးနှစ်များတွင် ဒေသန္တရစီမံကိန်းရေးဆွဲရာ၌ လည်းကောင်း၊ ဘဏ္ဍာရန်ပုံငွေလျာထားရာ၌ လည်းကောင်း ထည့်သွင်းလျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာရေးနှစ် အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ရေဦးမြောင်းမတော် လက်တံအဖျားပိုင်းရှိ တောင်သူလယ်သမားများ စိုက်ပျိုးရေ နှစ်စဉ်မရရှိခြင်း** မေးခွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်၏ **မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မုံညင်းအိုင်ကန်အား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍လည်း ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် **အခြေခံပညာရေးဥပဒေကြမ်း**နှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က ဝန်ကြီးဌာန အသီးသီးတွင် လူမှားနေရာမှားများ ဖြစ်နေပါကြောင်း၊ ပြောင်းရွှေ့ရောက်ရှိလာသည့်ဌာနနှင့် သဘောသဘာဝ သက်ဆိုင်ခြင်းမရှိ၊ ကျွမ်းကျင်တတ်သိနားလည်မှုမရှိသည့် ပုဂ္ဂိုလ်များသည် ဝင်ပေါက်အသီးသီးမှ ရောက်ရှိလာပြီး အပေါ်ပိုင်းအဆင့် တာဝန်များကို ရယူကြပါကြောင်း၊ ဌာနတွင် ရှိနေကြသည့် လုပ်သက်ရင့်၊ အတွေ့အကြုံရှိ ဝန်ထမ်းများကို ရာထူးတာဝန် တိုးပေးခြင်းမပြုဘဲ ဒုတိယအဆင့်တွင် ရပ်တန့်ခဲ့ပါကြောင်း၊ ထို့ကြောင့် ကျောင်းသားများ၏ ဘက်စုံပညာရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူမှန်နေရာမှန် တာဝန်ပေးထမ်းဆောင်စေမှသာ ကျောင်းသားများ၏ ဖွံ့ဖြိုးမှု အရပ်ရပ် တိုးတက်လာစေမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

စာမေးပွဲစနစ်တစ်ခု ထားရှိခြင်းအားဖြင့် အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်မှု အကဲဖြတ်ရာတွင် အကျိုးသက်ရောက်မှုရှိလာမည်

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်ဟိန်းက ယခုပညာရေးစနစ်သစ်တွင် KG တန်းမှ Grade-12 အထိ အောင်ချက်များ မည်မျှ ကောင်းစေကာမူ တက္ကသိုလ်ဝင်ခွင့် အောင်မြင်မှုနည်းပါးပါက တိုင်းပြည်အတွက် ပညာတတ်များ အမှန်တကယ် ရရှိနိုင်ပါ့မလားဆိုသည်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အတန်းအလိုက် ပညာတတ်မြောက်မှုသည် ဆရာ၊ ဆရာမများ၏ ဆန်းစစ်ချက်အပေါ်တွင် မူတည်နေပါကြောင်း၊ မိဘများကိုယ်၌ကလည်း သားသမီးများ၏ ပညာရေးကို မျက်ခြည်မပြတ်စောင့်ကြည့်သင့်ပါကြောင်း၊ စာမေးပွဲစနစ်တစ်ခု ထားရှိခြင်းအားဖြင့် အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်မှု အကဲဖြတ်ရာတွင် အကျိုးသက်ရောက်မှုရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၂၀ (ဃ)အား ပယ်ဖျက်ခြင်းမပြုဘဲ မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦးတို့က အခြေခံပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်၊ ဖြည့်စွက်သင့်သည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့် မူလအတိုင်း ထားရှိသင့်သည့် အပိုဒ်အခွဲများကို ဆွေးနွေးကြသည်။

အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးမည့် နေ့ရက်ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာထားသည်။

ငါးမွေးမြူရေးဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်း

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ငါးမွေးမြူရေးဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းပြီး ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း တင်သွင်းထားသည့် **ကျေးလက်နေ အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရန်၊ စီးပွားရေးတွင် တစ်နိုင်တစ်ပိုင်ပါဝင်ရန်၊ နေရပ်စွန့်ခွာ၍ ရေမြေခြား အလုပ်သွားလုပ်ခြင်းကို လျှော့ချ နိုင်ရန်နှင့် အမျိုးသမီးများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန်၊ အိမ်တွင်း စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရန် အသိပေးခြင်း၊ နည်းပညာပေးခြင်း၊ ရင်းနှီးရန်ပုံ ငွေကြေးရှာဖွေပေးခြင်း၊ ကုန်ကြမ်းကို ဒေသထွက်အဖြစ် ဖော်ထုတ်ပေးခြင်း၊ ဈေးကွက် ဖော်ဆောင်ပေးခြင်း၊ ဈေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနများစုပေါင်း၍ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားများက ဆွေးနွေးကြသည်။

နိုင်ငံတော်အနေဖြင့် တစ်ပိုင်တစ်နိုင် အိမ်တွင်းမှုလုပ်ငန်းများကို နည်းပညာပံ့ပိုးပေးခြင်း၊ အရင်းအနှီးရန်ပုံငွေရှာဖွေပေး

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်က ပြည်ပနိုင်ငံများသို့ အလုပ်သွားရောက်လုပ်ကိုင်ကြသည့်အတွက် မြန်မာနိုင်ငံတွင် အရွယ်ရောက်ပြီး အလုပ်လုပ်နိုင်သည့်သူ တစ်နေ့တခြား နည်းပါးနေပါကြောင်း၊ လယ်ယာ

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်ဟိန်း

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း

လုပ်ငန်းခွင်တွင် လုပ်သားရှားပါးမှု အခက်အခဲ ကြုံတွေ့နေရပါကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်ပိုင်တစ်နိုင် အိမ်တွင်းမှုလုပ်ငန်းများကို နည်းပညာပံ့ပိုးပေးခြင်း၊ အရင်းအနှီး ရန်ပုံငွေရှာဖွေပေးခြင်း၊ ကုန်ကြမ်းပံ့ပိုးပေးခြင်း၊ ဈေးကွက်ဖော်ဆောင်ပေးခြင်းနှင့် ဈေးကွက်တည်ငြိမ်အောင် ဆောင်ရွက်ပေးမည်ဆိုပါက စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးက ကျေးလက်ဒေသ အမျိုးသမီးများ၏ဘဝကို စုပေါင်းအားဖြင့် ဝန်းဝိုင်းကူညီရန် လိုအပ်ပါကြောင်း၊ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သွားနေကြသည့် အခြေအနေမှ ခေတ်သစ်နည်းပညာများဖြင့် လမ်းပြကူညီရန်လိုအပ်ပါကြောင်း၊ လုပ်ငန်းအဖွဲ့အစည်းများ ဖွဲ့စည်းပေးရန်နှင့် လုပ်ငန်းအလိုက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို ဈေးနှုန်းမှန်မှန်ကန်ကန်ဖြင့် လွယ်ကူစွာ ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးညီစိန်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်းနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်တို့က အဆိုနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၁၆)ဦး အမည်စာရင်းတင်သွင်းထားပြီး လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးမည့်နေ့ရက်ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဇူလိုင် ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လူကျော်(သတင်းစဉ်)

နော်ဝေနိုင်ငံမှ မြန်မာနိုင်ငံကို ပညာရေးနှင့်ပတ်သက်ပြီး တိုးမြှင့်ကူညီရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၃

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး Ms. Tone Tinnes နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် လွှတ်တော်ရေးရာဆောင် (I-5) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် နော်ဝေနိုင်ငံတို့၏ တိုးတက်ကောင်းမွန်သောနှစ်နိုင်ငံဆက်ဆံရေး၊ နှစ်နိုင်ငံလွှတ်တော်များ အပြန်အလှန်လေ့လာရေးနှင့် ချစ်ကြည်ရေးဆက်ဆံမှုတိုးမြှင့်ရေး၊ နော်ဝေနိုင်ငံက ပေးအပ်လျက်ရှိသော သယံဇာတစီမံခန့်ခွဲမှုနှင့် ပတ်သက်သောအကူအညီများ၊ မြန်မာနိုင်ငံနှင့် နော်ဝေနိုင်ငံတို့တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရင်ဆိုင်နေရသော ပြဿနာများနှင့် ပူးပေါင်းအဖြေရှာရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံကို ပညာရေးနှင့်ပတ်သက်ပြီး တိုးမြှင့်ကူညီရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်း စွာဆွေးနွေးကြသည်။

သတင်းစဉ်

မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၃

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။ နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် ၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မိုး/၉လ

(၄၅)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ် ၂၀၂၀ အောင်မြင်စွာကျင်းပနိုင်ရေး ပထမအကြိမ်အကြိုညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၂၃
မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးများနှင့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်ကို အဖွဲ့ဝင်နိုင်ငံများတွင် အလှည့်ကျကျင်းပလျက်ရှိရာ (၄၅) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ် ၂၀၂၀ ကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ပုဂံမြို့တွင် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ခရီးသွားတိုးတက်ရေးအထောက်အကူပြု

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မဲခေါင်ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးများကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် (၇) ကြိမ်တိုင်တိုင် လက်ခံကျင်းပခဲ့သော်လည်း မဲခေါင်ခရီးသွားလုပ်ငန်း ဖိုရမ်ကိုမူ လာမည့်နှစ်အပါအဝင် နှစ်ကြိမ်သာ လက်ခံကျင်းပရသေးကြောင်း၊ ယခုအကြိမ်တွင် ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်သော ပုဂံမြို့၌ ကျင်းပသွားမည်ဖြစ်ပြီး ပုဂံအား လတ်တလောတွင် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ခုအဖြစ် ရွေးချယ်ခြင်း ခံထားရသည်အတွက် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ် - ၂၀၂၀ ကို လက်ခံကျင်းပနိုင်ခြင်းသည် မြန်မာနိုင်ငံ၏ ခရီးသွားပုံရိပ်ကို နိုင်ငံတကာ ခရီးသွားများအကြား မြှင့်တင်နိုင်ရုံသာမက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သော ပုဂံမြို့၏ ခရီးသွားဖွံ့ဖြိုးတိုးတက် ရေးအတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် ဝန်ကြီးဌာနအနေဖြင့် ဝမ်းမြောက်ပါကြောင်း။

ခရီးသွားပုံရိပ်မြှင့်တင်ရန် အခွင့်အလမ်း

အဆိုပါဖိုရမ်သို့ နိုင်ငံတကာမီဒီယာများမှလည်း လာရောက်သတင်းယူနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားပုံရိပ်ကို မြှင့်တင်ရန် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများအနေဖြင့်လည်း အဆိုပါ အစည်းအဝေးနှင့် ဖိုရမ်အား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ပြီး မဲခေါင်ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးမှူးရုံး (Mekong Tourism Coordinating Office- MTCO) မှ အမှုဆောင်ဒါရိုက်တာ Mr. Jens Thraenhart ဦးဆောင်သောအဖွဲ့က မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီး ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

(၄၅) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ် ၂၀၂၀ ပုဂံမြို့တွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

ကမ္ဘာသို့ မြှင့်တင်ကြော်ငြာနိုင်မည်ဖြစ်

အဆိုပါ မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်အား ၂၀၂၀ ပြည့်နှစ် မေလပထမပတ်အတွင်း ပုဂံမြို့တွင် ကျင်းပသွားရန် ကနဦးဆုံးဖြတ်ခဲ့ကြပြီး ယင်းဖိုရမ်အား ပုဂံမြို့တွင် ကျင်းပခြင်းဖြင့် ကမ္ဘာ့အမွေအနှစ်အဖြစ် UNESCO မှ အသိအမှတ်ပြုထားရှိသည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား မဲခေါင်ဒေသတွင်း၌သာမက ကမ္ဘာသို့မြှင့်တင်ကြော်ငြာနိုင်မည်ဖြစ်သည်။

ဒုတိယအကြိမ်မြောက် လက်ခံကျင်းပ

၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးသည် မြန်မာနိုင်ငံအနေဖြင့် (၇) ကြိမ်မြောက် အိမ်ရှင်အဖြစ် လက်ခံ ကျင်းပမည့် အစည်းအဝေးဖြစ်ပြီး မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်မှာ ဒုတိယအကြိမ်မြောက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဖိုရမ်ဖြစ်ပါကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များ၏ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၃
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ ကိုယ်စားလှယ်များအား ယနေ့နံနက် ၁၀ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းအစဉ်အလာများ မည်သို့ပင်ကွဲပြားခြားနားကြသော်လည်း တိုင်းရင်းသားအားလုံး တစ်ရေတည်းသောက် တစ်ခရီးတည်းသွားကြသူများပီပီ တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်ရင်းနှမကဲ့သို့ အချင်းချင်း ချစ်ချစ်ခင်ခင် ရိုင်းပင်းကူညီကြမည်၊ တစ်ဦး၏ ရိုးရာဓလေ့ကို တစ်ဦးက လေးစားကြမည်၊ မရှိအတူ ရှိအတူ အေးအတူ ပူအမျှ မိသားစုစိတ်ဓာတ်များ မွေးမြူကြမည်၊ တစ်ဦးအခက်အခဲပြဿနာကို တစ်ဦးက ဝိုင်းဝန်းဖြေရှင်းပေးကြမည်ဆိုပါက ပြည်ထောင်စုကြီးသည် ရေရှည်တည်တံ့ခိုင်မြဲပြီး အေးချမ်းသာယာမှုရှိမည် ဖြစ်ပါကြောင်း။

တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးကိုသာ အမှန်တကယ် ဖြစ်စေချင်သည်မှာ နိုင်ငံတော်၏ စေတနာအမှန်ဖြစ်ပါကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအကျဆုံးမှာ နယ်မြေအေးချမ်းသာယာရေးပင်ဖြစ်ပါကြောင်း၊ နယ်မြေဒေသတစ်ခုသည် တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေး ကင်းမဲ့သွားမည်ဆိုပါက ဒေသခံများ၏ အသက်အိုးအိမ်စည်းစိမ်သည် လုံခြုံမည်မဟုတ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိပါက ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ခေတ်နောက်ကျ ကျန်ခဲ့မည်ဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အရေးအကြီးဆုံးဖြစ်သည့် ငြိမ်းချမ်းရေးရရှိရေးသည် အထူးလိုအပ်နေပြီး တိုင်းရင်းသားများအားလုံးက ပူးပေါင်းပါဝင်ရန် တာဝန်ရှိကာ ဝိုင်းဝန်း ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက အမှာစကားပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က တတိယအကြိမ် နေပြည်တော်လေ့လာရေးခရီးစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကယားပြည်နယ်မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များကိုယ်စား ဦးခွန်သာဒူးဦးနှင့် ချင်းပြည်နယ်မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များကိုယ်စား ဦးဇိုပဲန်းတို့က မိတ်ဆက်စကားပြောကြားပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ ကိုယ်စားလှယ်များအား တွေ့ဆုံစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် လေ့လာရေးအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယခုလေ့လာရေးခရီးစဉ်သို့ ကယားပြည်နယ်ရှိ ကယား၊ ကယန်းကခေါင်း၊ ကယန်း ကဲဒြေ၊ ကယန်းလထာ၊ ကယန်းယင်းဘော်၊ ကယော၊ ဂေဘား၊ မနုမနော၊ ကော်ယော်၊ ရှမ်း၊ ပအိုဝ်း၊ ကရင်၊ ဗမာနှင့် ယင်းတလဲ အစရှိသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း အဖွဲ့ ၁၃ ဖွဲ့မှ အဖွဲ့ဝင်ကိုယ်စားလှယ် ၅၅ ဦးနှင့် ချင်းပြည်နယ်ရှိဟားခါးချင်း၊ မရာ၊ ဖလမ်း၊ ဟွာငို၊ ဇိုမီး၊ ဆီးယင်း၊ တွန်းဇံ၊ မတူပီ၊ မတူဗိုတုန်၊ ချိုး၊ ကာဏ်၊ ဒိုင် အစရှိသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၃ ဖွဲ့မှ ကိုယ်စားလှယ် ၅၂ ဦး စုစုပေါင်း ၁၀၇ ဦး လာရောက်လေ့လာကြကြောင်း သိရသည်။

လေ့လာရေးအဖွဲ့သည် နေပြည်တော်ရှိ Junction ဈေးဝယ်စင်တာ၊ ရေပန်းဥယျာဉ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)၊ ဗုဒ္ဓဂယာ၊ မဟာသကျရံသီ၊ ဥပ္ပါတသန္တိ၊ ငလိုက်ဆည်ဆင်စခန်း၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ လွှတ်တော်၊ အမျိုးသားပြတိုက်၊ ကျောက်မျက်ပြတိုက်များသို့ ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ လေ့လာသွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၃
နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဧလ**

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေများကို ခေတ်စနစ်နှင့် ဆီလျော်မှုရှိစေရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိရာ အဆိုပါ ကော်မတီ၏ ဆောင်ရွက်ချက်များကို လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်-

(စာတည်း)

ပြည်သူ့အကျိုးအတွက် ပြည့်စုံမျှတ ကောင်းမွန်သော ဥပဒေများ ပေါ်ထွန်းလာစေရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ရှင်မင်း

ပြည်သူ့မျက်နှာကိုရှေးရှုပြီး ပြည်သူ့အကျိုးအတွက် ပိုမိုပြည့်စုံမျှတ ကောင်းမွန်သော ဥပဒေများ ပေါ်ထွန်းလာစေရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ မျှော်လင့်ချက်၊ လိုအပ်ချက်များကို ဖော်ဆောင်ပေးသော အစိုးရ၏ မူဝါဒနှင့် ကိုက်ညီသည့်အပြင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေများကို ခေတ်စနစ်နှင့် ဆီလျော်မှုရှိစေရေးအတွက် ရည်မှန်းဆောင်ရွက်နေသည်။

နိုင်ငံနဲ့ပြည်သူအားလုံးအတွက် အကျိုးရှိအောင်

"ဥပဒေကြမ်းတွေ ပြုစုတာ ကြာလိုက်တာဆိုပြီး ပြောကြတာ ရှိပါတယ်။ ဥပဒေပြုတယ်ဆိုတာ နိုင်ငံနဲ့ ပြည်သူအားလုံးအတွက် အကျိုးရှိအောင်၊ အကာအကွယ်ဖြစ်အောင် ဆောင်ရွက်ရတာဖြစ်တဲ့အတွက် သေချာစိစစ်ရပါတယ်။ ဆွေးနွေးရုံတင် မဟုတ်ဘူး။ လက်တွေ့ကွင်းဆင်းပြီး သေချာစိစစ်ရတာတွေလည်း ရှိပါတယ်။ ဒီလိုဆွေးနွေးရာမှာလည်း ပြည်သူတွေ အမြင်၊ ကဏ္ဍပေါင်းစုံက သူတွေရဲ့အမြင်အားလုံး ပါဝင်အောင် ဆွေးနွေးကြရတာဖြစ်ပါတယ်"ဟု ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပြောကြားသည်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေပြုရေးလုပ်ငန်းများ၌ စိန်ခေါ်မှု အမျိုးမျိုးကြုံတွေ့နေရသော်လည်း တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲများ မထားဘဲ မျှတသော ဥပဒေ၊ အကျိုးဖြစ်ထွန်းသော ဥပဒေများ ပေါ်ပေါက်ရေး အားထုတ်ကြိုးပမ်းလျက်ရှိသည်။

အမြင်တချို့ကို လျစ်လျူရှု

"ဥပဒေကြမ်း ရေးဆွဲတဲ့အခါ ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲတွေမထားဘဲ မျှတအောင် ရေးဆွဲရတာပါ။ တစ်ခါတလေ ပြည်သူတွေအတွက် အကျိုးရှိစေမယ့် ဥပဒေကြမ်းတွေ ရေးဆွဲတဲ့အခါ ပြည်သူ့အတွက် ရှေးရှုပြီး အမြင်တချို့ကို လျစ်လျူရှုရပါတယ်"ဟု ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက ဆိုသည်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကို ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅၊ ပုဒ်မခွဲ (က) အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ဖြစ်သည့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်း

"ဥပဒေကြမ်းကော်မတီမှာ ဆောင်ရွက်ဆဲ ဥပဒေကြမ်း (၁၄) ခု ရှိပါတယ်။ ဒီဥပဒေကြမ်းတွေကတော့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်း၊ မြန်မာနိုင်ငံဆေးပညာရပ်များဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်း၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်း၊ တိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း၊ စက်မှုဇုန်ဥပဒေကြမ်း၊ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်း၊ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်း၊ ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်း၊ အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေကြမ်း၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ရေချိုငါးလုပ်ငန်း ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းတွေ ဖြစ်ပါတယ်"ဟု ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးများ ဆက်လက်ဆောင်ရွက်မည်

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ဆောင်ရွက်ဆဲ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဆွေးနွေးနိုင်ရန် စီစဉ်ထားပြီးဖြစ်ကာ ကော်မတီတွင် ညှိနှိုင်းအစည်းအဝေးများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါကော်မတီမှ သိရသည်။

ဥပဒေကြမ်းကော်မတီအနေဖြင့် ဥပဒေကြမ်းများကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ (၁၂) ချက်နှင့်အညီ စိစစ်ရကြောင်း သိရသည်။

"ဒီအခြေခံမူ ၁၂ ချက်က ဘာတွေလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ- မရှိ၊ နိုင်ငံတော်က ချမှတ်ထားသောမူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှု ရှိ-မရှိ၊ နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီးကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ-မရှိ၊ နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့် အချက်များ ပါဝင်ခြင်း ရှိ-မရှိ၊ နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ-မရှိ၊ အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ- မရှိ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုထိခိုက် ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများပါဝင်ခြင်း ရှိ-မရှိ ဆိုတဲ့ အချက်တွေနဲ့အညီ စိစစ်ရပါတယ်။

> ❝ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေပြုရေးလုပ်ငန်းများ၌ စိန်ခေါ်မှုအမျိုးမျိုး ကြုံတွေ့နေရသော်လည်း တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲများ မထားဘဲ မျှတသော ဥပဒေ၊ အကျိုးဖြစ်ထွန်းသော ဥပဒေများ ပေါ်ပေါက်ရေး အားထုတ်ကြိုးပမ်းလျက်ရှိ ❞

"ပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုနှင့် အစိုးရအဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာနအဖွဲ့အစည်းတစ်ခုနှင့် တစ်ခု၏ လုပ်ပိုင်ခွင့်များ ရောထွေးခြင်း ရှိ-မရှိ၊ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရ ရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်း ရှိ-မရှိနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးခြင်း ရှိ-မရှိ၊ သက်ဆိုင်ရာ ဥပဒေကြမ်းနှင့် သက်ဆိုင်သော မူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ-မရှိ၊ ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အခြေအနေ ရှိ-မရှိ၊ ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်း ရှိ-မရှိ ဆိုတဲ့ အချက်တွေကိုလည်း စိစစ်ရပါတယ်"ဟု ကော်မတီ ဥက္ကဋ္ဌက ဆိုသည်။

ကော်မတီ၏ ဥပဒေပြုလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ အတွင်းရေးမှူး ဦးကျော်စိုးလင်း က "ဥပဒေကြမ်းတစ်ခုကို တင်သွင်းတဲ့နေရာမှာ ဝန်ကြီးဌာန သို့မဟုတ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုရဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်တစ်ဦးက တင်သွင်းခွင့်ရှိပါတယ်။ လွှတ်တော်ကော်မတီများကလည်း တင်သွင်းခွင့်ရှိပါတယ်။ ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီကလည်း ဥပဒေကြမ်းကို တင်သွင်းခွင့်ရှိပါတယ်။

မဲခွဲဆုံးဖြတ်စရာမလိုဘဲ ဆွေးနွေးလို့ရ

"ကျွန်တော်တို့ ကော်မတီအနေနဲ့ ဥပဒေကြမ်းတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ရာမှာ ဝန်ကြီးဌာနက ဥပဒေကြမ်း တင်သွင်းလာပြီဆိုရင် ပြည်ထောင်စုလွှတ်တော် နာယကဆီကို လိပ်မူပြီး ပေးပို့ရပါတယ်။ ပြည်ထောင်စုလွှတ်တော် နာယကကနေ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကို ခွဲဝေပေးပါတယ်။ တကယ်လို့ ပြည်သူ့လွှတ်တော်မှာ ဥပဒေကြမ်းတွေများနေရင် အမျိုးသားလွှတ်တော်ကို ခွဲဝေပေးပါတယ်။ အလားတူပဲ အမျိုးသားလွှတ်တော်မှာ ဥပဒေကြမ်းတွေများနေရင်လည်း ပြည်သူ့လွှတ်တော်ကို ခွဲဝေပေးပါတယ်။ ဒီလိုခွဲဝေပေးပြီးတော့ စတင်ဆွေးနွေးစေပါတယ်။ ဒီလိုဆွေးနွေးတဲ့အခါ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက တင်တာပဲဖြစ်ဖြစ်၊ သက်ဆိုင်ရာကော်မတီက တင်တာပဲဖြစ်ဖြစ် ပြည်သူ့လွှတ်တော်ကို ရောက်ရှိလာတဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး လွှတ်တော်ကို အစီရင်ခံစာ တင်သွင်းနိုင်ဖို့ ဥပဒေကြမ်းကော်မတီမှာ အစည်းအဝေးစတင်လုပ်ပြီးတော့ ပထမဆုံး ဆွေးနွေးကြပါတယ်။ မဲခွဲဆုံးဖြတ်စရာမလိုဘဲ ဒါက ဆွေးနွေးလို့ရတယ်။

"တကယ်လို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဥပဒေကြမ်းတစ်ခုကို တင်သွင်းတယ်ဆိုရင်တော့ တခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးရပါတယ်။ ဒီလိုဆွေးနွေးတဲ့အပေါ်မှာ လွှတ်တော်က လက်ခံလျှင်သော်လည်းကောင်း၊ ကန့်ကွက်မှုရှိလျှင် လွှတ်တော်မှာ မဲခွဲဆုံးဖြတ်ပြီးတော့ ထောက်ခံမဲ ငါးဆယ်ရာခိုင်နှုန်း ကျော်တယ်ဆိုလျှင်သော်လည်းကောင်း အဲဒီဥပဒေကြမ်းကိုလွှတ်တော်မှာ စတင်ဆွေးနွေးခွင့်ရှိပါတယ်။

"ဒီလိုဆွေးနွေးတဲ့အခါမှာ ပြည်သူ့လွှတ်တော်က စတင်ဆွေးနွေးတယ်ဆိုရင် အစီရင်ခံစာတင်ဖို့အတွက် ဥပဒေကြမ်းကော်မတီမှာ စတင်ဆွေးနွေးကြပါတယ်။ အစီရင်ခံစာတင်တဲ့နေ့မှာ လွှတ်တော်ကိုယ်စားလှယ်က တင်သည်ဖြစ်စေ၊ ကော်မတီက တင်သည်ဖြစ်စေ၊ ဝန်ကြီးဌာနက တင်သည်ဖြစ်စေ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရပါတယ်။ ဥပဒေကြမ်း

စာမျက်နှာ ၁၁ သို့

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ငလိုက်နှင့်ဆင်သေရေလှောင်တမံများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် နေပြည်တော်ကောင်စီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ငလိုက်ရေလှောင်တမံနှင့် နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ဆင်သေရေလှောင်တမံများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် တာဝန်ရှိသူများသည် ငလိုက်ရေလှောင်တမံ ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က ငလိုက်ရေလှောင်တမံနှင့် ဆက်စပ် ရေအားအဆောက်အဦတို့၏ လက်ရှိကြံ့ခိုင်မှုအခြေအနေ၊ ထိန်းသိမ်းပြုပြင် ဆောင်ရွက်ထားရှိမှုနှင့် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုဆိုင်ရာ စီမံချက် (Emergency Preparedness Plan - EPP) တို့ကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ညွှန်ကြားခဲ့ပြီး ငလိုက်ပင်မတမံနှင့် ရေပိုလွှဲကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများသည် နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ဆင်သေရေလှောင်တမံ ရှင်းလင်းဆောင်သို့ ဆက်လက်ရောက်ရှိလာခဲ့ရာ နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ဆင်သေရေလှောင်တမံနှင့် ဆက်စပ်ရေအားအဆောက်အဦတို့၏ လက်ရှိကြံ့ခိုင်မှုအခြေအနေ၊ ထိန်းသိမ်းပြုပြင် ဆောင်ရွက်ထားရှိမှုနှင့် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုဆိုင်ရာ စီမံချက် (Emergency Preparedness Plan - EPP) များအား ဆက်လက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ရေပိုလွှဲ၊ ရေထုတ်ပြွန်များအား ကြည့်ရှုစစ်ဆေး၍ ကြံ့ခိုင်မှုအခြေအနေများကို အမြဲမပြတ်စောင့်ကြည့်စစ်ဆေးရန်၊ ထိန်းသိမ်းပြုပြင်မှု အစီအမံများကို စနစ်တကျ ဆောင်ရွက်ရန် ရှင်းလင်းမှာကြားခဲ့ပြီး လက်ဝဲမြောင်းမကြီး (RD-0 မှ ၁၄၀၀၀ အထိ) ADSP လုပ်ငန်း ဆောင်ရွက်မှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆင်သေ ရေလှောင်တမံသည် ဇုန်မြေသားတမံဖြစ်ပြီး တမံအမြင့် ၁၀၉ ပေ၊ အလျား ပေ ၁၃၅၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၁၄၃၀၉၀ ဧကပေ၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၁၁၀၀၀၀ ဧကပေ၊ နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၃၄ လက်မ၊ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ၆၆၇၁.၁၄ ဧက၊ ကန်ရေသေပမာဏ ၁၇၃၀၃ ဧကပေရှိပြီး နွေစပါး၊ မိုးစပါးများအတွက် နှစ်စဉ်စိုက်ပျိုးရေပေးဝေနိုင်ကြောင်း သိရသည်။

တင်စိုးလွင်

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မေလအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် ဇူလိုင် ၂၃

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ မေလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၃၁ ဒသမ ၂၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၆၈ ဒသမ ၇၆ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၉၉ ဒသမ ၉၇ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၀၅ ဒသမ ၅၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၀၂ ဒသမ ၁၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၀၇ ဒသမ ၆၅ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ မေလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃၀၇ ဒသမ ၆၂ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၀၇ ဒသမ ၆၈ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မေလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀၈၉ ဒသမ ၅၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၁၃၇ ဒသမ ၈၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၂၂၇ ဒသမ ၄၂ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၀၁၅ ဒသမ ၈၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၉၅ ဒသမ ၅၂ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၁၁၁ ဒသမ ၄၀ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မေလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၃၃၃၈ ဒသမ ၈၂ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၈၈၃ ဒသမ ၉၈ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရသည်။

သတင်းစဉ်

မတ္တရာမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် အခြေခံပညာကျောင်း ၆၇ ကျောင်း ယာယီပိတ်ထား

မတ္တရာ ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းဧရာဝတီမြစ်ရေဝင် ရောက်လာမှုကြောင့် အခြေခံပညာကျောင်းများမှာ ဇူလိုင် ၂၂ ရက်ထိ ၅၈ ကျောင်း ယာယီပိတ်ထားခဲ့ပြီး ဇူလိုင် ၂၃ ရက်မှစ၍ စာသင်ကျောင်းကိုးကျောင်း ထပ်မံပိတ်ခဲ့ရသဖြင့် စုစုပေါင်း ၆၇ ကျောင်း ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှသိရသည်။

ယာယီပိတ်ထားရ

မြစ်ရေဝင်ရောက်မှုကြောင့် ထပ်တိုး၍ ယာယီပိတ်ထားရသော စာသင်ကျောင်းကိုးကျောင်းမှာ မူလွန် (သဖန်းဒေါင့်)၊ အမက(ကြိမ်တော)၊ မူလွန် (စွန်းလွန်း)၊ အမက(သပြေသာ-၂)၊ အမက (သမင်ခြံ-၁)၊ မူလွန်(ဆူးကား)၊ အမက (ဆင်ရွာလေး)၊ အမက (ကွဲခြံကုန်း)၊ အမက (ဒံဂါးကျွန်း) ကျောင်းတို့ဖြစ်ကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

ငါးသိုင်းချောင်းမြို့တွင် မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်တစ်လုံး အချိန်မီပြောင်းရွှေ့

ငါးသိုင်းချောင်း ဇူလိုင် ၂၃

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ကွင်းလျားကျေးရွာအုပ်စု ကွင်းပေါက်ကျေးရွာတွင် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်က ငဝန်မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပေါ်လျက်ရှိရာ အဆိုပါကျေးရွာမြစ်ကမ်းပါးအနီးရှိ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ်တစ်လုံးမှာ ကမ်းပြိုအန္တရာယ်နီးကပ်လာသဖြင့် သက်ဆိုင်ရာကျေးရွာတာဝန်ရှိသူများက အချိန်မီပိုင်းဝန်း ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် လူ၊ တိရစ္ဆာန် အသက်အန္တရာယ်နှင့် အခြားထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိဘဲ ပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စုတစ်စုရှိ လူဦးရေကိုးဦးကို ကျေးရွာ အတွင်းရှိ ဘေးလွတ်ရာ ဆွေမျိုးသားချင်းများ၏ နေအိမ်တွင် ယာယီပြောင်းရွှေ့နေထိုင်ရန် နေရာချထားကြောင်း သိရသည်။

စိုးမင်းဦး(ပြန်/ဆက်)

စာမျက်နှာ ၁၀ မှ

ကော်မတီကလည်း အစီရင်ခံစာတင်ရပါတယ်။ ဒီနှစ်ခုကို ယှဉ်တွဲပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေက ပြင်ဆင်ချက်တွေရှိရင် အမည်စာရင်းပေးပြီး ဥပဒေကြမ်းကော်မတီမှာ ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ပြီး လွှတ်တော်မှာ တင်သွင်းအတည်ပြုပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ ဒီလို အတည်ပြုဆွေးနွေးပြီးသွားရင် အမျိုးသားလွှတ်တော်ကို ပေးပို့ပါတယ်။

"အမျိုးသားလွှတ်တော်မှာလည်း ကျွန်တော်တို့ ဆွေးနွေးတဲ့ လုပ်ငန်းစဉ်တွေအတိုင်း ဆွေးနွေးပါတယ်။ ဒီလိုဆွေးနွေးရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ ဆွေးနွေးချက်က ကွဲလွဲမှုမရှိရင် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ပြီးတော့ ဆွေးနွေးစရာမလိုတော့ဘဲ နိုင်ငံတော်သမ္မတထံ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်နာယကက တိုက်ရိုက်ပို့ခွင့်ရှိပါတယ်။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ရဲ့ ဆွေးနွေးချက်က ကွဲလွဲမှုရှိရင်တော့ ပြည်ထောင်စုလွှတ်တော်မှာ ထပ်ပြီးဆွေးနွေးရပါတယ်။

လွှတ်တော်ကို အစီရင်ခံစာ တင်ရ

"ပြည်ထောင်စုလွှတ်တော်မှာ ဥပဒေကြမ်းပူးပေါင်းကော်မတီရှိပါတယ်။ ဒီကော်မတီမှာ ပြည်သူ့လွှတ်တော်က ခုနစ်ဦး၊ အမျိုးသားလွှတ်တော်က ခုနစ်ဦးနဲ့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါတယ်။ လုပ်ငန်းစဉ်ကတော့ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်တို့ အတိုင်းပါပဲ။ လွှတ်တော်ကို အစီရင်ခံစာတင်ရပါတယ်။ လွှတ်တော်မှာ ကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးပြီးသွားရင် နိုင်ငံတော်သမ္မတထံ ပို့ရပါတယ်"ဟု ပြောပြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေးပြီး အတည်ပြုနိုင်သည့် ဥပဒေကြမ်း ၇၆ခု၊ အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် အတည်ပြုနိုင်သည့် ဥပဒေကြမ်း ၄၆ ခု စုစုပေါင်း ၁၂၂ ခု ရှိကြောင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ သိရသည်။

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ ညှိနှိုင်းအစည်းအဝေးများ ကျင်းပစဉ်။ ဓာတ်ပုံ-ထိန်နန်နေ

အမျိုးသားလွှတ်တော်က စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်း၊ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းတို့ကို ကော်မတီမှ ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရသည်။ ။

❂ ကျောဖုံးမှ

ဗိုလ်လုပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တတိယဆုရ သန်လျင်မြို့နယ်အသင်း၊ ဒုတိယဆုရ မြောက်ဥက္ကလာပအသင်း၊ ပထမဆုရ ခရမ်းမြို့နယ်အသင်းတို့အား အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လက်ရွေးစင်အသင်းနည်းပြချုပ် ဦးသန်းတိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုး၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်တို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ပေးကြသည်။

ဆက်လက်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမောင်မောင်စိုးက အကောင်းဆုံးရှေ့တန်း၊ အလယ်တန်း၊ ဂိုးသမားအားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရသူတို့အား ဆုများချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အနိုင်ရဗိုလ်စွဲသွားသော ခရမ်းမြို့နယ်အသင်းအား ငွေကျပ်သိန်း ၂၀ နှင့် ချန်ပီယံဆုဖလား ပေးအပ်ချီးမြှင့်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ခရမ်းမြို့နယ်အသင်းအား ဆုဖလားချီးမြှင့်စဉ်။

သတင်းနှင့်ဓာတ်ပုံ-အာကာလင်း

မလေးရှားဖိတ်ခေါ် တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ရွှေ၊ ငွေဆုတံဆိပ်ရ မြန်မာအဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၃

မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော သန်လျင်တိုက်ကွမ်ဒို ကလပ်မှ အားကစားသမားများ ဇူလိုင် ၂၂ ရက် ညနေ ၄ နာရီက အသင်းအုပ်ချုပ်သူ ဦးစိုးကြည်၊ နည်းပြ ဦးဇော်ထွန်းအောင်နှင့် ကစားသမားလေးဦးတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါအဖွဲ့အား သန်လျင် တိုက်ကွမ်ဒိုကလပ်မှ တာဝန်ရှိသူများ၊ သန်လျင်အထက(၁) မိဘဆရာကျောင်းအကျိုးဆောင်အဖွဲ့ နာယက ဦးတင်ဝင်း၊ ဥက္ကဋ္ဌ ဦးမောင်မောင်တိုးနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီသန်းနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများက ကြိုဆိုနှုတ်ဆက်ကြသည်။

မလေးရှားဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်တိုက်ကွမ်ဒိုပြိုင်ပွဲတွင် သန်လျင်ဂျမားအထကမှ မမေမြတ်နိုးဦးက ရွှေတံဆိပ်၊ သန်လျင်အထက(၁)မှ မောင်ပြည့်ဖြိုးကျော်က ငွေတံဆိပ်ရရှိခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

အင်းစိန်မြို့နယ်၌ ကွန်ပျူတာပန်းချီ၊ ခဲပန်းချီပုံတူ၊ ဆေးရောင်စုံပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် အမြင်သစ်စာကြည့်တိုက်တွင် ဇူလိုင် ၂၁ ရက်က စာကြည့်တိုက်ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ကွန်ပျူတာပန်းချီ၊ ခဲပန်းချီပုံတူ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမြင်သစ်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအုန်းရွှေက အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဦးကျော်သိန်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ၊ အလယ်တန်းအဆင့် ခဲပန်းချီပြိုင်ပွဲနှင့် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများနှင့် အထူးဆုရရှိကြသူများကို အမြင်သစ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဉာဏ်လင်း

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပ

စစ်ကိုင်း ဇူလိုင် ၂၃

၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို စစ်ကိုင်း နှစ် ၇၀၀ ပြည့် အားကစားကွင်း၌ ယနေ့ ညနေ ၃ နာရီခွဲက စစ်ကိုင်းတက္ကသိုလ်မှ အိမ်ရှင်အဖြစ် ဦးဆောင်၍ ကျင်းပရာ ဖွင့်ပွဲသို့ စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဇော်ဝင်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသူများ၊ ဘောလုံးအားကစားဝါသနာရှင် ပရိသတ်များ တက်ရောက်ကြသည်။

စစ်ကိုင်းပညာရေးတက္ကသိုလ်အသင်းနှင့် စစ်ကိုင်းပညာရေးကောလိပ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

အခမ်းအနားတွင် စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ပြီး အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကြသည့် စစ်ကိုင်းပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးကောလိပ်တို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ပညာရေးတက္ကသိုလ်အသင်းက သုံးဂိုးပြတ်ဖြင့် ပွဲဦးထွက် အနိုင်ရရှိပြီး ပြိုင်ပွဲကို ဇူလိုင် ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်-မန်းကိုယ်ပွား

အာရှဖူဆယ်ကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် VUC အသင်း အပြီးသတ်လေ့ကျင့်ပြင်ဆင်

ရန်ကုန် ဇူလိုင် ၂၃

မြန်မာကလပ် VUC ဖူဆယ်အသင်းသည် သြဂုတ် ၇ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် ၂၀၁၉ အာရှ ဖူဆယ်ကလပ်ပြိုင်ပွဲအတွက် အပြီးသတ်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

VUC အသင်းသည် ယင်းပြိုင်ပွဲအတွက် ကစားသမား ၁၇ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး နည်းပြချုပ်အဖြစ် မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနည်းပြ ဦးဌေးမြင့်ကို ယခုပြိုင်ပွဲအတွက် တာဝန်ပေးထားသည်။ VUC အသင်းသည် ယင်းပြိုင်ပွဲအတွက် အချိန်ယူပြင်ဆင်လျက်ရှိပြီး မူလက နိုင်ငံခြားသားကစားသမားနှစ်ဦး ခေါ်ယူအသုံးပြုရန် စီစဉ်ထားသော်လည်း အဆင်မပြေသောကြောင့် ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်မည်ဖြစ်သည်။ VUC အသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု (ဂ) တွင် လက်ဘနွန်၊ အင်ဒိုနီးရှား၊ တာဂျစ်ကစ္စတန် ကလပ်အသင်းများနှင့် ကျရောက်ခဲ့သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ဆိပ်ကမ်း (ထိုင်း)၊ FC EREM (ကာဂျစ္စတန်)၊ ရှန်ကျန်နန်လင်း (တရုတ်)၊ ဆိုးလ်(တောင်ကိုရီးယား)၊ အုပ်စု (ခ)တွင် ထိုင်ဆွန်နမ် (ဗီယက်နမ်)၊ အယ်လ်ဝါဆတ်(အီရတ်)၊ အယ်လ်ရေယန်(ကာတာ)၊ AGMK(ဥဇဘက်ကစ္စတန်)၊ အုပ်စု(ဂ)တွင် ဘီရွတ် (လက်ဘနွန်)၊ ဗာမို့စ်(အင်ဒိုနီးရှား)၊ ဆိုရို (တာဂျစ်ကစ္စတန်)၊ VUC (မြန်မာ)၊ အုပ်စု(ဃ)တွင် မီဆန်ဂန်(အီရန်)၊ နာဂိုရာ(ဂျပန်)၊ အယ်လ်ဒါဖီရာ (ယူအေအီး)၊ KAZMA (ကူဝိတ်) တို့ ပါဝင်နေသည်။ VUC အသင်းသည် အုပ်စုအနေအထားအရ ၂၀၁၈ ပြိုင်ပွဲတတိယဆုရ ဘီရွတ်အသင်းနှင့် ကျရောက်နေသလို တစ်အုပ်စုတည်း ကျရောက်ခဲ့သည့် အင်ဒိုနီးရှားကလပ် ဗာမို့စ်အသင်းနှင့်လည်း ထပ်မံတွေ့ဆုံနေသည်။ VUC အသင်း ယင်းပြိုင်ပွဲတွင်း နှစ်ကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ၂၀၁၈ ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

VUC အသင်းသည် ပြိုင်ပွဲကျင်းပမည့် ထိုင်းနိုင်ငံသို့ ကြိုတင်သွားရောက်မည်ဖြစ်ပြီး ထိုင်းကလပ်အသင်းနှင့် ခြေစမ်းပွဲတစ်ပွဲကစားရန် စီစဉ်ထားသည်။ ပြိုင်ပွဲဝင်မည့် VUC အသင်းတွင် **နည်းပြချုပ်**-ဦးဌေးမြင့်၊ **လက်ထောက်နည်းပြ**- ဦးဇော်ရဲမောင်၊ **ဂိုးနည်းပြ**-ဦးမျိုးပိုင်စိုး၊ ကစားသမားများအဖြစ် ဇော်မျိုးထိုက်၊ ပြည့်ဖြိုးအောင်၊ ရဲထက်နိုင်၊ ရဲရင့်ဦး၊ သူရ၊ သန့်ဇင်ထွန်း၊ စိုးလင်းထက်၊ မျိုးမြင့်စိုး၊ ကောင်းဇော်ထက်၊ ဝေဇင်ဦး၊ သီဟစိုး၊ ငြိမ်းမင်းစိုး၊ ချမ်းသာ၊ အောင်ဇင်ဦး၊ နိုင်လင်းထွန်းကျော်၊ ထွဋ်ဝေထွန်းနှင့် ရဲဇော်လှိုင်တို့ ပါဝင်သည်။ **ညီမြတ်သော်တာ**

❒ ကျောဖုံးမှ

မျောတိုင်တွေ သစ်မာတွေနဲ့ ထောက်ကန်ပေးထားပြီး ဆင့်တန်းတွေနဲ့ တံတားကြမ်းခင်းတွေကိုလည်း အစားထိုးလဲလှယ် ပြုပြင်ပေးခဲ့တယ်။ ဒါ့အပြင် တံတားကြမ်းခင်းတွေမှာ ရိုက်ထားတဲ့သံတွေ ပြုတ်နေတာ၊ ကြွနေတာကို ပြန်ရိုက်ပြီး တံတားရဲ့ ကြံ့ခိုင်မှုအတွက် ကျွန်တော်တို့ဌာနက ဦးဆောင်ပြီး အလှူရှင်ရဲ့ လှူဒါန်းငွေတွေနဲ့ သကြံန်မတိုင်ခင်ကတည်းက ဆောင်ရွက်ထားပါတယ်။ အခု တောင်သမန်အင်းထဲ ရေဝင်ရောက်တဲ့ ကာလမှာလည်း သက်ဆိုင်ရာ ရပ်/ကျေးအဖွဲ့တွေနဲ့ တာဝန်ကျဝန်ထမ်းတွေက အချိန်နဲ့တစ်ပြေးညီ တံတားအခြေအနေတွေကို သတင်းပေးပို့နေတဲ့အပြင် ကျွန်တော်တို့ ဌာနကလည်း သွားရောက်ကြည့်ရှုစစ်ဆေးမှုတွေ လုပ်ဆောင်နေပါတယ်။ ဒါ့အပြင် ရေပြန်ကျသွားရင်လည်း လိုအပ်တဲ့ပြုပြင်မွမ်းမံမှုတွေကို ဆောင်ရွက်သွားမှာပါ”ဟု ၎င်းက ပြောသည်။

လက်ရှိတွင် တောင်သမန်အင်းအတွင်း မြစ်ရေဝင်ရောက်လာမှုကြောင့် တံတားကြမ်းခင်းနှင့် ထိစပ်ရန် လေးပေခန့်သာလိုတော့သည့်အတွက် တံတားပေါ်တွင် ဖြတ်သန်းသွားလာကြသည့် ခရီးသွားများ အန္တရာယ်ကင်းစွာသွားလာနိုင်စေရန် အင်းအတွင်း၌ ငှက်လှေများဖြင့် လုံခြုံရေးဆောင်ရွက်ထားကြောင်း သိရသည်။

“မြစ်ရေတွေ ဝင်လာတဲ့အတွက် တောင်သမန်အင်းနဲ့ တံတားပေါ်ကို လာရောက်ကြတဲ့ ပြည်တွင်း ပြည်ပ ခရီးသွားတွေ အန္တရာယ်တစ်စုံတစ်ရာဖြစ်ခဲ့ရင် အချိန်မီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်အောင် ငှက်လှေတွေကို အလှည့်ကျစနစ်နဲ့ အင်းပတ်ပတ်လည်မှာ လုံခြုံရေးတာဝန်ချထားပါတယ်”ဟု တောင်သမန်ငှက်လှေအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်။

လက်ရှိအခြေအနေတွင် တောင်သမန်တံတားသို့ နေ့စဉ် ပြည်တွင်း ခရီးသွားဦးရေ ၇၀၀ ကျော်နှင့် နိုင်ငံတကာခရီးသွား ၃၀၀ ကျော် ဝင်ရောက်လည်ပတ်လျက်ရှိပြီး ယခုရာသီ၌ တရုတ်ခရီးသွား အများဆုံး ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

ရီးရဲမှ စီဘယ်လ်လော့စ်ကို အာဆင်နယ် အငှားခေါ်ရန် သဘောတူအဆင့်ရောက်

အာဆင်နယ်အသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ စပိန်ကွင်းလယ်ကစားသမား ဒန်နီ စီဘယ်လ်လော့စ် (၂၂နှစ်) ကို အငှားခေါ်ယူရေးနှင့်ပတ်သက်ပြီး သဘောတူညီမှုအဆင့်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်းသည် ၂၀၁၇ ခုနှစ်တွင် ရီးရဲမက်ဒရစ်အသင်းသို့ ရောက်ရှိလာပြီးနောက် အသင်းအတွက် ၅၆ ပွဲ ပါဝင်ကစားထားကြောင်း သိရသည်။

ယခုသီတင်းပတ်တွင် ကစားသမားနှစ်ဦး ခေါ်ယူသွားမည့် တော့တင်ဟမ်

တော့တင်ဟမ်အသင်းသည် ယခုသီတင်းပတ်တွင် ပေါင်သန်း ၈၀ အသုံးပြုပြီး ရီးရဲဘက်တစ်အသင်းမှ အာဂျင်တီးနားကွင်းလယ်ကစားသမား ဂျီယိုဗန်နီလို ဆဲလ်ဆို (၂၃နှစ်) နှင့် ဖူလ်ဟမ်အသင်း မှ အင်္ဂလန် ယူ-၂၁ ခံစစ်ကစားသမား ဆီဆက်ဂ်နွန် (၁၉နှစ်) တို့ကို အပြီးသတ်ခေါ်ယူသွားဖွယ်ရှိကြောင်း မေရာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တော့တင်ဟမ်တွင် ဆက်နေသွားရန် မျှော်လင့်ထားသည့် အယ်လ်ဒါဝီရယ်

အယ်လ်ဒါဝီရယ်သည် ရိုးမားအသင်းသို့ ပြောင်းရွှေ့ရန် သတင်းများထွက်ပေါ်နေသော်လည်း တော့တင်ဟမ်အသင်းတွင် ဆက်လက်နေသွားရန် မျှော်လင့်ထားကြောင်း တယ်လီဂရပ်တွင် ဖော်ပြထားသည်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ခေါ်ယူရေးသာအာရုံစိုက်ထားသည့် အေတီမက်

အက်သလက်တီကို မက်ဒရစ်အသင်းသည် တော့တင်ဟမ်အသင်းမှ ဒိန်းမတ်ကွင်းလယ်ကစားသမား အဲရစ်ဆင် (၂၇ နှစ်)ထက် ရီးရဲမက်ဒရစ်အသင်းမှ ကိုလံဘီယာကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ် (၂၈ နှစ်)ကို ခေါ်ယူရေးသာ အာရုံစိုက်ထားဖွယ်ရှိကြောင်း မာကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မက်ဆီနှင့် သက်တမ်းတိုးရန်အတွက် ဆွေးနွေးသွားမည့် ဘာစီလိုနာ

ဘာစီလိုနာအသင်းသည် အာဂျင်တီးနားတိုက်စစ်ကစားသမား မက်ဆီ၏ စာချုပ်သက်တမ်းကို နောက်ထပ်လေးနှစ်သက်တမ်းတိုးရန်အတွက် မက်ဆီနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဒိုင်ဘာလာကို မန်ယူအသင်းထံ ရောင်းချသွားရန် ဆန္ဒရှိ

ဂျူဗင်တပ်စ်အသင်းသည် အာဂျင်တီးနားတိုက်စစ်ကစားသမား ဒိုင်ဘာလာ (၂၅ နှစ်) ကို ယခုအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းထံသို့ ရောင်းချသွားရန် ဆန္ဒရှိနေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

နိုင်ငံတကာချန်ပီယံဖလား ဂျူဗင်တပ်စ်နှင့် အင်တာမီလန် ကစားမည်

နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲအဖြစ် ယနေ့ည ၆ နာရီတွင် ဂျူဗင်တပ်စ်နှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ဂျူဗင်တပ်စ်နှင့် အင်တာမီလန်အသင်းတို့ နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲတွင် တစ်ပွဲစီ ယှဉ်ပြိုင်ကစားထားပြီး အသီးသီးရှုံးနိမ့်ထားသည်။ **အောင်ဇော်**

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂ ။)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ကလေးသူငယ်ကိုရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း သို့မဟုတ် ကလေးသူငယ် ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်းဆိုင်ရာ ပြစ်မှုတစ်ခုခုသည် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီလျှင် ဤဥပဒေဖြင့်သာ စီရင်ပိုင်ခွင့်ရှိစေရမည် -

(က) နိုင်ငံတော်အတွင်း မည်သူမဆို ကျူးလွန်ခြင်း၊

(ခ) နိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူကဖြစ်စေ၊ မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိသည့် နိုင်ငံခြားသားက ဖြစ်စေ ကလေးသူငယ်တစ်ဦးဦးအပေါ် ပြည်ပတွင် ကျူးလွန်ခြင်း၊

(ဂ) နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ပြီး နိုင်ငံတော်အလံလွှင့်ထူခွင့်ရှိသော ရေယာဉ် သို့မဟုတ် လေယာဉ်ပေါ်တွင် ကျူးလွန်ခြင်း၊

(ဃ) ဤဥပဒေ အခန်း (၁၈) ပါ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူအား ပြည်ပနိုင်ငံ တစ်ခုခုသို့ လွှဲပြောင်းပေးပို့ခြင်းမပြုသည့်ကိစ္စ၌ ထိုသူက နိုင်ငံတော်အတွင်း ရှိနေခြင်း။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ကလေးသူငယ်** ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆိုသည်။

(ဂ) **အသက်နှင့်စပ်လျဉ်းသည့်အထောက်အထား** ဆိုသည်မှာ ကလေးသူငယ်၏ အသက်နှင့် စပ်လျဉ်း၍ မွေးစာရင်း၊ ကျောင်းဝင်မှတ်ပုံတင်စာရင်း ကောက်နုတ်ချက်မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သော နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာဆရာဝန်၏ဆေးထောက်ခံချက်၊ အိမ်ထောင်စုစာရင်းနှင့် အခြားခိုင်လုံသော အထောက်အထား စာတမ်းအမှတ်အသားတစ်ခုခုကို ဆိုသည်။

(ဃ) **ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွား** ဆိုသည်မှာ ကလေးသူငယ်၏ အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေးတို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဤဥပဒေပါ ကလေးသူငယ်၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာအကျိုးဖြစ်ထွန်းမှု အများဆုံးဖြစ်စေသည့် ကလေးသူငယ်အခွင့်အရေးများ ရရှိခံစားခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကလေးသူငယ်၏ အရေးကိစ္စများကို စီမံဆောင်ရွက်ရာတွင် လည်းကောင်း၊ ကလေးသူငယ်ဆိုင်ရာမှုခင်းများကို စီရင်ဆုံးဖြတ်ရာတွင်လည်းကောင်း ကလေးသူငယ်၏ အကျိုးစီးပွားကို အဓိကဦးစားပေးဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(င) **ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသော ကလေးသူငယ်** ဆိုသည်မှာ နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စွပ်စွဲခံရသော သို့မဟုတ် တရားခံအဖြစ် တရားစွဲဆိုခြင်းခံရသော ကလေးသူငယ်ကို ဆိုသည်။

(စ) **ကလေးသူငယ်မှုခင်း** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကလေးသူငယ်အား ကလေးသူငယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့သော ပြစ်မှုကို ဆိုသည်။

(ဆ) **ကလေးသူငယ်တရားရုံး** ဆိုသည်မှာ ဤဥပဒေအရ ကလေးသူငယ် ပါဝင်သော မှုခင်းများကို စစ်ဆေးစီရင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တည်ထောင်ထားသော တရားရုံးကို ဆိုသည်။

(ဇ) **အုပ်ထိန်းသူ** ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ် အရသော်လည်းကောင်း၊ ဓလေ့ထုံးတမ်းအစဉ်အလာ တစ်ရပ်ရပ်အရသော်လည်းကောင်း မိသားစုလူမှုဝတ္တရားနှင့်အညီ ကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်သူကို ဆိုသည်။

(ဈ) **ပြုစုစောင့်ရှောက်သူ** ဆိုသည်မှာ ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်အား ဤဥပဒေနှင့်အညီ ပြုစုထိန်းသိမ်းစောင့်ရှောက်ထားရန် တာဝန်ယူသောသူကို ဆိုသည်။

(ည) **သင်တန်းကျောင်း** ဆိုသည်မှာ ဤဥပဒေအရ ပို့အပ်သည့် ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်၏ ကာယ၊ ဉာဏ၊ စာရိတ္တတို့ အပါအဝင် ကလေးသူငယ်တို့၏ အကျိုးအလို့ငှာ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန် ဝန်ကြီးဌာနက တည်ထောင်ထားသော သင်တန်းကျောင်းကို ဆိုသည်။

(ဋ) **ပရဟိတဂေဟာ** ဆိုသည်မှာ စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်ကဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းကဖြစ်စေ ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစုပျိုးထောင်ရန် ဤဥပဒေအရ မိမိတို့၏ အစီအစဉ်ဖြင့် တည်ထောင်ထားသော စခန်း၊ ဂေဟာ၊ ကျောင်း သို့မဟုတ် ရိပ်သာကို ဆိုသည်။

(ဌ) **ယာယီစောင့်ရှောက်ရေးဂေဟာ** ဆိုသည်မှာ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို အမှုစုံစမ်းစစ်ဆေးဆဲကာလနှင့် ကလေးသူငယ်တရားရုံးတွင် စစ်ဆေးစီရင်ဆဲကာလတို့အတွင်း ယာယီထိန်းသိမ်းစောင့်ရှောက်ရန် ဤဥပဒေအရ တည်ထောင်ထားသော ဂေဟာကို ဆိုသည်။

(ဍ) **အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်း (Alternative Care)** ဆိုသည်မှာ အခြေအနေတစ်ရပ်ရပ်ကြောင့် မိရင်းဖရင်း ပြုစုစောင့်ရှောက်မှုဆုံးရှုံးသွားသော သို့မဟုတ် မရရှိသော ကလေးသူငယ်များအား မိရင်းဖရင်းကဲ့သို့ ပြုစုစောင့်ရှောက်မှု နည်းလမ်းတစ်ခုခုဖြင့် ပြုစုစောင့်ရှောက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဆွေမျိုးသားချင်းများက ပြုစုစောင့်ရှောက်ခြင်း၊ သင်တန်းကျောင်းအခြေပြု ပြုစုစောင့်ရှောက်ခြင်း၊ ယာယီပြုစု စောင့်ရှောက်ခြင်း စသည့် နည်းလမ်းများလည်း ပါဝင်သည်။

(ဎ) **အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း (Diversion)** ဆိုသည်မှာ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို ပြစ်ဒဏ်ချမှတ်မည့်အစား အကျင့်စာရိတ္တ ပြုပြင်ရေးနှင့် လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့ရေးကို ဦးတည်၍ ထိုကလေးသူငယ်အား ကလေးသူငယ်တရားရုံးသို့ တရားစွဲဆိုခြင်းမပြုမီဖြစ်စေ၊ ကလေးသူငယ် တရားရုံးတွင် အမှုစစ်ဆေးနေစဉ် ကာလအတွင်းတွင်ဖြစ်စေ ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားများအတွက် ပြောင်းလဲဆောင်ရွက်ပေးသည့် အခြားလုပ်ငန်း အစီအစဉ်များကို ဆိုသည်။

(ဏ) **မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းဆိုင်ရာ မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ကို ဆိုသည်။

(တ) **ကလေးသူငယ်ကို ရောင်းချခြင်း** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ၊ ဂိုဏ်းအုပ်စုက ဖြစ်စေ ကလေးသူငယ်ကို အခြားသူအား ငွေကြေးဖြင့်ဖြစ်စေ၊ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက်တစ်ခုခုအတွက်ဖြစ်စေ လွှဲပြောင်းပေးခြင်းကို ဆိုသည်။

(ထ) **ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း** ဆိုသည်မှာ ငွေကြေးဖြင့်ဖြစ်စေ၊ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက် တစ်ခုခုအတွက်ဖြစ်စေ ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုခြင်းကို ဆိုသည်။

(ဒ) **ကလေးသူငယ်ညစ်ညမ်းပုံပြုလုပ်ဖြန့်ဖြူးခြင်း** ဆိုသည်မှာ လိင်ပိုင်းဆိုင်ရာလုပ်ငန်းများအတွက် ရည်ရွယ်၍ တစ်စုံတစ်ယောက်က ကလေးသူငယ်ကို ကာမဆက်ဆံမှုပြုခြင်း ဖြစ်စေ၊ အမှန်တကယ် ကာမဆက်ဆံမှုမပြုဘဲ ပုံသဏ္ဍာန်ပြုလုပ်ခြင်းဖြစ်စေ၊ ကာမဆက်ဆံပုံကို သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အင်္ဂါအစိတ်အပိုင်းကိုဖြစ်စေ တစ်နည်းနည်းဖြင့် ညစ်ညမ်းပုံပြုလုပ်ခြင်း၊ သတင်းမီဒီယာမှ သော်လည်းကောင်း၊ အင်တာနက်စာမျက်နှာများနှင့် လူမှုကွန်ရက်များမှသော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း ထုတ်ဖော်ပြသခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖြန့်ချိခြင်းကို ဆိုသည်။

(ဓ) **ခေါင်းပုံဖြတ်ခြင်း (Exploitation)** ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် ကလေးသူငယ်ကို ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း၊ အခြားတစ်နည်းနည်းဖြင့် လိင်ပိုင်းဆိုင်ရာကိစ္စ ပြုလုပ်စေခြင်း၊ အဓမ္မ အလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်းကိုဖြစ်စေ၊ ကလေးသူငယ်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကိုဖြစ်စေ ပြုရာမှ ငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ်တစ်စုံတစ်ရာကိုသော်လည်းကောင်း လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်း ပါဝင်သည်။

(န) **အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း (Worst forms of child labour)** ဆိုရာတွင် အောက်ပါပြုလုပ်မှုတစ်ခုခု ပါဝင်သည်-

(၁) ကလေးသူငယ်ကို ရောင်းချခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကျေးပိုင်ကျွန်ပိုင်ပြုလုပ်ခြင်း၊ လူကုန်ကူးမှုကျူးလွန်ခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ လက်နက်ကိုင်ပဋိပက္ခတွင် အသုံးချရန် အဓမ္မ သို့မဟုတ် မလုပ်မနေရ စုဆောင်းခြင်း အပါအဝင် အဓမ္မအလုပ်ခိုင်းစေခြင်း သို့မဟုတ် မလုပ်မနေရ အလုပ်ခိုင်းစေခြင်း၊

(၂) ပြည့်တန်ဆာ ပြုလုပ်ခိုင်းစေရေးအတွက်ဖြစ်စေ၊ ကလေးသူငယ် ညစ်ညမ်းပုံပြုလုပ် ဖြန့်ဖြူးခြင်းပြုရေးအတွက်ဖြစ်စေ၊ ညစ်ညမ်းပုံပြသသရုပ်ဆောင်ရေးအတွက် ဖြစ်စေ ကလေးသူငယ်ကို သွေးဆောင်ဖြားယောင်းခြင်း၊ ဝယ်ယူခြင်း၊ အသုံးပြုခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း၊

(၃) မူးယစ်ဆေးဝါးထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး အပါအဝင် မူးယစ်ဆေးဝါး တရားမဝင်လုပ်ကိုင်ဆောင်ရွက်မှုများအတွက် ကလေးသူငယ်ကို သွေးဆောင်ဖြားယောင်းခြင်း၊ ဝယ်ယူခြင်း၊ အသုံးပြုခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း၊

(၄) လုပ်ကိုင်သော အလုပ်သဘာဝနှင့် အခြေအနေများအရ ကလေးသူငယ်၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသော အလုပ်ခိုင်းစေခြင်း။

(ပ) **ခွဲခြားဆက်ဆံခြင်း** ဆိုသည်မှာ နိုင်ငံသား၊ မျိုးနွယ်စု၊ လူမျိုး၊ အမျိုးဇာတ်၊ ဇာတိ၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ ရာထူး ဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ဆင်းရဲချမ်းသာမှု၊ မသန်စွမ်းမှု၊ နိုင်ငံရေး၊ ယုံကြည်မှု သို့မဟုတ် လိင်စိတ်ခံယူမှုတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုကို ဆိုသည်။

(ဖ) **ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း** ဆိုသည်မှာ အရွယ်ရောက်သူကဖြစ်စေ၊ အခြားသော ကလေးသူငယ်ကဖြစ်စေ ကလေးသူငယ်အား အောက်ပါပြုလုပ်မှုတစ်ခုခုပြုလုပ်ခြင်းကို ဆိုသည်-

(၁) နှိပ်စက်ညှဉ်းပန်းမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာ ကျဆင်းစေသော နှိမ့်ချပြုမူ ဆက်ဆံမှု၊

(၂) ရိုက်နှက်ပြစ်ဒဏ်ပေးမှု အပါအဝင် တစ်နည်းနည်းဖြင့် အပြစ်ပေးမှု၊

(၃) ရုပ်ပိုင်းဆိုင်ရာ နှိပ်ကွပ်အနိုင်ကျင့်မှု။

(ဗ) **စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း** ဆိုသည်မှာ ကလေးသူငယ်ကို စိတ်ပိုင်းဆိုင်ရာ ထိခိုက်အောင် မကြာခဏ မတရားဆက်ဆံခြင်း၊ စော်ကားခြင်း၊ အလွဲသုံးခြင်း၊ စိတ်တွင် ကြိတ်မှိတ်ခံစားစေအောင် ပြုမူခြင်း သို့မဟုတ် လျစ်လျူရှုခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပြုလုပ်မှုတို့လည်း ပါဝင်သည် -

(၁) ကလေးသူငယ်ကို အကြိမ်ကြိမ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသော ပြုလုပ်မှု၊

(၂) ကလေးသူငယ်ကို ကြောက်လန့်စေခြင်း၊ ထိတ်လန့်စေခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် အထီးကျန်ဖြစ်အောင် ပြုလုပ်ခြင်း၊ ဂရုမစိုက်ခြင်းတို့နှင့်ဆိုင်သည့် ပြုလုပ်မှု၊

(၃) အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် ဆိုးဝါးသော ဆက်ဆံမှုကို တွေ့မြင်ခံစားရစေခြင်း၊

(၄) ကလေးသူငယ်၏ လူ့ဂုဏ်သိက္ခာကျဆင်းစေနိုင်သည့် ပုံစံဖြင့် ထိန်းသိမ်းထားရှိခြင်း၊

(၅) စိတ်ပိုင်းဆိုင်ရာထိခိုက်အောင် အနိုင်ကျင့်စော်ကားခြင်း။

(ဘ) **လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း** ဆိုသည်မှာ အရွယ်ရောက်သူကဖြစ်စေ၊ အခြားသော ကလေးသူငယ်ကဖြစ်စေ ကလေးသူငယ်အား သွေးဆောင်ဖြားယောင်းခြင်း၊ အဓမ္မတိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းဖြင့် လိင်ပိုင်းဆိုင်ရာ ပြုမူလုပ်ဆောင်ခြင်း သို့မဟုတ် ထိုသို့လုပ်ဆောင်ရန် အားပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာနှင့် စပ်လျဉ်း၍ အောက်ပါ ပြုလုပ်မှုတို့လည်း ပါဝင်သည်-

(၁) ထိတွေ့ပွတ်သပ်ကိုင်တွယ်မှု၊ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် အတင်းအကျပ် ပြုလုပ်မှု၊

(၂) စီးပွားရေးအလို့ငှာ လိင်ပိုင်းဆိုင်ရာ အလွဲသုံးခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခြင်း ပြုရန် အသုံးပြုခြင်း၊

(၃) အီလက်ထရွန်နစ်နည်းပညာကို အသုံးပြု၍ အင်တာနက် စာမျက်နှာနှင့် လူမှုကွန်ရက်များတွင် ကလေးသူငယ် ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်း၊

(၄) အတင်းအကျပ်လက်ထပ်ခြင်း သို့မဟုတ် လက်ထပ်စေခြင်း။

(မ) **လျစ်လျူရှုခြင်း** ဆိုသည်မှာ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ကလေးနှင့် ထိတွေ့ဆက်ဆံနေရသူများက ကလေးသူငယ်အပေါ် လုံလောက်သော အစားအစာ၊ အဝတ်အစား၊ ကျန်းမာရေးနှင့် ပညာရေးတို့အတွက် ဂရုစိုက်စောင့်ရှောက်မှု၊ ချစ်ခင်ကြင်နာမှု၊ နွေးထွေးမှု စသည့် ကလေးသူငယ်များအတွက် အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် ပျက်ကွက်ခြင်းကို ဆိုသည်။

(ဆက်လက်ဖော်ပြပါမည်)

ကျူးကျော်ဝင်ရောက်လာသည့် ရုရှားစစ်လေယာဉ်ကို တောင်ကိုရီးယားလေယာဉ်များက သတိပေးပစ်ခတ်

ဆိုးလ် ဇူလိုင် ၂၃

တောင်ကိုရီးယားနှင့်ဂျပန်တို့က ပိုင်ဆိုင်သည်ဟု ပြောဆိုနေသည့်လေပိုင်နက်ကို ချိုးဖောက်ကာ ရုရှားစစ်လေယာဉ်တစ်စင်း ဇူလိုင် ၂၃ ရက်က ဝင်ရောက်လာသည့်အတွက် တောင်ကိုရီးယားတိုက်လေယာဉ်များသည် အချက် ၄၀၀ခန့်သတိပေးပစ်ခတ်ခဲ့ပြီး ဂျပန်နိုင်ငံကလည်း ရုရှားနိုင်ငံကို မကျေမနပ်ပြောဆိုခဲ့သည်။

ရုရှားအေ-၅၀ စစ်လေယာဉ်သည် နှစ်ကြိမ်တိုင်တိုင် တောင်ကိုရီးယား လေပိုင်နက်အတွင်းသို့ ဝင်ရောက်ခဲ့သည်ဟု တောင်ကိုရီးယားအရာရှိများက ပြောသည်။ တောင်ကိုရီးယားအခေါ် ဒေါ့ခ်ဒိုကျွန်း (ဂျပန်အခေါ် - တာကာရှီမာ) ဟု အမည်ရသည့်ကျွန်းအနီး ပျံသန်းခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားဘက်မှ အက်ဖ် ၁၅ ကေ နှင့် ကေအက်ဖ် ၁၆ တိုက်လေယာဉ်များကို ချက်ချင်းစေလွှတ်ခဲ့ပြီး ယင်းတိုက်လေယာဉ်များက သတိပေးပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။

ပထမအကြိမ် လေပိုင်နက်ချိုးဖောက်ဝင်ရောက်လာစဉ် အကြိမ် ၈၀ ခန့် သတိပေးပစ်ခတ်မှု ပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ်တွင် ၂၈၀ ခန့် ပစ်ခတ်ခဲ့သည်ဟု စစ်ဘက်အရာရှိများက ပြောသည်။ အမျိုးသားလုံခြုံရေးအကြံပေးဖြစ်သူ ဒန်အီရောင်းက နောက်တစ်ကြိမ် အလားတူထပ်ဖြစ်ခဲ့လျှင် ပိုမိုပြင်းထန်သည့် အရေးယူမှုပြုလုပ်သွားမည်ဟု ပြောခဲ့ကြောင်း အိမ်ပြာတော်မှ ပြောသည်။

ယခုလိုကျူးကျော်ဝင်ရောက်ခြင်းနှင့် ပတ်သက်ပြီး ဂျပန်နိုင်ငံကလည်း ရုရှားနိုင်ငံကို မကျေမနပ်ပြောဆိုခဲ့သည်။ ရုရှားစစ်လေယာဉ်သည် ဂျပန်ပင်လယ်ပြင်ပေါ်မှ နှစ်ကြိမ်တိုင်တိုင် ပျံသန်းခဲ့ပြီး တာကာရှီမာကျွန်းအနီး လေပိုင်နက်အတွင်းသို့ ဝင်ရောက်ခဲ့သည်ဟုအစိုးရအဖွဲ့အကြီးအကဲ ရိုရှိဟိုက်ဆူဂါက ပြောသည်။ ရုရှားနိုင်ငံကမူ လေပိုက်နက်ချိုးဖောက်ခြင်းကို ငြင်းဆိုခဲ့သည်။

အေအက်ဖ်ပီ

တောင်ကိုရီးယားတိုက်လေယာဉ်များကို တွေ့ရစဉ်။

အာဖဂန်ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါကစ္စတန်၏ ပါဝင်ဆောင်ရွက်မှုကို သမ္မတထရမ့် ချီးကျူး

ဝါရှင်တန် ဇူလိုင် ၂၃

အာဖဂန်၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တိုးတက်မှုရှိလာအောင် ပါဝင်ဆောင်ရွက်ခဲ့သည့် ပါကစ္စတန်၏ကူညီမှုအတွက် အမေရိကန်သမ္မတက ချီးကျူးဂုဏ်ပြုစကားဆိုလိုက်ကြောင်း သိရသည်။ ၁၈ နှစ်နီးပါးကြာအောင် ဖြစ်ပွားခဲ့သည့် စစ်ပွဲအဆုံးသတ်စေရေးအတွက် တာလီဘန်တို့နှင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်ချုပ်ဆိုနိုင်ရန် အမေရိကန်က ကြိုးပမ်းလျက်ရှိနေချိန်အတွင်း ပါကစ္စတန်၏ ပါဝင်ဆောင်ရွက်မှုကို သမ္မတက အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။

အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခမ်း

အိမ်ဖြူတော်ရှိ ဘဲဥပုံရုံးခန်းအတွင်း၌ ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခမ်းနှင့်အတူ စကားပြောဆိုဆွေးနွေးခဲ့မှုအတွင်း သမ္မတထရမ့်က ၎င်းအနေဖြင့် အာဖဂန်ပဋိပက္ခကို စစ်အင်အားဖြင့် အဆုံးသတ်နိုင်ပြီး တာလီဘန်တို့ကို ကမ္ဘာမြေပေါ်မှ ဖယ်ရှားပစ်လိုက်နိုင်သော်လည်း ဆွေးနွေးပွဲများဖြင့် ဖြေရှင်းရသည်ကို ပိုမိုလိုလားကြောင်း သမ္မတထရမ့်က ပြောကြားခဲ့သည်။

၁၉၉၀ ပြည့်နှစ်များအတွင်း အိမ်နီးချင်း အာဖဂန်နစ္စတန်၌ တာလီဘန်တို့ အာဏာရယူခဲ့ချိန်က ပါကစ္စတန်သည် တာလီဘန်တို့၏ အထွေထွေကုန်ကျစရိတ်များအတွက် ငွေကြေးထောက်ပံ့ပေးခဲ့သည်။ ၂၀၀၁ တွင် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များက တာလီဘန်တို့ကို ဖယ်ရှားလိုက်ချိန်မှ စတင်ကာ တာလီဘန်အုပ်စုအပေါ် ပါကစ္စတန်၏ လွှမ်းမိုးမှုသည် ပုန်ကန်ထကြွမှုတစ်ရပ်ကို ဖြစ်ပေါ်လာစေခဲ့သည်။ မကြာသေးမီ ရက်သတ္တပတ်များအတွင်း မိမိတို့အနေဖြင့် အောင်မြင်တိုးတက်မှု အချို့ရရှိအောင် ဆောင်ရွက်ခဲ့ပြီဖြစ်ပြီး ယင်းသို့တိုးတက်လာစေရန် ပါကစ္စတန်က ပါဝင်ကူညီခဲ့ကြောင်း သမ္မတထရမ့်က ချီးကျူးစကားဆိုခဲ့သည်။ **အေအက်ဖ်ပီ**

ပင်လယ်ကွေ့ဒေသတွင် ဥရောပခေါင်းဆောင်သည့် လုံခြုံရေးဆောင်ရွက်ပေးရန် ဂျယ်ရမီဟန့် တောင်းဆို

လန်ဒန် ဇူလိုင် ၂၃

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီဟန့်သည် ပါရှန်ပင်လယ်ကွေ့အတွင်း၌ နိုင်ငံတကာရေယာဉ်များကို ကာကွယ်ပေးနိုင်မည့် ဥရောပဦးဆောင်သည့် ကြိုးပမ်းမှုတစ်ရပ်ကို အဆိုပြုခဲ့ကြောင်းသိရသည်။

ဗြိတိန်အလံလွှင့်ထူထားသည့် ရေနံတင်သင်္ဘောတစ်စင်းကို အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ပြီးခဲ့သည့်သောကြာနေ့တွင် ဟော်မုဇ်ရေလက်ကြားအတွင်း၌ ဖမ်းဆီးခဲ့သည်။

ဗြိတိန်ရေနံတင်သင်္ဘောသည် ရေကြောင်းသွားလာမှုဆိုင်ရာ စည်းမျဉ်းများကို ချိုးဖောက်ခဲ့သည်ဟု အီရန်ကဆိုထားပြီး ယင်းစွပ်စွဲချက်မှာ အခြေအမြစ်မရှိကြောင်း ဗြိတိန်အစိုးရက ငြင်းဆန်လျက်ရှိသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဇူလိုင် ၂၂ ရက်နေ့တွင် ဗြိတိန်အစိုးရက အရေးပေါ် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

ရေနံတင်သင်္ဘောအား ဖမ်းဆီးမှုသည် ပင်လယ်ဓားပြမှုတစ်ခု ကျူးလွန်လိုက်ခြင်းဖြစ်ကြောင်း ဂျယ်ရမီဟန့်ကပါလီမန်လွှတ်တော်အမတ်များသို့ ပြောကြားခဲ့သည်။ ဗြိတိန်အနေဖြင့် အရေးကြီးသည့် နယ်နိမိတ်အတွင်း ရေယာဉ်များဖြတ်သန်းသွားလာမှု ဘေးကင်းလုံခြုံစေရေး အာမခံပေးနိုင်မည့် ဥရောပဦးဆောင်သည့် မစ်ရှင်တစ်ရပ်ကို ထူထောင်ဖန်တီးရန် ကြိုးပမ်းသွားမည်ဟု ၎င်းက ပြောသည်။

ပါရှန်ပင်လယ်ကွေ့ဒေသအတွင်း လုံခြုံရေးဆိုင်ရာ ခိုင်မာသေချာစေရန်အတွက် ထူထောင်မည့် ယင်းစီမံချက်ကို အမေရိကန်က အဆိုပြုထားသည့် မဟာမိတ်ညွှန့်ပေါင်းအဖွဲ့အတွင်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မစ္စတာဟန့်ကပြောကြားခဲ့သည်။ ဗြိတိန်အနေဖြင့် အီရန်အပေါ် အရေးယူပိတ်ဆို့မှုပြုလုပ်ရန် ရှိ မရှိနှင့် ပတ်သက်၍ ပြောကြားခဲ့ခြင်းမရှိပေ။

အင်န်အိတ်ချ်ကေ

မြောက်ကိုရီးယားနှင့် ဟွာဝေးကုမ္ပဏီ ပတ်သက်ဆက်နွှယ်မှု ရှိ မရှိ အမေရိကန် စုံစမ်းဖော်ထုတ်မည်

ဝါရှင်တန် ဇူလိုင် ၂၃

တရုတ်နည်းပညာလုပ်ငန်းစုကြီးဖြစ်သည့် ဟွာဝေးကုမ္ပဏီသည် မြောက်ကိုရီးယားနိုင်ငံက စီးပွားရေးအရ ကြိုးမဲ့ကွန်ရက်တစ်ခု ထူထောင်နေမှုတွင် တိတ်တဆိတ်အကူအညီပေးအပ်ခဲ့ကြောင်း ဝါရှင်တန်ပို့စ် သတင်းစာတွင်ဖော်ပြခဲ့သည်။

အဆိုပါ သတင်းခေါင်းစီးက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို စိတ်ဝင်စားစေခဲ့ပြီး ထရမ့်က ယင်းကိစ္စကို စုံစမ်းစစ်ဆေးဖော်ထုတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဟွာဝေးကုမ္ပဏီသည် တရုတ်နိုင်ငံပိုင် ကုမ္ပဏီတစ်ခုနှင့် တွဲဖက်ကာ မြောက်ကိုရီးယားနိုင်ငံရှိ ပရောဂျက်အမျိုးမျိုးတို့ကို ရှစ်နှစ်ထက်မနည်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း အမေရိကန်နေ့စဉ်သတင်းစာက ဇူလိုင် ၂၂ ရက်က ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနှင့်ပတ်သက်နေသည်ဟူသော သတင်းဖော်ပြချက်များကို ဟွာဝေးကုမ္ပဏီက ငြင်းဆန်ခဲ့ပြီး ကုမ္ပဏီအနေဖြင့် မြောက်ကိုရီးယား၌ စီးပွားရေးအရ ပါဝင်မှုမရှိကြောင်း ပြောကြားခဲ့သည်။ ဟွာဝေးကုမ္ပဏီသည် ၎င်းစီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာဒေသတိုင်းတွင် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့သည်ဟု ဆိုသည်။

အကယ်၍ ဟွာဝေးကုမ္ပဏီက မြောက်ကိုရီးယားကို အမေရိကန်၏ ပစ္စည်းအစိတ်အပိုင်းများနှင့် နည်းပညာများပါဝင်သည့် ကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ပါက ယင်းလုပ်ရပ်သည် အမေရိကန်၏ တင်ပို့ကုန်ဆိုင်ရာ ထိန်းချုပ်မှုကို ဖောက်ဖျက်ခြင်းပင်ဖြစ်ကြောင်း အဆိုပါသတင်းနှင့်ပတ်သက်သည့် မေးခွန်းတစ်ခုကို ဖြေကြားရာတွင် ထရမ့်က ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

ဘောရစ်ဂျွန်ဆင် ဗြိတိန်ဝန်ကြီးချုပ်ဖြစ်လာရန် အသင့်ဖြစ်နေ

လန်ဒန် ဇူလိုင် ၂၃

ဘောရစ်ဂျွန်ဆင်သည် ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး ဗြိတိန်ဝန်ကြီးချုပ်အသစ်ဖြစ်လာရန် အသင့်ဖြစ်နေပြီဖြစ်သည်။ လန်ဒန်မြို့တော်ဝန်ဟောင်း ဘောရစ်ဂျွန်ဆင်သည် အီးယူခေါင်းဆောင် ၂၇ ဦးနှင့် ရင်ဆိုင်ရမည် ဖြစ်ပြီး ပင်လယ်ကွေ့ဒေသတွင် ရေနံတင်သင်္ဘောများ လုံခြုံရေးနှင့်ပတ်သက်သည့် ပြဿနာများကိုလည်း ဖြေရှင်းရမည်ဖြစ်သည်။

ဗြိတိန်နိုင်ငံသည် နှစ်ပေါင်း ၄၆ နှစ်ကြာ နိုင်ငံရေးနှင့် စီးပွားရေးချည်နှောင်မှုများ ပြုလုပ်ခဲ့သည့်ဥရောပသမဂ္ဂ အဖွဲ့ကြီးနှင့်လမ်းခွဲရန် ၂၀၁၆ ခုနှစ်က ဆုံးဖြတ်ခဲ့ပြီးနောက် အငြင်းပွားမှုများနှင့် ခါးသီးစွာရင်ဆိုင်နေရဆဲဖြစ်သည်။ ဘောရစ်ဂျွန်ဆင်သည် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မှုအရေး နှစ်ကြိမ်တိုင်တိုင်နှောင့်နှေးခဲ့ရပြီးနောက် အောက်တိုဘာ ၃၁ ရက်နေ့တွင် နုတ်ထွက်ရေးစာချုပ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ နုတ်ထွက်ရန် ကတိပြုထားသူလည်းဖြစ်သည်။

ဗြိတိန်ဝန်ကြီးချုပ်ဖြစ်လာမည့် ဘောရစ်ဂျွန်ဆင်

ထရီဆာမေနှင့် ၁၇ လကြာ ခက်ခက်ခဲခဲဆွေးနွေးမှုများ ပြုလုပ်ပြီးနောက်ပိုင်းတွင် ဥရောပသမဂ္ဂဘက်မှ ပြန်လည်စေ့စပ်ညှိနှိုင်းရန် ငြင်းဆိုခဲ့သည်။ ဘရီးဇစ်အရေး အကြိမ်ကြိမ်မအောင်မြင်မှုများကြောင့် ဇွန် ၇ ရက်တွင် ထရီဆာမေသည် ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ရန်ကြေညာခဲ့ရသည်။ ထို့နောက်ကွန်ဆာဗေးတစ်ပါတီအတွင်း ခေါင်းဆောင်သစ်ရွေးချယ်မှုပြုလုပ်ခဲ့ရပြီး အနိုင်ရရှိသူသည် ဇူလိုင် ၂၄ ရက်တွင် ဝန်ကြီးချုပ်သစ်ဖြစ်လာမည်ဖြစ်သည်။ ဘုရင်မကြီးမှ တရားဝင်ခန့်အပ်ပြီးနောက်ပိုင်းတွင် အဖွဲ့သစ်ခန့်အပ်နိုင်မည်ဖြစ်သည်။

အေအက်ဖ်ပီ

နိုင်ငံတကာ သတင်းတိုထွာ

ဩစတြေးလျသို့ ဦးတည်လာသည့် ဒုက္ခသည် တင်ဆောင်ထားသည့်လှေ ကြားဖြတ်ဟန့်တားခံရ

ကင်ဘာရာ ဇူလိုင် ၂၃

ဒုက္ခသည်များကို တင်ဆောင်လာသည့် လှေသည် ဩစတြေးလျနိုင်ငံဆီသို့ ဦးတည်လာစဉ် အိန္ဒိယသမုဒ္ဒရာထဲတွင် ကြားဖြတ်ဟန့်တားခံရသည်။

ဩစတြေးလျ နယ်စပ်တပ်ဖွဲ့သည် ဒုက္ခသည်များ တင်ဆောင်လာသည့်လှေကို ကြားဖြတ်ဟန့်တားခဲ့ပြီးနောက် ဒုက္ခသည်များကို ခရစ်စမတ်ကျွန်းသို့ ခေါ်ဆောင်သွားခဲ့သည်။ ထို့နောက် ဒုက္ခသည် အဆင့်အတန်းနှင့် မကိုက်ညီသည့် လူ ၂၀ ခန့်ကို ဇူလိုင် ၂၃ ရက်တွင် အစိုးရ လေယာဉ်ဖြင့် နေရပ်သို့ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

နယ်စပ်တပ်ဖွဲ့ စစ်ဆင်ရေးအတွင်း ကြားဖြတ်ဟန့်တားခံရသည့်လှေများ အနက် ယခုတစ်ကြိမ်သည် တတိယမြောက်လှေလည်း ဖြစ်သည်။ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီး ပီတာဒူတွန်က မှတ်ချက်ပေးရန် ငြင်းဆိုခဲ့သည်။

ဆင်ဟွာ

လာအိုအနောက်ပိုင်းတွင် အာဖရိကဝက်အပြင်းဖျား ရောဂါ ကူးစက်ဖြစ်ပွား

ဗီယန်ကျင်း ဇူလိုင် ၂၃

လာအိုနိုင်ငံအနောက်ပိုင်း ဖွန်ဆာလိုင်ပြည်နယ်တွင် အာဖရိကဝက်အပြင်းဖျားရောဂါကူးစက်ဖြစ်ပွားနေကြောင်း ဗီယန်ကျင်းတိုင်းမ် နေ့စဉ်သတင်းစာက ဖော်ပြသည်။

လာအိုနိုင်ငံ တောင်ပိုင်းဆာလာဗန်ပြည်နယ်၌ အာဖရိကဝက်အပြင်းဖျားရောဂါဗိုင်းရပ်ပိုး ပထမဆုံးအကြိမ်တွေ့ရှိခဲ့ကြောင်း၊ ထိုမှ ဗီယန်ကျင်းမြို့ရှိ ဧရိယာအချို့နှင့် ယင်းမြို့အရှေ့ဘက် ၄၁၀ ကီလိုမီတာခန့်အကွာ ဆာဗန်နာခက်ပြည်နယ်များသို့ကူးစက်ပျံ့နှံ့ခဲ့ကြောင်း သိရသည်။

ဗီယန်ကျင်းမြို့မှ မြောက်ဘက် ၇၃၂ ကီလိုမီတာအကွာ လာအိုနိုင်ငံ၏ မြောက်ဘက်အစွန်ဆုံး ဖွန်ဆာလိုင်ပြည်နယ်အတွင်းရှိ ခရိုင်နှစ်ခုတို့တွင် ရောဂါပြန့်ပွားနေကာ ဝက်ကောင်ရေ ၃၃၈ ကောင် သေဆုံးသွားပြီဖြစ်ကြောင်း သိရသည်။

အိမ်ထောင်စု ၃၅ ခုတို့မှ မွေးမြူထားသည့် ဝက်များသေဆုံးခဲ့ခြင်းဖြစ်ပြီး ယခုအခါ သေဆုံးသွားသည့်ဝက်များကိုမြေမြှုပ်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိကာ ဗိုင်းရပ်ပိုးကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန် ကာကွယ်ဆေးဖျန်းခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ရောဂါကူးစက်မှုဖြစ်ပွားသည့် ဧရိယာများတွင် ဝက်များရောင်းဝယ်ဖောက်ကားခြင်းကို တားမြစ်ပိတ်ပင်ထားသည်။

ဆင်ဟွာ

ဖိနှိပ်ကန့်သတ်မှုတွေအောက်မှ ဆော်ဒီအမျိုးသမီးရဲ့ မျှော်လင့်ချက်

ချိုးစန္ဒီနွေး

အမျိုးသမီးတွေအပေါ် ဖိနှိပ်ကန့်သတ်မှုတွေများတယ်လို့ ဝေဖန်ခံနေရတဲ့ ဆော်ဒီအာရေဗျမှာ အမျိုးသမီးတွေ မျှော်လင့်တကြီး စောင့်မျှော်နေတဲ့အရာတစ်ခု ရှိနေပါသေးတယ်။ အဲဒါကတော့ အုပ်ထိန်းသူဥပဒေကို ဖယ်ရှားပေးဖို့ပါပဲ။

ဆော်ဒီကားအရောင်းပြခန်းတွင် အလုပ်လုပ်ကိုင်နေသူ ဆော်ဒီအမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

မျှော်လင့်ချက်ကြီးတစ်ခု

ရှေးရိုးစွဲတွေ ကြီးစိုးတဲ့ဘုရင့်နိုင်ငံတစ်နိုင်ငံမှာ အုပ်ထိန်းသူဥပဒေကို ဖယ်ရှားပေးဖို့ဆိုတာ အမျိုးသမီးတွေရဲ့မျှော်လင့်ချက်ကြီးတစ်ခုပါပဲ။ မကြာသေးခင် အချိန်တုန်းကတော့ မီဒီယာတွေမှာ အစိုးရဟာ အမျိုးသမီးအခွင့်အရေးအတွက် ဘယ်လိုမျိုးသိသာ ထင်ရှားတဲ့အချက်က ပြုပြင်ပြောင်းလဲပေးရင် ကောင်းမလဲဆိုတာကို စဉ်းစားနေတယ်လို့ဖော်ပြခဲ့ကြပါတယ်။ ဆော်ဒီအမျိုးသမီးတွေအတွက် အုပ်ထိန်းသူ ဥပဒေဆိုတာကြီးက အကန့်အသတ်တွေ များလွန်းပါတယ်။ အုပ်ထိန်းသူဥပဒေအရ အမျိုးသမီးတစ်ဦးဟာ လက်ထပ်ခွင့်၊ ကျောင်းအပ်ခွင့်၊ ပတ်စ်ပို့လျှောက်ထားခွင့်နဲ့ နိုင်ငံရပ်ခြားခရီးသွားတဲ့အခါ အမျိုးသားအုပ်ထိန်းသူရဲ့သဘောတူခွင့်ပြုချက်မရဘဲ လုပ်ကိုင်နိုင်ခွင့်မရှိပါဘူး။

ခရီးရှည်ကြီး

ဆော်ဒီနိုင်ငံရဲ့နာမည်ကြီး ရုပ်သံအစီအစဉ်တင်ဆက်သူဖြစ်တဲ့ မူနာအက်ဘူဆူလေမန်ကတော့ အုပ်ထိန်းသူဥပဒေနဲ့ပတ်သက်ပြီးအစီရင်ခံစာထွက်လာတဲ့အခါ အပြုံးတွေနဲ့အတူ နိုးထလာခဲ့တယ်လို့ပြောပါတယ်။ "ဒါဟာခရီးရှည်ကြီးတစ်ခုပါပဲ။ လွန်ခဲ့တဲ့နှစ်နှစ်ကတည်းက ပြောင်းလဲမှုတွေ မကြာခင်ဖြစ်လာတော့မှာပါလို့ကျွန်မတို့ကို သူပြောခဲ့တာပါ။ အဲဒီမကြာခင်ဆိုတာ အခုအချိန်ကို ပြောတာထင်တယ်"လို့ ဆူလေမန်က ပြောပါတယ်။ ၂၀၁၇ ခုနှစ်တုန်းက ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်ဟာ ပြုပြင်ပြောင်းလဲမှုတွေ တသီကြီးပြုလုပ်ခဲ့ပြီး တိုင်းပြည်ကို အစွန်းမရောက်တဲ့နိုင်ငံဖြစ်အောင်လုပ်မယ်ဆိုတဲ့ အိမ်ရှေ့မင်းသားရဲ့စကားကိုရည်ညွှန်းပြီး ဆူလေမန်က ပြောခဲ့တာပါ။

အယုံအကြည်မဲ့စေခဲ့

လွန်ခဲ့တဲ့နှစ်နှစ်တာကာလအတွင်းမှာ အိမ်ရှေ့မင်းသားဟာ အမျိုးသမီးတွေအပေါ် ကန့်သတ်ချက်တွေကို လျှော့ပေါ့ပေးမယ်လို့ ကတိပြုခဲ့ပါတယ်။ သူ့ကတိအတိုင်း ဆောင်ရွက်ရာမှာတော့ အမျိုးသမီးတွေ ကားမောင်းခွင့်ရလာတဲ့အပြင် အားကစားပွဲတွေမှာ တက်ရောက်ခွင့်လည်း ရလာပါတယ်။ ဒါပေမယ့် ပြောင်းလဲမှုတွေဟာ ဒီလောက်နဲ့တင်ရပ်သွားပြီး ဆော်ဒီအမျိုးသမီးတွေရဲ့စိတ်ထဲမှာလည်း အယုံအကြည်မဲ့လာစေခဲ့ပါတယ်။ ယခုလအတွင်းမှာတော့ အသက် ၁၈ နှစ်နဲ့အထက် အမျိုးသမီးတွေအပေါ် အုပ်ထိန်းသူဥပဒေကို ဖယ်ရှားသင့်မသင့် အစိုးရအဖွဲ့အတွင်းကော်မတီဖွဲ့ပြီး စစ်ဆေးနေတယ်လို့ ဆော်ဒီနိုင်ငံရဲ့ထိပ်တန်းသတင်းစာတစ်ခုဖြစ်တဲ့ အော်ခက်ဇ် တင်းစာမှာ ဖော်ပြထားပါတယ်။

ခြေလှမ်းကျဲကျဲနဲ့ လျှောက်လှမ်းနေ

ဝါရှင်တန်မှာရှိတဲ့ ဆော်ဒီသံရုံးက ပြောရေးဆိုခွင့်ရှိသူကတော့ ဒီသတင်းကို အတည်မပြုခဲ့ပါဘူး။ အမျိုးသမီးတွေကို လုပ်ပိုင်ခွင့်ပေးဖို့ဆိုတာ ဆော်ဒီအိမ်ရှေ့မင်းသား ကြေညာခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးတွေထဲက အဓိကအချက်ပါပဲလို့ အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။ အစိုးရဟာ အခုအချိန်မှာ ဆော်ဒီဥပဒေတွေရဲ့ထိရောက်မှုကို တွက်ချက်နေပါတယ်။ ဆော်ဒီမှာ အမျိုးသား အမျိုးသမီးအခွင့်အရေးတန်းတူရဖို့အတွက် ခြေလှမ်းကျဲကျဲနဲ့ လျှောက်လှမ်းနေတယ်လို့ သူက ဆက်ပြောပါတယ်။ အုပ်ထိန်းသူ ဥပဒေပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်ပြီး အမျိုးသမီးတွေကို မျှော်လင့်ချက် ပေးခဲ့တာ ဆော်ဒီအိမ်ရှေ့မင်းသားပါပဲ။ သူဟာ ၂၀၁၈ ခုနှစ် ဧပြီလအတွင်းမှာ ဥပဒေတွေကို ပြုပြင်ပြောင်းလဲလိုတယ်လို့ ပြောခဲ့ပါတယ်။

၁၉၆၀ ပြည့်နှစ်ဝန်းကျင်တွေမှာ အမျိုးသမီးတွေဟာ အမျိုးသားအုပ်ထိန်းသူနဲ့အတူ ခရီးမသွားကြပါဘူး။ ဒါပေမယ့် အဲဒီအချက်ဟာ အခုအခါမှာတော့ အရေးကြီးတဲ့အချက် ဖြစ်နေပါတယ်။ ဒီကန့်သတ်ချက်ကိုဖယ်ရှားပြီး ယဉ်ကျေးမှုနဲ့ မိသားစုဆွေမျိုးတွေကို ထိခိုက်မှုမရှိစေဘဲ ပြုပြင်ပြောင်းလဲမှုတွေကို စဉ်းစားသွားရမှာပဲဖြစ်တယ်လို့ အိမ်ရှေ့မင်းသားက ပြောခဲ့ပါတယ်။

အုပ်ထိန်းသူဥပဒေဆိုတာ

ဆော်ဒီမှာမိန်းကလေးတစ်ဦးမွေးလာပြီဆိုရင် ဖခင်ဖြစ်သူက တရားဝင်အုပ်ထိန်းသူဖြစ်သလို အိမ်ထောင်ကျသွားရင်လည်း ခင်ပွန်းသည်ဖြစ်သူက တရားဝင်အုပ်ထိန်းသူဖြစ်လာပါတယ်။ ခင်ပွန်းသည် ဆုံးပါးသွားခဲ့ရင်တော့ အုပ်ထိန်းခွင့်ဟာသားဖြစ်သူ ထံရောက်သွားပြီး သားမရှိသူဆိုရင်တော့ ဆွေမျိုးထဲက အမျိုးသားတစ်ဦးဆီ အုပ်ထိန်းခွင့်ရွှေ့သွားပါတယ်။ အုပ်ထိန်းသူရဲ့ဆန္ဒကို ဆန့်ကျင်ခဲ့ရင် အဲဒီအမျိုးသမီးကို ဖမ်းဆီးနိုင်တဲ့အထိ အရေးယူမှုတွေပြုလုပ်လို့ရပါတယ်။ အဲဒီအုပ်ထိန်းသူဥပဒေပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်ပြီး လူမှုကွန်ရက်မီဒီယာမှာ ဆွေးနွေးပြောဆိုမှုတွေအများကြီးပါပဲ။ လူမှုကွန်ရက်အသုံးပြုကြတဲ့တချို့အမျိုးသမီးတွေကတော့ပြုပြင်ပြောင်းလဲရေးအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပြီး တချို့သောအမျိုးသမီးတွေကတော့ ဒါဟာလူစိတ်ဝင်စားအောင် ထွင်လုံးတစ်ခုသာဖြစ်တယ်လို့ ပြောကြပါတယ်။ တချို့သောတွစ်တာအသုံးပြုသူ ရှေးရိုးစွဲ အမျိုးသားတွေကတော့ ဒီပြုပြင်ပြောင်းလဲမှုကို ရှုတ်ချကြပါတယ်။ ဒီအရွေ့ဟာ အမေရိကန်ရဲ့ လွှမ်းမိုးမှုကြောင့် ဖြစ်ရတာဖြစ်ပြီး တိုင်းပြည်ကို အကျင့်ပျက်မှုတွေ ဖြစ်လာစေနိုင်တယ်လို့ တွစ်တာပေါ်မှာရေးသားကြပါတယ်။

ကန့်သတ်ချက်တွေကို စိန်ခေါ်ဖို့ဖြစ်လာ

အမျိုးသမီးအခွင့်အရေးအတွက် နှစ်ပေါင်းများစွာကြာအောင် ဆောင်ရွက်ပေးနေသူ ဆူအက်အယ်ရှက်မရီတော့ အုပ်ထိန်းသူဥပဒေကို အစိုးရက ဖယ်ရှားပေးဖို့စဉ်းစားနေတယ်ဆိုတဲ့ သတင်းကြောင့် အစိုးရကို ချီးမွမ်းစကားဆိုခဲ့ပါတယ်။ ဆော်ဒီလူမှုကဏ္ဍမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍဟာ နှစ်ပေါင်းများစွာကြာအောင် ကန့်သတ်ချက်စည်းမျဉ်းတွေအောက်မှာ ရှိနေခဲ့ပါတယ်။ ဆိုရှယ်မီဒီယာတွေ ခေတ်စားလာတဲ့အခါမှာတော့ ဆိုရှယ်မီဒီယာတွေဟာ အမျိုးသမီးတွေ ကိုယ်တိုင်ဒီကန့်သတ်ချက်တွေကို စိန်ခေါ်ဖို့နေရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ တချို့သောအမျိုးသမီးတွေဟာ ဆိုရှယ်မီဒီယာကို အသုံးပြုပြီးတော့ အုပ်ထိန်းသူဥပဒေကို စိန်ခေါ်ကြပါတယ်။ ဒါပေမယ့် တိုင်းပြည်အတွင်းမှာ နေထိုင်နေကြတဲ့ အမျိုးသမီးတွေ အတွက်ကတော့ လူမှုကွန်ရက်မီဒီယာအကြောင်းပြောရင်ကိုပဲ အန္တရာယ်ကြီးလှပါပြီ။

မျှော်လင့်ချက်တွေ တစ်ဖန်ရှင်သန်

အယ်ရှာမာရီလို့ခေါ်တဲ့အမျိုးသမီးတစ်ဦးကတော့ လူမှုကွန်ရက်မီဒီယာပေါ်ကနေ တိုင်းပြည်ရဲ့တင်းကျပ်တဲ့စည်းမျဉ်းတွေကို ဝေဖန်ခဲ့တဲ့အတွက် ထောင်ချခံရပါတယ်။ ဆော်ဒီအစိုးရက ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်နေပေမယ့် လူ့အခွင့်အရေးအုပ်စုတွေကတော့ အမျိုးသမီးအခွင့်အရေးအတွက် ခရီးရှည်ကြီးသွားဖို့ လိုသေးတယ်လို့ ဝေဖန်ခဲ့ပါတယ်။ အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားတဲ့နေရာမှာ ထင်ရှားတဲ့သူတွေဟာ ဖမ်းဆီးခံရပါတယ်။ အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူဖြစ်တဲ့ အိုမိုင်မာအယ်နက်ဂျား နယ်နှင်ဒဏ်ပေးခံရလို့ အီတလီမှာ နေထိုင်နေပါတယ်။ အိုမိုင်မာကတော့ အခုဆော်ဒီနိုင်ငံအတွင်းမှာ အုပ်ထိန်းသူဥပဒေပြုပြင်ရေးနဲ့ပတ်သက်ပြီး အသံတွေထွက်လာတော့ သူ့ရဲ့မျှော်လင့်ချက်တွေ တစ်ဖန်ရှင်သန်လာတယ်လို့ ပြောပါတယ်။

ပြန်လည်သုံးသပ်ဖို့လို

ကလေးထောက်ပံ့ရေး၊ အချုပ်ဥပဒေနဲ့ ကွာရှင်းမှုဥပဒေတို့မှာတော့ အမျိုးသားတွေကို အခွင့်အရေးပေးဆဲပါပဲလို့ အိုမိုင်မာကထောက်ပြခဲ့ပါတယ်။ အဲဒီအချက်တွေဟာ အုပ်ထိန်းသူဥပဒေရဲ့အောက်မှာမရှိပါဘူး။ တခြားသောကန့်သတ်ချက်တွေပါလို့ ပြောပြခဲ့ပါတယ်။ ဒါပေမယ့် စစ်မှန်တဲ့ညီမျှမှုဆီကို လျှောက်လှမ်းမယ်ဆိုရင် ပထမဦးဆုံး ပြန်လည်သုံးသပ်ရမှာက အုပ်ထိန်းသူဥပဒေကိုပါပဲလို့ အိုမိုင်မာက ပြောပါတယ်။ အိုမိုင်မာကတော့ သာတူညီမျှ အခွင့်အရေးမရသရွေ့တောင်းဆိုမှုတွေ ဆက်လက်လုပ်ဆောင်ဖို့ ဆုံးဖြတ်ထားပါတယ်။

ကိုးကား-နယူးယောက်တိုင်းမ်

"ဆော်ဒီမှာ မိန်းကလေးတစ်ဦးမွေးလာပြီဆိုရင် ဖခင်ဖြစ်သူက တရားဝင်အုပ်ထိန်းသူဖြစ်သလို အိမ်ထောင်ကျသွားရင်လည်း ခင်ပွန်းသည်ဖြစ်သူက တရားဝင်အုပ်ထိန်းသူဖြစ်လာပါတယ်။ ခင်ပွန်းသည် ဆုံးပါးသွားခဲ့ရင်တော့ အုပ်ထိန်းခွင့်ဟာသားဖြစ်သူ ထံရောက်သွားပြီး သားမရှိသူဆိုရင်တော့ ဆွေမျိုးထဲ က အမျိုးသားတစ်ဦးဆီ အုပ်ထိန်းခွင့်ရွှေ့သွားပါတယ်"

ကချင်ပြည်နယ် မြစ်ကြီးနားဇုန် တက္ကသိုလ်/ ဒီဂရီကောလိပ်ပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

မြစ်ကြီးနား ဇူလိုင် ၂၃

ကချင်ပြည်နယ် မြစ်ကြီးနားဇုန် တက္ကသိုလ်/ ဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲကို ယမန်နေ့က သီတာရပ်ကွက် ငြိမ်းချမ်းသာယာ ဘောလုံးကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်အားပေးသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ပြိုင်ပွဲသည် အာဆီယံတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲတွင် ယှဉ်ပြိုင်နိုင်ရန်အတွက် ဇုန်အလိုက် ကျင်းပပြီး လူရွေးချယ်ရန်အတွက်ဖြစ်ကြောင်း၊ မြစ်ကြီးနားဇုန်မှ မျိုးချစ်စိတ်ဓာတ်နှင့် အားကစားစိတ်ဓာတ်အပြည့်အဝရှိသည့် အားကစားသမားကောင်းများကို အစဉ်အလာမပျက် မွေးထုတ်ပေးသွားနိုင်ရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပနေစဉ်။

ယင်းနောက် အဖွင့်ပွဲစဉ်အဖြစ် မြစ်ကြီးနား နည်းပညာတက္ကသိုလ်နှင့် ဗန်းမော်တက္ကသိုလ်တို့၏ အမျိုးသား ဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်ကစားသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို မြစ်ကြီးနားတက္ကသိုလ်၊ ဗန်းမော်တက္ကသိုလ်၊ မိုးညှင်းဒီဂရီကောလိပ်၊ နည်းပညာတက္ကသိုလ်- မြစ်ကြီးနား၊ ကွန်ပျူတာတက္ကသိုလ် - မြစ်ကြီးနား၊ ပညာရေးကောလိပ် - မြစ်ကြီးနားတို့မှ အမျိုးသားဘောလုံးအသင်း ခြောက်သင်းနှင့် အမျိုးသမီးဘောလုံးအသင်း သုံးသင်းဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အထက်မြန်မာပြည်ဇုန် အားလုံးပြိုင်ပွဲတွင် မြစ်ကြီးနားဇုန်အနေဖြင့် သုံးနှစ်ဆက်တိုက် ပထမဒိုင်းဆုရယူနိုင်ခဲ့ပြီး ဒုတိယဆုကို နှစ်နှစ်ဆက်တိုက် ရယူနိုင်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကယားပြည်နယ်ဖွံ့ဖြိုးရေး ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

လွိုင်ကော် ဇူလိုင် ၂၃

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် လိုက်လျောညီထွေသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ် ကြီး Mrs. Suphatra Srimaitreephithak ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကယားပြည်နယ်ဝန်ကြီးချုပ်အား ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမတွင် လာရောက်တွေ့ဆုံခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့တို့ တွေ့ဆုံကြစဉ်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရန်၊ နေရပ်ပြန်ရောက်ရှိလာသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝ ပြန်လည်ထူထောင်ရာတွင် လိုအပ်သောနည်းပညာများ ကူညီပံ့ပိုးပေးရန် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကယားပြည်နယ်တွင်လည်း နေရပ်ပြန် တိုင်းရင်းသားများရှိကြောင်း ကြားသိရသည့်အတွက် နေရပ်ပြန်တိုင်းရင်းသားများ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် Learning Center ဆောက်လုပ်နိုင်ရေးမြေနေရာကူညီဆောင်ရွက်ပေးရန်နှင့် ပညာရှင်များခေါ်ယူသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်နယ်အတွင်းရှိတောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးနည်းပညာပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်သည် စိုက်ပျိုးရေးကိုအခြေခံသည့် ဒေသဖြစ်သည့်အတွက် တောင်သူလယ်သမားများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ Learning Center ဆောက်လုပ်မည့် မြေနေရာအတွက် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နေရပ်ပြန်တိုင်းရင်းသားများသည် မြို့နယ်များတွင် နေထိုင်သည့်အတွက် အဆင်ပြေစေရေး ပြည်နယ်အစိုးရအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မယ်စဲ့မြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်ပေါက်ဖွင့်လှစ်နိုင်ရေးအတွက် ပြည်နယ်အစိုးရအနေဖြင့် သုံးနှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံဘက်မှဆောင်ရွက်ထားမှု အခြေအနေများကို သိရှိလိုကြောင်း ဆွေးနွေးသည်။

ထို့နောက် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များက အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လွိုင်ကော်သား

တန့်စီကျိုင်းရေလွှဲဆည်သို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ် လာရောက်ကြည့်ရှုစဉ်။

ရှမ်းပြည်နယ် မြောက်ပိုင်း တန့်စီကျိုင်းရေလွှဲဆည် အသစ်ပြန်လည်တည်ဆောက်မည်

သိန္နီ ဇူလိုင် ၂၃

ရှမ်းပြည်နယ် မြောက်ပိုင်း သိန္နီမြို့နယ် ပိန်းဆာကျေးရွာအုပ်စု ဆွန်ခိုင်းကျေးရွာအနီးရှိ တန့်စီကျိုင်းရေလွှဲဆည်ကို ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့အား ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက တန့်စီကျိုင်းဆည်နှင့် ပတ်သက်သည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တန့်စီကျိုင်းရေလွှဲဆည်သည် ဒေသခံတောင်သူများ၏ တင်ပြချက်အရ ၁၉၅၇ ခုနှစ် ဦးနုအစိုးရလက်ထက် ပြည်တော်သာစီမံကိန်းတွင် အဆိုပြုခဲ့သော ဆည်တစ်ခုဖြစ်ပြီး ၁၉၇၆ ခုနှစ်တွင် တောင်သူများက ကိုယ့်အားကိုယ်ကိုး စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တောင်သူများ၏ တင်ပြချက်အရ ရေသွင်းမြောင်းပြန်လည်တူးဖော်ရန်အတွက် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ရန်ပုံငွေမှ ငွေကျပ်သိန်း ၅၀ ဖြင့် တူးဖော်ခဲ့ရာ ၂၀၁၈ ခုနှစ် ဩဂုတ် ၁ ရက်တွင် မိုးရွာသွန်းမှု များပြားသဖြင့် တန့်စီကျိုင်းဆည်ကျိုးပေါက်မှု ဖြစ်ပွားခဲ့သည်။ တောင်သူများ၏ စုပေါင်းအင်အားဖြင့် ပြန်လည်ပြင်ဆင်ခဲ့ပြီး ငွေကျပ်သိန်း ၂၀၀ ခန့် ကုန်ကျခဲ့သော်လည်း ပြင်ဆင်ထားသည့် အောက်ခြေမှ ရေစားစိမ့်ထွက်နေသည့်အတွက် နှစ်စဉ်လိုလိုဖြစ်၍ ပြန်လည်ပြုပြင်မွမ်းမံကြရကြောင်း နည်းပညာမရှိသည့်အတွက်ကြောင့် လည်းကောင်း၊ ရာသီဥတုဖောက်ပြန်ပြီး ရေကြီးရေလျှံမှုများကြောင့် လည်းကောင်း ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဆည်မြောင်းဦးစီးဌာနနှင့် ညှိနှိုင်းကာ တန့်စီကျိုင်းဆည်ကို ငွေကျပ်သန်း ၃၆၀ ခန့်ဖြင့် အသစ်ပြန်လည် တည်ဆောက်နိုင်ရေး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စီမံကိန်းရေးဆွဲတင်ပြထားကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

မိုင်းပန်မြို့အဝင် စိမ်းလန်းစိုပြည်စေရေး သစ်ပင်များ စုပေါင်းစိုက်ပျိုး

မိုင်းပန် ဇူလိုင် ၂၃

ရှမ်းပြည်နယ် တောင်ပိုင်း မိုင်းပန်မြို့ မြို့အဝင်လမ်းအား အရိပ်ရအလှသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်စေရေး လမ်းဘေးဝဲယာတစ်လျှောက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့နယ်လမ်းဦးစီးဌာနမှ ကြီးမှူး၍ ယနေ့နံနက်ပိုင်းက နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်ရှိ ပြည်ထောင်စုလမ်းမကြီး မြို့ဝင်မုခ်ဦးအနီး၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးနှင့် ဒေသခံပြည်သူများ တက်ရောက်၍ ငုစပ်ချယ်ရီ ၁၈၆ ပင်၊ စိန်ပန်းနီ ၁၃၂ ပင်နှင့် စိန်ပန်းပြာ ၁၃၂ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ကိုဆန်း (မိုင်းပန်)

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ရုံးအဆောက်အအုံသစ်အတွက် ပန္နက်တင်ပေးစဉ်။

ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး ပန္နက်တင်အခမ်းအနားကျင်းပ

စစ်တွေ ဇူလိုင် ၂၃

ရခိုင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ရုံးသစ်ဆောက်လုပ်ရန် အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အနောက်စံပြရပ်ကွက် စစ်တွေဟိုတယ်ဆင်းလမ်းအနီးရှိ အဆိုပါ ရုံးသစ် ဆောက်လုပ်မည့်နေရာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တက်ရောက်၍ ပန္နက်ရိုက်နှိပ်ပေးသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးရွှေဘသိန်းတို့က သတ်မှတ်နေရာများတွင် နေရာယူကြပြီး ပန္နက်တင် ရိုက်နှိပ်ပေးကြကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ရခိုင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးကို မြေဧရိယာ သုံးကေတွင် ပေ ၉၀၊ ပေ ၅၀၊ အာစီသုံးထပ်အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပြီး ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးအပြင် ညီနောင်အသင်းများနှင့် အသင်းခွဲများ၊ သင်တန်းခန်းများ၊ အစည်းအဝေးခန်းမများနှင့် အခြားလိုအပ်သောအဆောက်အအုံများလည်း ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)

ကောင်းမှုတော်စေတီ အဖြူရောင် ဆေးသက်န်းကပ်လှူမှု ယခုလကုန်ပြီးစီးမည်

စစ်ကိုင်း ဇူလိုင် ၂၃

စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော် စေတီတော် အဖြူရောင်ဆေးသက်န်း ကပ်လှူမှု ယခုလအကုန် ပြီးစီးမည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

စစ်ကိုင်းမြို့ရာဇမဏိစူဠာကောင်းမှုတော်စေတီတော် အဖြူရောင်ဆေးသက်န်းကပ်လှူမှု နှစ်ထပ်ကျန်ရှိနေရာမှ ယခုနှစ် ဇွန် ၁ ရက်မှ စတင်၍ ဆေးဖြူသက်န်းကပ်လှူပူဇော်ခြင်းလုပ်ငန်းကို ပြန်လည်ဆောင်ရွက်ခဲ့ပြီး ယခုလကုန် ပြီးစီးမည်ဖြစ်ကြောင်း ကောင်းမှုတော် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်မျိုးလွင်က ပြောသည်။

"စေတီတော်က နှစ်သက်တမ်းကြာတော့ အဖြူရောင်ဆေးသက်န်းကပ်ဖို့ ရွှေဆေးတွေခွာတုန်းက အပျက်အစီးအချို့တွေ့ရတဲ့အတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းတွေ လုပ်ဆောင်ခဲ့တယ်။ ပထမအကြိမ်ဆေးသုတ်တယ်။ ဆေးက တစ်ထပ်တည်းဆိုတော့ သိပ်မဖြူသေးဘူး။ ပြီးတော့ ခိုင်ခံ့မှုရှိစေဖို့ ဒုတိယအကြိမ် ထပ်သုတ်ခဲ့တယ်" ဟု ၎င်းက ပြောသည်။

ကောင်းမှုတော် စေတီတော်ကြီး ရွှေဆေးသက်န်းမှ အဖြူရောင်ဆေးသက်န်း ပြောင်းလဲကပ်လှူရန်အတွက် လုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က စတင်၍ အောင်ပြည့်တန်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ရာ တပေါင်းလပြည့်နေ့မတိုင်ခင် လုံးတော်ပြည့် အောက်ခံအဖြူရောင် ဆေးသက်န်း ကပ်လှူပူဇော်မှု ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ထိုအဖြူရောင်ဆေးသက်န်း ကပ်လှူပြီးစီးခဲ့သော ကောင်းမှုတော်စေတီတော်ကို မတ် ၂၀ ရက်က သံဃာတော်အပါး ၁၀၀၀ ဖြင့် အနေကဇာတင်ခြင်း အခမ်းအနားကို ကျင်းပခဲ့ကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ကောင်းမှုတော်စေတီတော် အဖြူရောင်ဆေးသက်န်း ပြန်လည်ကပ်လှူပူဇော်ခြင်းလုပ်ငန်းများအတွက် ကုန်ကျငွေကို ယခင်က ငွေကျပ်သိန်း ၄၀၀၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားသော်လည်း ပျက်စီးမှုများ ပြန်လည်ပြုပြင်မှုများ လုပ်ဆောင်ရသည့်အတွက် ငွေကျပ်သိန်း ၄၈၀၀ ခန့် ကုန်ကျနိုင်မည်ဖြစ်ကြောင်း သိရသည်။

၀၇၅

အဖြူရောင်ဆေးသက်န်း ကပ်လှူပူဇော်နေသော စစ်ကိုင်းကောင်းမှုတော်စေတီကို ဖူးတွေ့ရစဉ်။

အမေရိကန်သံရုံး စီးပွားရေးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများ တွေ့ဆုံ

မန္တလေး ဇူလိုင် ၂၃

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး စီးပွားရေးဌာနမှ တာဝန်ရှိသူများနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများ တွေ့ဆုံပွဲကို ယမန်နေ့က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၄×၇၈လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ အဆိုပါအသင်းခန်းမ၌ ကျင်းပသည်။

အသင်းဧည့်ခန်းမတွင် တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်မင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံရုံး ဒုတိယသံအမတ်ကြီး Mr. George Neil Sibley နှင့် အဖွဲ့ကို အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး တွေ့ဆုံပွဲကို ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် ညီနောင်စီးပွားရေးဆိုင်ရာ အသင်းများမှ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးထုတ်ကုန်များ အမေရိကန်နိုင်ငံသို့ တင်ပို့နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေး၊ နည်းပညာအကူအညီများ ပေးအပ်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းခဲ့ရာ Mr. George Neil Sibley က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် Mr. George Neil sibley နှင့်အဖွဲ့သည် တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတွင် ဖွင့်လှစ်ထားသည့် အမေရိကန်စီးပွားရေးကော်နာ (ABC) အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းသို့ အမေရိကန်သံရုံးစီးပွားရေးဌာန တာဝန်ရှိသူများ လာရောက်ခဲ့စဉ်။

အဆိုပါ အမေရိကန်စီးပွားရေးကော်နာ(ABC) ကို အမေရိကန်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံ မန္တလေးတို့အကြား ဆက်ဆံရေးကို မီးမောင်းထိုးဖော်ပြရန်နှင့် ပိုမိုအားကောင်းစေရန်၊ တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအတွက် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆက်ဆံရေးပိုမိုချောမွေ့အဆင်ပြေစေရန်တို့အတွက် ဆောင်ရွက်ပေးရန် ရည်ရွယ်ကာ ပြီးခဲ့သည့် မတ် ၁၂ ရက်က တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

တီဘီရောဂါတိုက်ဖျက်ရေးစီမံချက် မြို့နယ်အဆင့် လုပ်ငန်းအသိပေးရှင်းလင်းပွဲ ခန္တီးမြို့၌ ကျင်းပ

ခန္တီး ဇူလိုင် ၂၃

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် တီဘီရောဂါတိုက်ဖျက်ရေးစီမံချက် မြို့နယ်အဆင့် လုပ်ငန်းအသိပေးရှင်းလင်းပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးနှင့် ခရိုင်ဆေးရုံအုပ်ဒေါက်တာလေးဖြူပြာအောင်တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြသွင်က အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်မှ လက်ထောက်စီမံချက်မန်နေဂျာ ဦးကျော်လင်းထွဋ်က ရှေ့ဆက်ဆောင်ရွက်ရမည့် စီမံချက်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

အဆိုပါ စီမံချက် ရှင်းလင်းပွဲသို့ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် တီဘီရောဂါတိုက်ဖျက်ရေး စီမံချက်မှ တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **ချန်လော(ခန္တီး)**

မအူပင်မြို့နယ်မှ ရွာနှစ်ရွာ၌ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မအူပင် ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်း မလက်တိုကျေးရွာအုပ်စု တမလိုကျေးရွာနှင့် တပွတ္တနောင်ကြီးကျေးရွာတို့၌ ကျေးလက်ရေပေးရေး လုပ်ငန်းများကို မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ဆန်းအလင်းသစ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ရေပေးရေးလုပ်ငန်းများအဖြစ် အနက်ပေ ၄၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေကန် တည်ဆောက်ခြင်းနှင့် ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်ပြီး အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ပြီးစီးပါက တမလိုကျေးရွာရှိ အိမ်ခြေ ၂၀၀ ခန့်မှ လူဦးရေ ၈၀၀ ကျော်နှင့် တပွတ္တနောင်ကြီးကျေးရွာရှိ အိမ်ခြေ ၃၅၀ ခန့်မှ လူဦးရေ ၁၈၀၀ ကျော်တို့အတွက် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

ရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသိန်းစိုးနှင့် ဝန်ထမ်းများက ဇူလိုင် ၂၃ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့သည်။ **အောင်မြင့်မြတ်(မအူပင်)**

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၃-၇-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၄၅၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၇၇၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၄၅၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၇၇၆၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၈၀/၉၂၀	ကျပ်	၉၄၀/၉၅၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၉၀/၉၃၀	ကျပ်	၉၅၅/၉၆၅	ကျပ်
အောက်တိန်း ၉၂	၇၇၀/၈၁၀	ကျပ်	၈၅၀/၈၆၅	ကျပ်
အောက်တိန်း ၉၅	၈၅၀/၉၀၀	ကျပ်	၉၅၀/၉၅၅	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၁၀ ・ ၇
ဥရောပ	တစ်ယူရို	ကျပ် ၁၆၈၉ ・ ၂
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၀၇ ・ ၅
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၈၇၇ ・ ၃
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၉၆ ・ ၄
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၆၁ ・ ၂
တရုတ်	တစ်ယွမ်	ကျပ် ၂၁၉ ・ ၆၁
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ ・ ၉၁
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၈ ・ ၁၃
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၆ ・ ၉၀
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ ・ ၈၆၆

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

စိုးသူက အသက်အရွယ်အရ ဇာတ်ကားရွေးချယ်ရိုက်ကူးမည်ဟု ပြောကြား

၁၉၈၃ ခုနှစ် အဖြူအမည်း ရုပ်ရှင်ခေတ်မှ စတင်ကာ ရုပ်ရှင်ပိတ်ကားပေါ်တွင် အောင်မြင်မှုများရရှိခဲ့သလို အဆိုတော်လည်းဖြစ်၊ ဆရာဝန်တစ်ဦးလည်းဖြစ်သည့် စိုးသူက အနုပညာအလုပ်များကို ပြန်လည်လုပ်ကိုင်နေချိန်တွင် အသက်အရွယ်အရ ဇာတ်ကားများကို ရွေးချယ်ရိုက်ကူးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စိုးသူသည် လတ်တလောတွင် အဆိုတော် စိုင်းစိုင်းခမ်းလှိုင်နှင့်အတူ ဇာတ်ကားသုံးကား ရိုက်ကူးလျက်ရှိရာ ပထမဆုံးဇာတ်ကားအဖြစ် သရုပ်ဆောင် ဝတ်မှုန်ရွှေရည်နှင့်အတူ တရားလား အမည်ရှိ ရုပ်ရှင်ဇာတ်ကားကြီးကို ရိုက်ကူးပြီးစီးနေပြီဖြစ်ကာ မကြာမီ ရုံတင်ပြသတော့မည်ဟု သိရသည်။ သရုပ်ဆောင် စိုးသူနှင့် တွေ့ဆုံ၍ လတ်တလော အနုပညာလှုပ်ရှားမှုများကို ယခုလို မေးမြန်းဖြစ်ခဲ့သည်။

မေး။ ။ တရားလား ရုပ်ရှင်အကြောင်းကို ပြောပြပေးပါ။

ဖြေ ။ ။ဒီဇာတ်ကားကတော့ လက်ရှိ လူမှုပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ အရာတွေကို ရုပ်ရှင်ပိတ်ကားပေါ်ကတစ်ဆင့် ချပြထားတာပေ့ါ။ ကျွန်တော်က ရွာမှာ စီးပွားရေးကို လက်ဝါးကြီးအုပ်ထားပြီးတော့ ကစ်ကစ်ရဲ့အစ်ကိုနေရာက ပါဝင်ထားတယ်။ လက်ရှိမှာ တည်းဖြတ်အပိုင်းတွေ လုပ်နေကြပါတယ်။

မေး။ ။ နောက်ပိုင်း ဇာတ်ကားရိုက်ကူးမှုတွေ ကမ်းလှမ်းခဲ့ရင် ရိုက်ဖို့ပြင်ဆင်မှုတွေက။

ဖြေ။ ။ ကျွန်တော့်အနေနဲ့ ဇာတ်ကားတွေ သိပ်မရိုက်ဖြစ်ပါဘူး။ တကယ်ကို ငြင်းမရတဲ့သူဆိုရင်တော့ ရိုက်ကူးဖြစ်မှာပါ။ တချို့ အလွန်ခင်တဲ့မိတ်ဆွေတွေက တွေ့တိုင်း ကားရိုက်ခိုင်းတယ်။ သူတို့ နှစ်နဲ့ချီပြီးတော့ ပြောလာတော့ အားနာရတယ်။ ဒါကြောင့် ဇာတ်ကားတွေ ရိုက်ပေးဖြစ်တာပါ။

မေး။ ။ ကိုယ်ရိုက်ကူးချင်တဲ့ဇာတ်မျိုးတွေရော ရှိသလား။

ဖြေ။ ။ကိုယ့်အရွယ် အနေအထားနဲ့ ကိုက်ညီရင်တော့ ကျွန်တော်ရိုက်ဖြစ်မှာပါ။ ပရိသတ်လည်း အားပေးရကျိုးနပ်မယ်၊ အားလုံးအတွက်လည်း အဆင်ပြေပြီး အရွယ်နဲ့ လိုက်ဖက်မယ့်ဇာတ်ဆိုရင် ရိုက်ကူးသွားမှာပါ။

မေး။ ။လက်ရှိရုပ်ရှင်လောကအပေါ် အမြင်လေး ပြောပါဦး။

ဖြေ။ ။ရုပ်ရှင် ဇာတ်ကားဖန်တီးမှုတွေလည်း အများကြီး တိုးတက်လာပါတယ်။ ကြည့်ရှုသူတွေရော၊ ဖန်တီးသူအပိုင်းကရော အစစအရာရာ တိုးတက်လာတာကို တွေ့ရပါတယ်။ ကောင်းပါတယ်။

မေး။ ။ဂီတပိုင်းနဲ့ ပတ်သက်ပြီးရော ဘယ်လိုဖန်တီးဖြစ်မလဲ။

တချို့ပရိသတ်တွေက သီချင်းကို ပြန်လည်တောင့်တကြတာရှိတယ်ဆိုတော့ အဟောင်းလေးတွေ ပြန်ထုတ်မယ်။ သီချင်းဟောင်းတွေကို ပြန်နားထောင်ဖို့ သီချင်းခွေတွေလည်း မရှိတော့ဘူး။ စုဆောင်းချင်သူတွေမှာလည်း မရှိတော့ဘူးလို့ ပြောကြတယ်။ တောင်းဆိုသူများနေတော့ သီချင်းဟောင်းလေးတွေကို ပြန်ဆိုပြီး ခွေထုတ်ဖို့တော့ စီစဉ်နေပါတယ်။ အရင်တုန်းက ကျွန်တော်က ကော်ပီတွေလည်း ဆိုဖြစ်တာကိုး။ အမှန်ကတော့ ကိုယ်ပိုင်သံစဉ်တွေပဲ ဆိုချင်တော့တယ်။ ပရိသတ်ကြိုက်တဲ့အထဲမှာ ကော်ပီသီချင်းလေးတွေလည်း ပါနေတော့ အဆင်အပြေဆုံးအနေအထား ပြန်စုပြီး ထုတ်မယ်လို့ စဉ်းစားထားပါတယ်။

မေး။ ။ဒီနေ့ ဂီတရေစီးကြောင်းက အွန်လိုင်းပေါ် တင်လာကြပြီဆိုတော့ အစ်ကို အနေနဲ့ရော။

ဖြေ။ ။ခေတ်ကာလအရ တစ်ကမ္ဘာလုံးမှာ တိုးတက်ပြောင်းလဲလာပြီဆိုတော့ အမြင်တွေလည်း ကျယ်လာတယ်။ လူငယ်တွေအတွက် လမ်းတွေလည်း ပွင့်လာတယ်ပေ့ါ။ ဘက်စုံထောင့်စုံ တိုးတက်လာတယ်။ ကျွန်တော်ရဲ့ ကိုယ်ပိုင် သံစဉ်သစ်တွေ ရေးထားပြီး ခွေထုတ်ဖို့ ကြန့်ကြာနေတာရှိတယ်။ ကျွန်တော့် ကိုယ်ပိုင် အသစ်တွေ ဖန်တီးပြီးတော့ အွန်လိုင်းပေါ်တင်ဖြစ် မတင်ဖြစ်ကတော့ မသိသေးပါဘူး။

မေး။ ။ကိုယ်ပိုင်သံစဉ်အသစ်တွေ ရေးထားတယ်ဆိုတော့ အရင်အောင်မြင်ခဲ့တဲ့ သီချင်းတွေနဲ့ ဘယ်လို ကွာခြားမှုတွေရှိမလဲ။

ဖြေ။ ။သီချင်းရေးသားခဲ့တဲ့ ဆရာတွေကလည်း တစ်ယောက်နဲ့တစ်ယောက် မတူဘူးလေ။ ကိုယ်တိုင် ခံစားပြီး ရေးသားကြတယ်ဆိုတော့ သီချင်းတွေလည်း မတူကြပါဘူး။ ကျွန်တော်လည်း ကိုယ်တိုင် ခံစားလို့ရတာမျိုးလေးတွေကို ရေးဖြစ်တာပါ။ သူငယ်ချင်းတွေ ရေးပေးတာတွေလည်း ပါပါတယ်။ စုထား သိမ်းဆည်းထားချင်သူတွေအတွက် ရည်ရွယ်ပြီးတော့ သီချင်းဟောင်းလေးတွေ ပြန်ဆိုပြီး ခွေထုတ်မှာပါ။ ကျွန်တော့်ကို မမေ့မလျော့ဘဲ စောင့်မျှော်နေတဲ့ ပရိသတ်အတွက် ကြိုးစားပြီးတော့ တင်ဆက်ပါ့မယ်လို့ ပြောချင်ပါတယ်။

ကိုလင်း

နိုင်ငံပေါင်း ၄၅ နိုင်ငံပါဝင်သည့် ကလေးမော်ဒယ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အစ္စဘဲလ်က First Runner-up ဆုရရှိ

တရုတ်နိုင်ငံရှန်ဟိုင်းမြို့၌ ကျင်းပသည့် နိုင်ငံပေါင်း ၄၅ နိုင်ငံမှ ပြိုင်ပွဲဝင်များ ပါဝင်သော C Plan Kids Supermodel 2019 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သူ သမီးငယ် အစ္စဘဲလ်က First Runner-up ဆုကို ရရှိခဲ့သည်။ အဆိုပါ ပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပထမဆုံးအကြိမ် ကျင်းပသော ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

ဆုရရှိသော အစ္စဘဲလ်က “ဒီပွဲကြီးကို သမီးအနေနဲ့ ပထမဆုံးအကြိမ် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက် ယှဉ်ပြိုင်ခဲ့တာပါ။ ပြိုင်ပွဲမစတင်ခင် နှစ်လအလိုကစပြီး နိုင်ငံကိုယ်စားပြု အကောင်းဆုံးယှဉ်ပြိုင်နိုင်ဖို့ လိုအပ်တာတွေကို ဆရာဂျွန်လွင် ဦးစီးတည်ထောင်ထားတဲ့ Stars and Models အေဂျင်စီနဲ့အတူ ကြိုးစားပြင်ဆင်ခဲ့ပါတယ်။ အခုလို မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ပထမဆုံး သွားရောက်ယှဉ်ပြိုင်ခွင့်ရတဲ့ ပြိုင်ပွဲမှာ အကောင်းဆုံး ကြိုးစားပြီး နိုင်ငံ့ဂုဏ်ဆောင်ခွင့်ရရှိဖို့ ယှဉ်ပြိုင်ခဲ့ပါတယ်”ဟု ပြောသည်။

အဆိုပါပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်မှုတွင် ပွဲစဉ်တစ်လျှောက် ဝတ်စုံများနှင့် အခြားဝတ်စုံများကို ဒီဇိုင်နာသျှတ္တရက အကောင်းဆုံး ပြင်ဆင်ချုပ်လုပ်ပေးခဲ့ပြီး Talent ပိုင်း အနေဖြင့် မြန်မာအကကို စံတော်ချိန် တီးလုံးနှင့် ကပြတင်ဆက်ယှဉ်ပြိုင်ခဲ့ကာ အကပညာရပ်ကို ပန်တျာကျောင်းမှ နည်းပြဆရာမနှင့် စနစ်တကျ လေ့ကျင့်သင်ယူပြင်ဆင်ခဲ့ကြောင်း သိရသည်။

ကိုလင်း

Reflexion သရုပ်ဆောင်သစ် ရွေးချယ်ပွဲတွင် အကောင်းဆုံးအဖြစ် ရွေးချယ်ခံရသူ ထူးပြည့်အောင်နှင့် တွေ့ဆုံမေးမြန်းခြင်း

Reflexion Creative Studio အနုပညာသင်တန်းကျောင်းက ကျင်းပသည့်သရုပ်ဆောင်သစ်များ ရွေးချယ်ပွဲတွင် Winner အဖြစ် ရွေးချယ်ခံလိုက်ရသူ သရုပ်ဆောင် ဒေါက်တာထူးပြည့်အောင်အနေဖြင့် ဇာတ်လမ်းတွဲများ ရိုက်ကူးလျက်ရှိသလို ရုပ်ရှင်ကားကြီးတစ်ကား ရိုက်ကူးရန်အတွက်လည်း ပြင်ဆင်နေကြောင်း သိရသည်။ ယခင်က အစီအစဉ်တင်ဆက်သူအဖြစ် လုပ်ကိုင်ခဲ့ရာမှ ကြော်ငြာများရိုက်ကူးခြင်းဖြင့် အနုပညာလုပ်ငန်းများကို လုပ်ကိုင်ခဲ့ပြီး ပထမဆုံး ရုပ်ရှင်ကားကြီးအဖြစ် ဟစ်တိုင် ရုပ်ရှင်တွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့သူ ဒေါက်တာထူးပြည့်အောင်နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

မေး။ ။အနုပညာခြေလှမ်းတွေ ဆက်လာပြီဆိုတော့ ပရိသတ်တွေအတွက် ဘာတွေပြင်ဆင်နေလဲ။

ဖြေ။ ။ကျွန်တော်က Reflexion Creative Studio က ဦးစီးကျင်းပတဲ့ ဇာတ်ကားများ ရိုက်ကူးဖို့အတွက် မျက်နှာသစ်သရုပ်ဆောင်တွေ ရွေးချယ်ပွဲမှာ အကောင်းဆုံး သရုပ်ဆောင်ဆုကို ရရှိခဲ့ပါတယ်၊ အခုလည်း ရုပ်ရှင်ကားကြီးအတွက် သရုပ်ဆောင်ပိုင်းပြင်ဆင်မှုတွေ လုပ်နေပါတယ်၊ ပြီးတော့ ဇာတ်လမ်းတွဲတွေလည်း ရိုက်ဖို့ရှိပါတယ်၊ လောလောဆယ် Sky Net ရုပ်သံကရိုက်တဲ့ ရှက်ဖိုးချစ်သူ ဆိုတဲ့ ဇာတ်လမ်းတွဲရိုက်ထားတာ လွှင့်ပါတော့မယ်၊ ဩဂုတ်လထဲမှာ စလွှင့်မှာပါ။

မေး။ ။အနုပညာခြေလှမ်းအစမှာ တွေ့ခဲ့ရတဲ့ ခက်ခဲမှုတွေက ဘာတွေဖြစ်မလဲ။

ဖြေ။ ။အခက်အခဲဆိုရင်တော့ ကျွန်တော်က အစီအစဉ် တင်ဆက်သူအဖြစ်နဲ့ ဒီလောကထဲ ဝင်လာတာပါ၊ ၂၀၁၂ ခုနှစ်ကစပြီး အစီအစဉ်တင်ဆက်သူအလုပ်ကို လုပ်ခဲ့ပါတယ်၊ ဒီအနုပညာလောကမှာတော့ ကျွန်တော်က အသစ်တစ်ယောက်ပါ၊ သရုပ်ဆောင်ဘက်ကို ကူးချင်လာတဲ့အခါ သရုပ်ဆောင် ပြိုင်ပွဲတွေ ပြိုင်ရတယ်၊ ကျွန်တော့်အတွက် အခက်တွေ့တာကတော့ ကိုယ်တိုင်က စီစဉ်တင်ဆက်သူအနေနဲ့ လာတာဆိုတော့ သရုပ်ဆောင်တဲ့အခါ အဲဒီအကျင့်က ပါလာတယ်၊ ဒါကို တော်တော်လေး ဖျောက်ယူရတယ်၊ သရုပ်ဆောင်ရင်းနဲ့ အမူအရာသာမက စကားပါပြောရတာဆိုတော့ စကားပြောတဲ့ အပိုင်းက ကျွန်တော့်အတွက် အခက်ခဲဆုံးတစ်ခုပါပဲ။

မေး။ ။ Reflexion ရဲ့ပြိုင်ပွဲမှာ ဝင်ပြိုင်ဖြစ်ခဲ့တာကရော။

ဖြေ။ ။Reflexion Art Center ဆိုတာက ဗီဒီယိုဂရပ်ဖစ်ပိုင်းတွေလုပ်ကိုင်တဲ့လုပ်ငန်းတစ်ခုပါ၊ သင်တန်းကျောင်းဆိုလည်း မမှားပါဘူး၊ ကိုသက်ပိုင်က ဒီပွဲကို စီစဉ်တာပါ၊ အဲဒီပွဲမှာ ဝင်ပြိုင်တဲ့ ပြိုင်ပွဲဝင်တွေကို မေးခွန်းတွေ မေးတဲ့အခါမှာလည်း အင်္ဂလိပ်လိုတွေပဲများတယ်၊ အဲဒီကနေ ရေးဖြေအောင်မှ အဆင့်ဆင့် တက်ရတာပါ၊ အမူအရာပိုင်းတွေရောပေ့ါနော်၊ နောက်ဆုံးမှာတော့ ကျွန်တော့်ကို Winner အဖြစ် ရွေးခဲ့တာပါ၊ ဘယ်လိုအချက်တွေက သူတို့ပြိုင်ပွဲနဲ့ ကိုက်ညီသွားတယ်ဆိုတာ ကျွန်တော်တော့ သေချာမသိပါဘူး၊ ပြိုင်ပွဲမှာ ကျွန်တော့်ထက် တော်တဲ့သူတွေ၊ စီနီယာတွေလည်း ပါကြပြီး အားလုံးကတော့ ကြိုးစားကြတာပါပဲ၊ ဒါပေမယ့် စီစဉ်သူတွေရဲ့ ရွေးချယ်မှုနဲ့ပဲဆိုတော့ ကိုယ်တတ်နိုင်သလောက် ကျွန်တော် ကြိုးစားခဲ့တာပါပဲ၊ ဆုပေးပွဲကိုလည်း မကြာမီ ကျင်းပမယ်လို့ သိရပါတယ်။

ကိုလင်း

ရုရှားနိုင်ငံမှ အိုကီယမ်စင်တာ လူငယ်ပွဲတော်သို့ မြန်မာ့ဇာတ်သဘင်လူငယ်များ တက်ရောက်

မြန်မာနိုင်ငံ သဘင်အစည်းအရုံးမှ မျိုးဆက်သစ်လူငယ်များ ပါဝင်သည့် သဘင်လူငယ်အဖွဲ့သည် Private Teachers Association နှင့် ပူးပေါင်း၍ ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့ အိုကီယမ်စင်တာ၌ ဇူလိုင် ၂၃ ရက်က ကျင်းပသည့် လူငယ်ပွဲတော်(Children of The World-2019)သို့ တက်ရောက်ရန် ဇူလိုင် ၁၉ ရက်က ရုရှားနိုင်ငံသို့ ထွက်ခွာခဲ့သည်။

မြန်မာနိုင်ငံ သဘင်အစည်းအရုံးမှ တာဝန်ရှိသူတစ်ဦးက “ဒီပွဲက ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ယဉ်ကျေးမှုအဖွဲ့တွေက သူတို့ရိုးရာတွေကို ကမ္ဘာကသိအောင် ပြသတဲ့ပွဲတစ်ခုပါ။ ကျွန်တော်တို့ ၂၀၁၈ ခုနှစ်တုန်းကလည်း သွားရောက်ခဲ့ဖူးပါတယ်၊ အဲဒီတုန်းကလည်း ဆုတွေအများကြီးရခဲ့လို့ ဝမ်းသာမဆုံးဖြစ်ခဲ့ရပါတယ်၊ ဒီခရီးစဉ်အတွက် လေယာဉ်ခ ကုန်ကျစရိတ်ကိုတော့ ကျွန်တော်တို့ ကိုယ်ပိုင်အစီအစဉ်နဲ့ သွားရောက်ကြတာပါ၊ နေထိုင်စားသောက်ခြင်း ကိစ္စအဝဝအတွက်တော့ ရုရှားနိုင်ငံဘက်က တာဝန်ယူစီစဉ်ပေးပါတယ်၊ ဒီနှစ် ခရီးစဉ်လေးအတွက် ပံ့ပိုးကူညီမှုများပေးတဲ့ CB ဘဏ် ဥက္ကဋ္ဌကြီး ဦးခင်မောင်အေး၊ ကရင်ပြည်နယ် သဘင်နာယကကြီး ဦးစောချစ်သူ၊ လူငယ်များ ပြိုင်ပွဲဝင်ရာမှာ အသုံးပြုမယ့် Welcome to Myanmar တေးသီချင်းကို အသုံးပြုခွင့်ပေးတဲ့အပြင် လူငယ်တွေအတွက် မြန်မာနိုင်ငံအလံကိုယ်စားပြုအရောင် ဂျာကင်တွေ လက်ဆောင်ပေးတဲ့ SNARE အဖွဲ့၊ တူညီ မြန်မာဝတ်စုံတွေ စီစဉ်ပေးတဲ့ နန်းတက်မင်းသား ပိုးထည်တိုက်နဲ့ အခြားကျေးဇူးတင်ထိုက်သူများကို ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

လူငယ်ပွဲတော်သို့ ယခုနှစ် သွားရောက်သော မြန်မာ့သဘင်လူငယ်အဖွဲ့တွင် ဗဟို သဘင်အမှုဆောင်(၃) ဒေါ်မြတ်နုသွေး ခေါင်းဆောင်၍ သဘင်မျိုးဆက်သစ် လူငယ်များ လိုက်ပါသွားကြကြောင်း သိရသည်။

အဆိုပါ လူငယ်ပွဲတော်သို့ မြန်မာနိုင်ငံမှလူငယ်များ ယမန်နှစ်က ပထမဆုံးအကြိမ် သွားရောက်စဉ်က ပွဲတော် အနုပညာပြိုင်ပွဲ၏ အမြင့်ဆုံး Grand Prix ဆုကြီးကို မြန်မာလူငယ်များက ဆွတ်ခူးနိုင်ခဲ့ကြောင်းနှင့် ယခုနှစ်ပွဲတော်သို့ ဂျပန်၊ တရုတ်၊ ဒိန်းမတ်၊ ဂျာမနီ၊ နယ်သာလန်၊ စပိန်၊ ကိုရီးယား၊ မွန်ဂိုလီးယား၊ ပြင်သစ်၊ ဆာဘီးယား၊ ဘယ်လာရုစ်၊ ဂရိ၊ အယ်လ်ဂျီးရီးယား၊ ဆွစ်ဇာလန်၊ ဘူလ်ဂေးရီးယား၊ လာအို၊ ဗီယက်နမ်၊ ကာဇက်စတန်၊ မြန်မာနှင့် ရုရှားနိုင်ငံတို့မှ လူငယ်အဖွဲ့များ တက်ရောက်ကြကြောင်း သိရ သည်။

ကိုလင်း

နိုင်ငံတကာအနုပညာသတင်းပဒေသာ

Fast and Furious 9 ဇာတ်ကားရိုက်ကူးစဉ် စတန့်သရုပ်ဆောင် ဒဏ်ရာရ

ဝါနာဘရားသားစတူဒီယိုမှာ Fast and Furious 9 ဇာတ်ကား ရိုက်ကူးနေစဉ် စတန့်သရုပ်ဆောင်တစ်ဦး ဦးခေါင်းမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့တယ်လို့ သိရပါတယ်။ ဇာတ်ကားရိုက်ကူးလို့ နေ့ဝက်မတိုင်မီမှာ လူနာတင်ရဟတ်ယာဉ်နဲ့ ရဲတွေကို ခေါ်ဆောင်ခဲ့ရပါတယ်။

အဆိုပါ စတန့်သရုပ်ဆောင်ဟာ ဗင်ဒီဇယ်ရဲ့နေရာမှာ သရုပ်ဆောင်ရတဲ့ စတန့်သမားဖြစ်ပြီး အမြင့်ကနေပြုတ်ကျတဲ့ ဒဏ်ရာရရှိခဲ့တာပါ။ အဲဒီစတူဒီယိုဟာ နာမည်ကျော် ဟယ်ရီပေါ်တာဇာတ်ကားတွေနဲ့ ဂျိမ်းစဘွန်းဇာတ်ကားတွေ ရိုက်ကူးတဲ့နေရာလည်း ဖြစ်ပါတယ်။

စတန့်သရုပ်ဆောင် ဒဏ်ရာရရှိသွားတဲ့အတွက် ရိုက်ကူးမှုကို အဲဒီနေ့က ရပ်လိုက်ရပါတယ်။ ဒဏ်ရာရသွားတဲ့ စတန့်သရုပ်ဆောင်ကို ရဟတ်ယာဉ်နဲ့ ဆေးရုံပို့ဆောင်ပေးခဲ့ပါတယ်။ Fast and Furious 9 ဇာတ်ကားမှာ ဗင်ဒီဇယ်နဲ့ မီရှယ်လ်ရိုဒရီဂက်ဇ်တို့ ပါဝင်ထားပြီး လာမယ့်နှစ်မှာ ပြသဖို့ စီစဉ်ထားတာပါ။

ဝါနာဘရားသားစတူဒီယိုတည်ရှိရာ ဟတ်ဖို့ရှိုင်းယားက ရဲအရာရှိကတော့ ကနဦး စုံစမ်းမှုတွေ ပြုလုပ်နေတယ်လို့ ပြောပါတယ်။ ယူနီဗာဆယ် ရုပ်ရှင်ထုတ်လုပ်ရေးက ပြောရေးဆိုခွင့်ရှိသူကတော့ ဇာတ်ကားရိုက်ကူးစဉ် အနာတရ ဖြစ်ပွားခဲ့ပြီး အဲဒီဖြစ်ရပ်ကို အလေးပေးလုပ်ဆောင်နေရလို့ ရိုက်ကူးမှုကို ရပ်လိုက်ရတယ်လို့ ပြောကြားခဲ့ပါတယ်။ စတန့်သမားရဲ့ နာမည်ကိုတော့ ဖော်ပြခဲ့ခြင်း မရှိပါဘူး။

ဘီဘီစီ

သရုပ်ဆောင် ဗင်ဒီဇယ်နဲ့ မီရှယ်လ်ရိုဒရီဂက်ဇ်

နွေရာသီကာလအတွင်း ဘရက်ပစ် ကလေးတွေနဲ့အတူ ရှိခွင့်ရ

ကလေးအုပ်ထိန်းခွင့်အတွက် ကာလရှည်ကြာ တရားရင်ဆိုင်ခဲ့ကြတဲ့ နောက်မှာတော့ အင်ဂျလီနာဂျိုလီဟာ နွေရာသီအတွင်း ကလေးတွေကို ဘရက်ပစ်နဲ့အတူ ရှိနေစေဖို့ ဆုံးဖြတ်ပေးခဲ့ပါတယ်။

ဂျိုလီဟာ နွေရာသီအတွင်းမှာ ဇာတ်ကားရိုက်ကူးစရာတွေ အပြည့်ရှိနေတဲ့အတွက် နွေရာသီကာလမှာ ကလေးတွေနဲ့အတူ ရှိနေပေးဖို့ ဘရက်ပစ်ကို ကမ်းလှမ်းခဲ့တာပါလို့ သတင်းအရင်းအမြစ်တစ်ခုက The Sun ကို ပြောပါတယ်။

ဂျိုလီဟာ Those Who Wish Me Dead ဇာတ်ကားရိုက်ကူးဖို့ အလုပ်ရှုပ်နေပါတယ်။ ဂျိုလီနဲ့ ဘရက်ပစ်တို့စုံတွဲဟာ ကလေးခြောက်ဦးကို အုပ်ထိန်းခွင့်ရရေး တရားရုံးမှာ တရားရင်ဆိုင်ခဲ့ကြသူတွေလည်း ဖြစ်ပါတယ်။ အခုအခါမှာတော့ အလှည့်အပြောင်းတစ်ခုကို ရောက်လာပြီလို့ ယူဆရမှာပါပဲ။ သူတို့ကွာရှင်းချိန်ကစလို့ ဘရက်ပစ်ဟာကလေးတွေနဲ့အချိန်အကန့်အသတ်နဲ့သာ တွေ့ခွင့်ရပါတယ်။

ဒါကြောင့် အခုအခါမှာတော့ ကလေးတွေအတွက်ကော သူတို့နှစ်ဦးအတွက်ပါ ကြီးမားတဲ့ ခြေလှမ်းတစ်ခုပါပဲလို့ အဆိုပါ သတင်းအရင်းအမြစ်က ပြောပါတယ်။ ဂျိုလီနဲ့ ဘရက်ပစ်တို့မှာ မက်ဒေါက်၊ ပက်ဇ်၊ ဇာဟာရာ၊ ရှီလို၊ ဗီဗီယန်နဲ့ ပက်ဇ်ဆိုတဲ့ ကလေးခြောက်ဦး ရှိပါတယ်။

နယူးအိုင်ဒီယာ

ဘရက်ပစ်ကို မက်ဒေါက်၊ ရှီလို၊ ပက်ဇ်တို့နှင့်အတူ တွေ့ရစဉ်။

ဖြိုး

ဥပဒေအတွေး ရေးပါရစေ အပိုင်း (၁၈၃)

ကာကွယ်ခုခံပိုင်ခွင့်

ဦးဟန်ညွန့် (ဥပဒေ)

မောင်ပျင်းရိ၏ အားပေးစကား

"ဆရာကြီးရေးတဲ့ ယခုရက်ပိုင်း ဆောင်းပါးတွေ အလွန်ဖတ်လို့ ကောင်းတယ်။ ဘာပြုလို့လဲဆိုတော့ အမှုသည်တွေ(တရားခံတွေ) လွတ်ရာလွတ်ကြောင်း၊ ပြစ်မှုကျူးလွန်ရာ မရောက်ကြောင်း ဆောင်းပါးတွေ ချည်းဖတ်နေရလို့ပဲ။ တရားခံတွေလွတ်မှ အမှုသည်တွေလည်း စိတ်ချမ်းသာ၊ သူတို့ပေးတဲ့ အမှုလိုက်ခတွေကိုလည်း(မျက်နှာမပျက်) အားရပါးရ ယူရတာ ကောင်းတယ်မဟုတ်လား ဆရာကြီး" ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက အားပေးစကား ကျွန်တော့်အား ပြောကြားနေလေသည်။

အများကြိုက်

ဘယ်သူမှ အပြစ်မကျလိုပေ။ ထောင်မကျချင်ပေ။ ရာဇဝတ်မှုတိုင်းကို အာမခံရချင်သည်။ အချုပ်က လွတ်ချင်သည်။ အပြစ်က အပြီးအပြတ်လွတ်ချင်သည်။ လူ့ဘဝ။ လူ့ဓမ္မတာ။

သို့သော်ငြား ပြီးခဲ့သော အပတ်ကရေးခဲ့သော ကင်းလွတ်ရမြဲအချက်များ၊ သဘောရိုးဖြင့် ပြုလုပ်မှု ဆောင်းပါးများထဲမှာ ရေးခဲ့သည့် အတိုင်းပါပဲ။ ဥပဒေဘောင်ဝင်မှု၊ ဥပဒေဘောင်ဝင်ခြင်းကိုလည်း တရားသူကြီးက ချိန်ချိန်ဆဆလက်ခံမှ ဖြစ်သည်။ ရှေ့နေကလည်း အမှုသည်အတွက် ကြိုးကြိုးစားစား၊ ဥပဒေအကိုးအကားဖြင့် စွမ်းရည်ပြည့် တင်ပြနိုင်မှ ဖြစ်သည်။ (အများကြိုက်သော)အပြစ်မှ ကွင်းလုံးကျွတ် လွတ်ခြင်းကို တာဝန်ရှိသူတိုင်း တာဝန်ကျေပွန်မှ ဖြစ်မည်မဟုတ်လား။

ကာကွယ်ခုခံပိုင်ခွင့်အကြောင်း

"အမှုကလွတ်ရာလွတ်ကြောင်း ထုချေချက်တွေ၊ ကာကွယ်ခုခံပိုင်ခွင့်ရပြီး အမှုက လွတ်သွားတဲ့ အကြောင်းတွေ များများရေးပေးစမ်းပါ ဆရာကြီး၊ မင်္ဂလာရှိလွန်းလို့ပါ"ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ကျွန်တော့်အား တိုက်တွန်းနေပြန်ပါသည်။

ပေါ့လျော့ခြင်းဖြင့် လူသေစေမှု

တရားခံသည် ပြစ်မှုမကင်းသော ကြံရွယ်ချက်ဖြင့် သေသူကို သတ်ဖြတ်ခြင်းမဟုတ်ဘဲ ၎င်း၏အရမ်းပြုလုပ်မှု သို့မဟုတ် ပေါ့ဆသော ပြုလုပ်မှုကြောင့် သေသူ၊ သေဆုံးရခြင်းဖြစ်လျှင် ရာဇသတ်ပုဒ်မ ၃၀၄ (က)အရ လူသေမှု ကျူးလွန်သည်။

ပုဒ်မ ၃၀၄ (က)အရ တာဝန်ရှိ၊ မရှိစိစစ်ရာတွင် တရားခံ၏ ပေါ့လျော့မှု သို့မဟုတ် ရမ်းကားမှုသည် သေသူ၊ သေဆုံးရခြင်း၏ တိုက်ရိုက်အကြောင်းအရာ ဟုတ်မဟုတ် ဆန်းစစ်ရသည်။ တစ်နည်းဆိုရသော် သေသူ၊ သေဆုံးရခြင်းသည် တရားခံ၏ ရမ်းကားပေါ့ဆမှု၏ နီးကပ်၍ ထိရောက်သော အကြောင်းတရားကြောင့် ဖြစ်ရမည်။ တတိယ သူ၏ပေါ့ဆမှု ပါဝင်လာခြင်းကြောင့် မဟုတ်စေရပေ။

အောက်ပါအမှုများ

အောက်ပါအမှုများတွင် တရားခံသည် လူသေမှု (ပုဒ်မ ၃၀၄-က) အရ ပြစ်မှုကျူးလွန်ကြောင်း ဆုံးဖြတ်သည်။

(၁) တရားခံသည် မိမိ၏ရိုင်ဖယ်ကို ကျည်ထိုးနေရာမှ နောက်ပြောင်ပြီး မောင်းဆွဲရာ သေသူကို ထိမှန်သေဆုံးခြင်း

(၂) ရန်ဖြစ်ကြစဉ် တရားခံက သေသူအား မီးရထားပေါ်သို့ ကျစေပြီး ခေါင်းကို ရထားကြိတ်၍ သေဆုံးခြင်း

(၃) တရားခံကို ဘရိတ်အုပ်ရန် အော်ဟစ်ပြောရသည်။ ဤအချက်မှာ တရားခံ ပေါ့ဆကြောင်းပြသည်။ တရားခံသည် ဟွန်းတီးရန် ပျက်ကွက်သည်။

(၄) ကားကို မောင်းနှင်လျှင် ဂီယာဝင်နေ၊ မနေ ဂရုတစိုက် ဆန်းစစ်ရန်လိုသည်။ ဤကဲ့သို့ စစ်ဆေးခြင်းမပြုသောကြောင့် ကားသည် ရုတ်ချည်း နောက်သို့ဆုတ်ကာ တိုက်မိသဖြင့် တရားခံသည် ရမ်းကားပေါ့ဆစွာ ပြုလုပ်ခဲ့သည်။

(၅) လမ်းကွေ့တွင် ကားကို အရှိန်ပြင်းစွာ မောင်းခြင်း၊ လမ်းကွေ့မှ လမ်းဖြောင့်ပေါ်သို့ ထွက်ခဲ့ရာတွင် အချက်မပေးခြင်းတို့သည် ပေါ့လျော့သော ပြုလုပ်မှုဖြစ်သည်။

(၆) တရားခံတို့သည် သေသူ၏အကျိုးအတွက် ဆောင်ရွက်သည်ဟု အမှန်ယုံကြည်ပြီး သေသူနှင့် ဆွေမျိုးတို့၏ သဘောတူညီချက်ဖြင့် ၎င်းကိုကပ်နေသော မကောင်းဆိုးဝါးကို နှင်ခြင်းဖြင့် သေသူ၏ ရောဂါကို ကုသရန် ရည်ရွယ်ချက်ဖြင့် သေသူအား ပြင်းပြင်းထန်ထန် ရိုက်ပုတ်ကြသည်။ ၎င်းတို့သည် ထိုက်သင့်သော သတိပြုခြင်းနှင့် စိတ်အာရုံပြုခြင်း ကင်းစွာဖြင့် ပြုလုပ်ကြသဖြင့် သေသူ သေဆုံးသည်။ တရားခံတို့သည် သေသူကို သေစေရန် အကြံမရှိချေ။ မိမိတို့ ရိုက်ပုတ်ခြင်းကြောင့် သေလိမ့်မည်ဟုလည်း မသိ။ သို့ဖြစ်၍ ပုဒ်မ ၃၀၄ (က)ကျူးလွန်ရာ ရောက်သည်။

ကြီးသောအမှုငယ်စေသော အကြောင်းခြင်းရာများ

အောက်ပါအချက်များ ပေါ်ပေါက်ပါက လူသတ်မှု မမြောက်။ လူသေမှုသာဖြစ်သည်။

(၁) တရားခံသည် မိမိစိတ်ကို မချုပ်တည်းနိုင်လောက်အောင် ရုတ်တရက် အကြီးအကျယ် ဒေါသထွက်အောင်ပြုခြင်း ခံရခြင်း

(၂) ဒေါသထွက်စဉ် တရားခံသည် လူကို သတ်မိခြင်း

(၃) အသတ်ခံရသူသည် တရားခံကို ဒေါသထွက်အောင် ပြုသူဖြစ်ခြင်း၊ သို့မဟုတ် တရားခံက မှားယွင်း၍သော်လည်းကောင်း၊ မတော်တဆသော်လည်းကောင်း သတ်မိသူဖြစ်ခြင်း

(၄) သတ်သည့်အတွက် အပြစ်တင် ကင်းလွတ်ခွင့်ရအောင် တရားခံသည် ဒေါသထွက်စေမှုကို မိမိကိုယ်တိုင်ရှာကြံမှု မရှိခြင်း၊ သို့မဟုတ် မိမိဒေါသ ထွက်အောင် သူတစ်ပါးက ပြုစေရန် တရားခံက ထိုသူအား မိမိအလိုအလျောက်ပြုမှု မရှိခြင်း

(၅) ဥပဒေကို နာခံ၍ ပြုမူဆောင်ရွက်ခြင်းကြောင့် ထွက်စေသော ဒေါသမျိုးမဟုတ်ခြင်း၊ သို့မဟုတ် ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ကိုသုံးစွဲလျက် ပြုမူဆောင်ရွက်ခြင်းကြောင့် ထွက်စေသော ဒေါသမျိုးမဟုတ်ခြင်း၊ သို့မဟုတ်၊ ကာကွယ်ခုခံပိုင်ခွင့်ကို ဥပဒေနှင့်အညီ သုံးစွဲခြင်းဖြင့် ထွက်စေသော ဒေါသမျိုး မဟုတ်ခြင်း

ကာကွယ်ခုခံပိုင်ခွင့် ဘယ်အချိန်ပေါ်သလဲ

လူ့ကိုယ်ကို ဘေးအန္တရာယ်ဖြစ်စေမည်ဟု စိုးရိမ်ဖွယ်ရာအကြောင်း ပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် ကာကွယ်ခုခံပိုင်ခွင့် စတင်ပေါ်ပေါက်လာသည်။ ပစ္စည်းကို ကာကွယ်ခုခံပိုင်ခွင့်သည် ပစ္စည်းကို ဘေးအန္တရာယ်ဖြစ်စေမည့် စိုးရိမ်ဖွယ်ရာအကြောင်း ဖြစ်ပေါ်လာသည့်အခါမှ စတင်သည်။

အမှန်ရှိသည်၊ မရှိသည်ဖြစ်စေ

ဘေးအန္တရာယ်ဖြစ်စေမည်ဟု စိုးရိမ်ဖွယ်ရာ အကြောင်း ဖြစ်ပေါ်လာလျှင် ဘေးအန္တရာယ်အမှန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ စိုးရိမ်မှုမှာ အကျိုးသင့်အကြောင်းသင့်ဖြစ်ပါက ကာကွယ်ခုခံပိုင်ခွင့်ကို စတင်သုံးစွဲခွင့်ရသည်။ တစ်နည်းဆိုရသော် ကာကွယ်ခုခံပိုင်ခွင့်ကို စတင်သုံးစွဲခွင့်ရရန်၊ ဘေးအန္တရာယ်အမှန်ရှိဖို့မလို။ ဘေးအန္တရာယ်အမှန် ဖြစ်စေသည့် စိုးရိမ်ဖွယ်ရာအကြောင်း ဖြစ်ပေါ်လာဖို့သာ လိုသည်ဟု စီရင်ထုံးတစ်စောင်က ထောက်ပြသည်။

ရန်မူခြင်းခံရသည်အထိ စောင့်ရန်မလို

ကာကွယ်ခုခံပိုင်ခွင့် ရရှိရန် ရန်မူခြင်းခံရသည်အထိ စောင့်ရန် လိုအပ်ပါသလား။ မိမိကိုယ်ကို ကာကွယ်သည့်အနေဖြင့် ပြန်ရိုက်ခွင့်ရစေရန် အမှန်တကယ် အရိုက်ခံရဖို့မလို။ တစ်ဦးတစ်ယောက်သောသူသည် အခြားသူတစ်ဦးတစ်ယောက်ကို လှမ်း၍ရိုက်နိုင်လောက်အောင် နီးနီးကပ်ကပ်ရှိနေရာမှ ရိုက်ရန် လက်မြှောက်လိုက်လျှင် ထိုသို့ မရိုက်နိုင်စေရန် ထိုအခြားသူက မိမိကိုယ်ကို ကာကွယ်သည့်အနေဖြင့် ရန်မူသူကို ရိုက်ခွင့်ရှိသည်။ ထိုသူသည် မိမိလက်ကိုမြှောက်၍ အခြားသူကိုရိုက်ရန် အလို့ငှာ ရှေ့သို့တစ်လှမ်း တိုးခြင်းသည် လက်ရောက်မှုဖြစ်သည့်အလျောက် လက်ရောက်မှုပြုခြင်းခံရသူတွင် ကာကွယ်ခုခံပိုင်ခွင့် ရရှိလာသည်။ ရန်တုံ့ပြန်ရန် အလို့ငှာ ထိုသူသည် အရိုက်ခံရသည်အထိ စောင့်ရန်မလို။ လက်ရောက်မှုကြောင့် ဘေးအန္တရာယ်ဖြစ်စေမည့် စိုးရိမ်မှုရှိလာသည်နှင့် တစ်ပြိုင်နက် ကာကွယ်ခုခံပိုင်ခွင့်ကို ကျင့်သုံးခွင့်ရသည်။ ထို့အတူ သူခိုးအိမ်ထဲရောက်မှ ပစ္စည်းကို ကာကွယ်ခုခံခွင့်ရသည်မဟုတ်။ သူခိုးအိမ်ထဲ မရောက်စေရန် တားဆီးခြင်းသည် ပစ္စည်းကို ကာကွယ်ရာ၌ ထိရောက်သော နည်းတစ်နည်းဖြစ်သည်ဟု စီရင်ထုံးတစ်စောင်က ညွှန်ပြသည်။

ရန်မူခြင်းခံရလျှင် ထွက်ပြေးရန် လိုသလော

တစ်ဦးတစ်ယောက်သောသူသည် ဘေးအန္တရာယ်ရှိသည့်အခါ ကာကွယ်ခုခံပိုင်ခွင့်ရှိသည်ဟုဆိုကာ ဘေးအန္တရာယ်ဆိုက်ရောက်သည့်အခါ ကာကွယ်ခုခံပိုင်ခွင့်ကို မကျင့်သုံးဘဲ ဘေးအန္တရာယ်ကို ကြိုးစား၍ ရှောင်ရှားရဦးမည်ဟုလည်းဆိုလျှင် သဘာဝကျမည်မဟုတ်။ ဤဥပဒေသမျိုး ထားရှိမည်ဆိုပါက ရမ်းကားသူကို အားပေး အားမြှောက်ပြုရာ ရောက်မည့်အပြင် အပြစ်ကင်း သူအားလည်း၊ တစ်ပန်းရှုံးစေမည်။ သူ့ရဲဘောနည်းအောင် ဖန်တီးရာရောက်မည်။ ထို့မှတစ်ပါး ဘေးအန္တရာယ်ကြီးမားလာသည်အထိ စောင့်ကြည့်စေခြင်းသည် လျော်ကန်မည်မဟုတ်။ ထိုအချိန်အထိ စောင့်ရလျှင် ထိထိရောက်ရောက် ကာကွယ်ခုခံပိုင်ခွင့်မှာ သိသိသာသာ လျော့နည်းသွားမည့်အပြင် ရန်တုံ့ပြန်ရာတွင် ရန်မူသူအားလည်း ပို၍ အနာတရ ဖြစ်စေမည်။ ထွက်ပြေးခြင်းဖြင့် ဘေးအန္တရာယ်ကို ရှောင်ရှားရမည်ဖြစ်လျှင် ဥပဒေက ခွင့်ပြုထားသည်ထက် ကာကွယ်ခုခံပိုင်ခွင့်ကို ကန့်သတ်ရာ ရောက်သည်။ လူတစ်ဦးတစ်ယောက်က မိမိအား ရန်မူလာလျှင် ရန်မူခြင်းခံရသူသည် ထွက်ပြေးရန်မလို။ ရပ်တန့်၍ ခုခံနိုင်သည်။ မိမိကို ရန်မူသူသည် ထပ်မံ၍ ရန်မမူနိုင်သည့်တိုင်အောင် ခုခံနိုင်ကြောင်း စီရင်ထုံးတစ်စောင်က သင်ပြသည်။

မှတ်စုစာအုပ်

ဘယ်တုန်းကမှ မှတ်စုစာအုပ်ထဲတွင် ရေးမှတ်လေ့မရှိသော အလုပ်သင်ရှေ့နေ မောင်ပျင်းရိက "ဆရာကြီးရေးတဲ့ ဒီဆောင်းပါးထဲမှာ တရားခံလွတ်ရာလွတ်ကြောင်းတွေ အများကြီးပါတယ်။ အရေးကြီးတဲ့ ခေါင်းစဉ်ကလေးတွေ မှတ်စုကူးထားဦးမယ်။ တစ်နေ့အသုံးဝင်မှာပဲ" ဟုဆိုကာ ရေးမှတ်နေလေသည်။

မည်သို့ပင်ဖြစ်စေ ရှေးအစဉ်အဆက် ဥပဒေပညာရှင်ကြီးများ စုဆောင်းရေးသားခဲ့သည်များကို ပြန်လည်စုစည်းပြီး ကျွန်တော်တို့က ဥပဒေအတွေးဆောင်းပါးများ ရေးခွင့်ရနေခြင်းပင် ဖြစ်ပါသည်။

စေတနာ

တရားခံများ လွတ်ရာလွတ်ကြောင်း နည်းလမ်းကောင်းများအဖြစ် ကာကွယ်ခုခံ ပိုင်ခွင့်အကြောင်း တွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။ ။

လိုင်လင်းပီမြို့၌ ဒေသထွက် ကုန်စိမ်းသီးနှံများ ရောင်းချနိုင်မည့်ဈေး စတင်ဖွင့်လှစ်

လိုင်လင်းပီ ဇူလိုင် ၂၃

ချင်းပြည်နယ် လိုင်လင်းပီမြို့ရှိ ဒေသခံပြည်သူများနှင့် အဆိုပါဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများက မီးဖိုချောင်သုံး ကုန်စိမ်းများဖြစ်သည့် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများနှင့် အခြားစားသောက်ဖွယ်ရာများကို အလွယ်တကူဝယ်ယူရရှိနိုင်ရေးအတွက် မရာအမျိုးသမီးအဖွဲ့မှကြီးမှူး၍ လိုင်လင်းပီမြို့ အမှတ်(၁) ရပ်ကွက်ရှိ မာမီဈေး၌ ဇူလိုင် ၂၃ ရက်မှ စတင်ဖွင့်လှစ် ရောင်းချပေးလျက်ရှိသည်။

"ပွင့်လင်းရာသီဆိုရင် အောက်ပြည်ကနေလာရောင်းတဲ့ ကုန်စိမ်းတွေ ဥပမာ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ပန်းဂေါ်ဖီ၊ မုန်လာထုပ်တို့ပေါ့။ အဲဒါတွေရောက်လာလို့ အဆင်ပြေပေမယ့် မိုးရာသီမှာတော့ ဟင်းချက်စရာတွေ ရှားလာတယ်။ အခုလို တစ်နေရာတည်းနဲ့ ဒေသထွက်ကုန်စိမ်းတွေဖြစ်တဲ့ အသီးအရွက်လေးတွေကို လွယ်လွယ်ကူကူဝယ်လို့ရတဲ့ ဈေးလေးရှိလာပြီဆိုတော့ ဒီကဝန်ထမ်းတွေအတွက်သာ မဟုတ်ဘဲ အခြားသူတွေများစွာအတွက်ပါ အဆင်ပြေတယ်"ဟု ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

လိုင်လင်းပီမြို့တွင် စည်ပင်ဈေးတည်ဆောက်နိုင်မှုမရှိသေး၍ ဒေသခံပြည်သူများနှင့် အထူးသဖြင့် အဆိုပါမြို့တွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများသည် ဟင်းသီးဟင်းရွက်များနှင့် အခြားစားသောက်ကုန်များ ဝယ်ယူရန် ရှားပါးလျက်ရှိပြီး ပွင့်လင်းရာသီလမ်းကောင်းသည့်အချိန်တွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့မှ ကုန်စိမ်းများ လာရောက်တင်ပို့ရောင်းချမှုများရှိသော်လည်း မိုးတွင်းရာသီ၌ ကားများမဝင်ရောက်လာနိုင်တော့သဖြင့် ကုန်စိမ်းရှားပါးမှုများဖြစ်ပေါ်လျက်ရှိရာ ယခုလို ဈေးရှိလာခြင်းကြောင့် ဒေသထွက်ကုန်များ အလွယ်တကူဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး ဒေသခံတောင်သူများလည်း မိမိတို့ခြံထွက် ကုန်စိမ်းများ အတည်တကျရောင်းချနိုင်တော့မည်ဖြစ်၍ အပိုဝင်ငွေအတွက် အခွင့်အလမ်းရရှိလာမည်ဖြစ်သည်။

အဆိုပါဈေးကို နေ့စဉ် နံနက် ၆ နာရီမှ ၈ နာရီနှင့် ညနေ ၃ နာရီမှ ၆ အထိ ရောင်းချပေးသွားကြမည်ဖြစ်ကြောင်းနှင့် လိုင်လင်းပီမြို့နှင့် အနီးအနားရှိ ကျေးရွာများမှ တောင်သူများလာရောက်ရောင်းချနေကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လိုင်လင်းပီမြို့ ဒေသထွက် ကုန်စိမ်းများ ရောင်းချနေမှုကို တွေ့ရစဉ်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ အထွေထွေပိုလျှံရန်ပုံငွေဖြင့် ချောင်းဦးမြို့နယ် ကျေးရွာခြောက်ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ချောင်းဦး ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်ရှိ ကျေးရွာခြောက်ရွာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အထွေထွေပိုလျှံရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ငွေကျပ် သန်း ၄၀ ဖြင့် လုပ်ဆောင်ပေးလျက်ရှိကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စိုးဝင်း၏ ပြောကြားချက်အရ သိရသည်။

ချောင်းဦးမြို့နယ်ရှိ ကျေးလက်လမ်းခင်းခြင်း ဆောင်ရွက်နေသောလမ်းပိုင်းတစ်နေရာ။

"အခုလုပ်ဆောင်ပေးမယ့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အပြီးလုပ်ဆောင်ပေးသွားမှာပါ။ ကွန်ကရစ်လမ်းတစ်ခုပြီးသွားရင် ဂျင်းခင်းတဲ့လုပ်ငန်းသုံးခုပါတဲ့အထဲမှာ လမ်းနှစ်ခုကတော့ မလုပ်ရသေးဘူး။ တစ်လမ်းကတော့ ထက်ဝက်လောက်ပြီးသွားပြီ။ တံတားကလည်း ၃၀ ရာခိုင်နှုန်းလောက်ပြီးနေပြီ"ဟု ၎င်းက ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အထွေထွေပိုလျှံရန်ပုံငွေကျပ်သန်း ၄၀ ဖြင့် ချောင်းဦးမြို့နယ်အတွင်းရှိ တောကျောင်းကြီးကျေးရွာတွင် အရှည် ပေ ၅၀၀၊ အကျယ် ၁၈ ပေရှိ ကွန်ကရစ်လမ်းခင်းခြင်း၊ သန်းပင်ကန်ကျေးရွာတွင် အရှည် ပေ ၁၀၀၀၊ လမ်းတစ်ဖက် အကျယ် သုံးပေရှိ လမ်း နှစ်လမ်းပါ ဘီးလမ်းခင်းခြင်း၊ ရွှေဒါးကျကျေးရွာတွင် အရှည် ၁၂ ပေ၊ အကျယ် ၁၀ ပေရှိ ကွန်ကရစ် တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ လှော်ကားကျေးရွာတွင် အရှည် ပေ ၂၀၀၀၊ အကျယ် ၁၂ ပေရှိ ဂျင်းမြေခင်းခြင်းလုပ်ငန်း၊ ရွှေကူကျေးရွာတွင် အရှည် ပေ ၂၀၀၀၊ အကျယ် ၁၂ ပေရှိ ဂျင်းမြေခင်းခြင်းလုပ်ငန်းနှင့် ကုန်းသာကျေးရွာတွင် အရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေရှိ ဂျင်းမြေခင်းခြင်းလုပ်ငန်းများပါဝင်ကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

ပေါက်မြို့မဈေး၌ ပလတ်စတစ်အိတ်အသုံးပြုမှု လျှော့ချရေးဆောင်ရွက်

ပေါက် ဇူလိုင် ၂၃

မကွေးတိုင်းဒေသကြီး ပေါက်မြို့စည်ပင်သာယာဈေးတွင် ယမန်နေ့က မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကြွပ်ကြွပ်အိတ်အစား အင်ဖက်၊ ငှက်ပျောဖက် သတင်းစာစက္ကူများသုံးစွဲရန် အခမဲ့ ဖြန့်ဝေပေးကာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်သည်။

ပြည်သူများ ကြွပ်ကြွပ်အိတ်သုံးစွဲမှုလျှော့နည်းစေရေး စည်းရုံးပညာပေးနေစဉ်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်က အဆိုပါဈေးတွင် တနင်္ဂနွေနေ့တိုင်း ဈေးများတွင် ကြွပ်ကြွပ်အိတ် မသုံးရဟု သတ်မှတ်ထားရှိပြီး ဓာတုနည်းပညာဖြင့် ပြုလုပ်ထားသည့် ကြွပ်ကြွပ်အိတ်များ အသုံးပြုခြင်းကြောင့် နှစ်စဉ်ရင်ဆိုင် ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေး အန္တရာယ်ကျရောက်နေမှုများကို လျှော့နည်းကျဆင်းစေရန် ရည်ရွယ်ကာ (Sunday Stop)လှုပ်ရှားမှုအဖြစ် အပတ်စဉ် အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများ၊ ဈေးရောင်းချနေသော ဈေးသည်များကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုအဖြစ် ကြွပ်ကြွပ်အိတ်သုံးစွဲမှုလျှော့ချရေး၊ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကြောင့် ရေ၊ မြေသဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေပြီး ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သဖြင့် ပလတ်စတစ်ကြွပ်ကြွပ်အိတ်သုံးစွဲမှုကိုလျှော့ချ၍ ကျန်းမာရေးကို အထောက်အကူပြုစေသည့် စက္ကူ၊ ဖက်ရွက်များကို အစားထိုး သုံးစွဲသွားကြရန် အသိပညာပေး ပြောကြားသည်။

သန်းနိုင်ဦး(ငဖဲ)

သန်လျင်မြို့၌ စနစ်ကျစက်မှုလယ်ယာမြေ ဖော်ထုတ်ရေးသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၃

တောင်သူအကျိုးပြု စနစ်ကျ အရည်အသွေးပြည့်မီသော စက်မှုလယ်ယာ စနစ်ကျ လယ်ယာမြေပေါ်ထွန်းလာစေရေး ရည်ရွယ်လျက် စက်မှုလယ်ယာ ဦးစီးဌာနနှင့် Family United Power Group Co.,Ltd. တို့ပူးပေါင်း၍ စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေဖော်ထုတ်ရေး အခြေခံ သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၁ ရက်က သန်လျင်မြို့ရှိ စနစ်ကျလယ်ယာမြေ ဖော်ထုတ်ရေးအဖွဲ့(အောက်မြန်မာပြည်)ရုံးသင်တန်းခန်းမ၌ကျင်းပသည်။

သန်လျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးသောင်းထိုက်တို့က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကုမ္ပဏီမှ Product Director ဦးကျော်ကျော်နိုင်က စက်မှု လယ်ယာဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ဆွေးနွေးသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ တို့က တစ်ပတ်ကြာ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

သန်းဝင်း (သန်လျင်)

ငလျင်ဘေးပညာပေးစာစောင်

ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ (မြင့်မားသောအဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။

၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

၅။ မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

ငလျင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

၃။ အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။

ရွှေပုံရတနာ မင်္ဂလာနန်းတော်၌ ကျင်းပသည့် တတိယမြန်မာနိုင်ငံတော်၏ ပထမမြို့တော် ပြည်ရွှေဘို မြို့တည် နန်းတည် (၂၆၆)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနား

ကျော်ဇော(လှသိပ္ပံ)ရွှေဘို

မုဆိုးဖို(ရွှေဘိုမြို့)သည် ပုဂံခေတ်ဦးကာလမှပင် စတင်တည်ရှိခဲ့သောမြို့ဖြစ်ပြီး - ပုဂံကောင်းစားစဉ်က ပြဋ္ဌာန်းခဲ့သော " နန်းစဉ်စာရင်းချုပ်ကြီး "တွင် စစ်မက်ရေးရာ ပေါ်ပေါက်လာပါက စစ်သားစုဆောင်းပေးရသော အင်အားသတ်မှတ်ချက်အရ - နှစ်ရာပြုမြို့(စစ်သားနှစ်ရာ စုဆောင်းပေးရသောမြို့) စာရင်းမှာ ပါဝင်သည့်မြို့ဖြစ်ခဲ့ပါသည်။ (ဦးကုလား ၊ ပ ၊ နှာ - ၂၆၉)

ငါးမည်ရပြည်ရွှေဘို

ယနေ့ ရွှေဘိုမြို့၏ မူလအမည်နာမမှာ မုဆိုးဖိုဖြစ်ပြီး တတိယမြန်မာနိုင်ငံတော်ကြီးကို အဦးအမွန် စတင်တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ (အေဒီ၁၇၁၄-၁၇၆၀)၏ လက်ထက်တော်အခါမှသာ ရန်ကြီးအောင်၊ ကုန်းဘောင်၊ ရတနာသိင်္ဃ ၊ ပြည်ရွှေဘို၊ မုဆိုးဖိုဟူ၍ ငါးမည်ရ ပြည်ရွှေဘို ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အထက်ဖော်ပြပါ မြို့အမည်ငါးမျိုးမှာ ထင်ရှားလှသော်လည်း လူသိနည်းသောအမည် တစ်မျိုးရှိသေးသည်။ ပါဠိဘာသာအားဖြင့် မှည့်ခေါ်ထားပြီး "အယုဇ္ဈပူရ" ဟူ၍ ဖြစ်သည်။ အလောင်းမင်းတရားကြီး ထုတ်ပြန်ခဲ့သော အမိန့်တော်များတွင် "အယုဇ္ဈပူရ"မည်သော "ရတနာသိင်္ဃ ကုန်းဘောင် ရွှေပြည်ကြီး" ဟူ၍ အမြဲသုံးစွဲခဲ့သည်ကို တွေ့ရသည်။ (ဒေါ်ခင်ခင်စိန် တည်းဖြတ်၊ အလောင်းမင်းတရားကြီး၏အမိန့်တော်များစာအုပ်)ထို့အတူ "ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး" နှင့် မင်းတုန်းမင်းတရားကြီး ရေးထိုးခဲ့သော ကျောက်စာများတွင်လည်း "အယုဇ္ဈပူရ" ဟူသော အသုံးအနှုန်းကို တွေ့ရသည်။ "အယုဇ္ဈပူရ" ၏အဓိပ္ပာယ်မှာ "စစ်ထိုးခြင်းငှာ မတတ်ကောင်းသောပြည်" ဟူ၍ဖြစ်သည်။ (ဦးဟုတ်စိန် - ရေး ပါဠိ မြန်မာ အဘိဓာန်)။ ၎င်း ငါးမည်ထဲမှ ကုန်းဘောင်ဆိုသောအမည်မှာ-ပုဂံအလောင်းစည်သူမင်းတရားကြီး ဆည်ဖို့ခဲ့သော ရွှေဘိုမြို့ အရှေ့ဘက်ရှိ တောင်မြောက်တန်းနေသည့် ကုန်းဘောင်ရိုးကို အစွဲပြု၍ ခေါ်ဆိုခဲ့သော အမည်တစ်ခုဖြစ်သည်။ ယင်းကိုအကြောင်းပြု၍ ကုန်းဘောင်မင်းဆက် ဟု ခေါ်တွင်ခဲ့ကြခြင်းဖြစ်သည်။ ကုန်းဘောင်မင်းဆက် ၁၁ ဆက်ရှိပြီး အတိုအားဖြင့် "အောင် ၊ နောင် ၊ ဆင် ၊ စဥ့် ၊ မောင် ၊ ဘိုး၊ ဘ ၊ သာ ၊ ဂံ ၊ တုန်း ၊ ပေါ " ဟူ၍ မှတ်ကြသည်။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျအား မုဆိုးဖိုမြို့သူကြီး သီရိမဟာဓမ္မရာဇာ ဘွဲ့ခံ မင်းညိုစံနှင့် မင်းစောဦးတို့က မြန်မာသက္ကရာဇ်-၁၀၇၆ ခု၊ တော်သလင်းလပြည့်ကျော် (၁)ရက် ၊ သောကြာနေ့ ည တစ်ချက်တီးကျော်တွင် မွေးဖွားခဲ့သည်။ အသက် ၁၉ နှစ်အရွယ်တွင် မယ်တော်၏ မောင်အရင်းဖြစ်သူ ဦးဖြိုးမြနှင့် မယ်ညက်တို့မှ ဖွားမြင်သည့် ခင်ယွန်းစံနှင့် ထိမ်းမြားလက်ထပ်သည်။

မြို့တည်နန်းတည်ခြင်းအစ

ညောင်ရမ်းမင်းဆက်၏ နောက်ဆုံးဘုရင်ဖြစ်သော အဝ (အင်းဝ)ဘုရင် မဟာဓမ္မရာဇာဓိပတိ လက်ထက်တော်တွင် မုဆိုးဖို၌ ကျေးကိုင်အရာအမှုတော်ကို ထမ်းဆောင်ရသည်။ ထိုအချိန်တွင် အဝ(အင်းဝ)၏ အခြေအနေမှာ- ဟံသာဝတီ နှင့် နှစ် ၄၀ ကြာ စစ်ပွဲဆင်နွှဲရင်းနှင့် မဏိပူရ

ကသည်းတို့၏ ဝင်ရောက်နှောင့်ယှက်ခြင်းတို့ကြောင့် တိုင်းပြည်တစ်ခုလုံး မငြိမ်မသက်ဖြစ်နေစဉ်တွင် ဦးအောင်ဇေယျ သည် အဝပျက်တော့မည့်အခြေအနေကို သိသဖြင့် မုဆိုးဖို အနီးအစပ် ၄၆ ရွာမှ အကြီးအကဲတို့နှင့် တိုင်ပင်ပြီး မုဆိုးဖိုမြို့ကို တာ ၄၇၀ ရှိသော ထန်းလုံးတပ်နှင့်ကာရံကာ အခိုင်အမာ နေထိုင်ပြီး မြို့တွင်း၌ စစ်သင်တန်းများပေးပြီး မြို့ပြင်၌ စစ်တလင်းရှင်းထားသည်။ နောက်ပိုင်းတွင် ဦးအောင်ဇေယျသည် တတိယမြန်မာနိုင်ငံတော်ကြီးကို ပြန်လည်ထူထောင်ရန်အတွက် ၎င်းနှင့်အတူ လက်တွဲ၍ တိုက်ပွဲဝင်ကြမည့် မုဆိုးဖို လက်ရွေးစင်သူရဲကောင်း ၆၈ ယောက်တို့ကို မြင်းရည်တက်တပ်ဖွဲ့ ဖွဲ့စည်းခဲ့သည်။ ထိုအချိန်တွင် ဦးအောင်ဇေယျ ၏ သက်တော်မှာ ၃၆ နှစ်သာရှိသေးသည်။

အလောင်းမင်းတရားကြီး လက်ထက်တော်မတိုင်မီက မြန်မာ နိုင်ငံသည် City State ခေါ် မြို့ပြနိုင်ငံငယ်လေးများအဖြစ်သာ အကွဲကွဲအပြားပြားတည်ရှိခဲ့သည်။ ယင်းကို ဦးအောင်ဇေယျအနေဖြင့် ကျေနပ်မှုမရှိ။ တစ်လုံးတစ်စည်းတည်းရှိသည့် တစ်ပြည်ထောင်စနစ်နိုင်ငံတော် (Unitary State) ကိုသာ လိုလားခဲ့သည်။ ထို့ကြောင့် ထိုအချိန်မှစ၍ တစ်ပြည်ထောင်စနစ် နိုင်ငံထူထောင်ရန်အတွက် မြန်မာနိုင်ငံအတွင်းသို့ လှည့်လည်တိုက်ခိုက်စည်းရုံး သိမ်းသွင်းရင်း နိုင်ငံတော်ကို ထူထောင်ခဲ့သည်။ အသာတကြည် သစ္စာတော်ခံကြသည့် မြို့ပြနိုင်ငံငယ်များ၏ ခေါင်းဆောင်များအား သူကောင်းပြု၍ အရိုက်အရာပေးခဲ့ပြီး ဖက်ပြိုင်သည့်သူများအား အပြတ်အသတ် ချေမှုန်းသုတ်သင်ခဲ့သည်။

ဥဩအော်မြည် ကုန်းဘောင်တည် ဆိုသည့်အဆိုအရ မြန်မာသက္ကရာဇ်-၁၁၁၅ ခုနှစ်တွင် ငါးမည်ရ ပြည်ရွှေဘိုကို စတင်တည်ထောင်ခဲ့ရာ ယခုရောက်သက္ကရာဇ်ဖြစ်သည့် ၁၃၈၁-ခုနှစ်တွင် မြို့တည် နန်းတည် နှစ်ပေါင်း ၂၆၆ နှစ် ရှိပြီဖြစ်သည်။ "ကျုံး၊ မြို့ ၊ နန်းနှင့် ၊ နတ်ကွန်း ပဟိုရ် ၊ ရွှေချက်သိုနှင့် ရေညို မြဟန် နန္ဒာကန်ကို၊ တပြိုင်ညီညာ၊ တည်ပြီးခါဝယ်" ဆိုသည့် ပလိပ်စားမင်းကြီး ဦးဖျော် ရေးခဲ့သည့် ချေါင်း လင်္ကာအရ အလောင်းမင်းတရားကြီးသည် သက္ကရာဇ်-၁၁၁၅ ခုနှစ် ၊ ပထမဝါဆိုလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့ ၆-၆-၁၇၅၃ နေ့တွင် ဌာနခုနစ်ခုကို တစ်ပြိုင်တည်း ပန္နက်စိုက်ထူပြီး မြို့တည်ခဲ့ခြင်းဖြစ်သည်။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် အမွေဆက်ခံခြင်းဖြင့် ဘုရင်ဖြစ်လာသူ မဟုတ်ဘဲ သာမန်ကျေးကိုင် အရာထမ်းဘဝမှ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိ၏ဘာသာ သာသနာတော်အပေါ် ပြင်းပြလှသည့် မြတ်နိုးသောချစ်စိတ်တို့ကြောင့် တတိယမြန်မာနိုင်ငံတော်၏ ရှင်ဘုရင်တစ်ပါးဖြစ်လာခဲ့ခြင်းဖြစ်ပြီး တတိယမြန်မာနိုင်ငံတော်ကို စည်းလုံးညီညွတ်မှု အင်အားဖြင့် တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြို့တည်နှစ် ၂၆၆ နှစ်ပြည့်ပွဲကျင်းပ

ထိုသို့သော ဂုဏ်ပုဒ်များနှင့် ကျေးဇူးတရားများကို အောက်မေ့ပြီး မြန်မာ့တော်ဝင် အနွယ်တော်များအစည်းအရုံး (Myanmar Royal Descendants Association)က ကြီးမှူးပြီး ရွှေဘိုမြို့သူ မြို့သားများ ပါဝင်သည့် အဖွဲ့အစည်းက သက္ကရာဇ်- ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၆)ရက် ၊ ခရစ်နှစ်- (၂၂-၇-၂၀၁၉) ၊ တနင်္လာနေ့ ၊ နံနက် ၈ နာရီတွင် ရွှေပုံရတနာ မင်္ဂလာ နန်းတော်၌ ၂၆၆ နှစ်ပြည့် မြို့တည်နန်းတည် အထိမ်းအမှတ်ပွဲတော်ကျင်းပသည်။

အထိမ်းအမှတ်အခမ်းအနားကို နံနက် ၈ နာရီတွင် ကုန်းဘောင်ဆက် ၁၁ ဆက်ကို ရည်စူး၍ ပင့်လျှောက်ထားသော ပင့်သံဃာ ၁၁ ပါးနှင့် ပရိသတ်က နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား စတင်ဖွင့်လှစ်သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အတုလမဟာမြကျောက် စေတီကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမာစာရ ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော်က ငါးပါးသီလနှင့် ဩဝါဒကထာချီးမြှင့်သည်။ ဆက်လက်၍ နိုင်ငံတော် ရွှေတံဆိပ်ဆုရှင် စောင်းမြင့်မြင့်သွယ်အဖွဲ့က "မော်ကွန်းတင် မင်္ဂလာရတုပိုဒ်စုံ"တို့ဖြင့် ပူဇော်သည်။ ထို့နောက် ပြည်ရွှေဘိုသမိုင်းဖြစ်စဉ် အကျဉ်းချုပ်ကို သီပေါဘုရင်၏ မြစ်တော် ဦးစိုးဝင်းက ဖတ်ကြားသည်။ ထို့နောက်ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်ကို ချီးမြှင့်ပြီး ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် အနွယ်တော်များ၊ ပရိသတ်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်သည်။

ဆက်လက်၍ မြို့မိမြို့ဖ ဒေါက်တာ တင်ဝင်းက ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားသည်။ ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရွှေဘိုမြို့သက်တော်ရှည် ပုခန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ အထံတော်မှ ရေစက်ချ အနုမောဒနာတရားကို နာယူကြည်ညိုကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ ရုပ်သိမ်းသည်။

ညနေ ၄ နာရီ၌ မြို့တည် နန်းတည် ၂၆၆ နှစ် အထိမ်းအမှတ်အဖြစ် ပင့်သံဃာ ၂၆၆ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့သည်။ ။

"အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် အမွေဆက်ခံခြင်းဖြင့် ဘုရင်ဖြစ်လာသူ မဟုတ်ဘဲ သာမန်ကျေးကိုင် အရာထမ်းဘဝမှ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိ၏ဘာသာ သာသနာတော်အပေါ် ပြင်းပြလှသည့် မြတ်နိုးသောချစ်စိတ်တို့ကြောင့် တတိယမြန်မာနိုင်ငံတော်၏ ရှင်ဘုရင်တစ်ပါးဖြစ်လာခဲ့ခြင်းဖြစ်ပြီး တတိယမြန်မာနိုင်ငံတော်ကို စည်းလုံးညီညွတ်မှု အင်အားဖြင့် တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်"

မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်းဖွဲ့စည်း

မန္တလေး ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများ အသင်းဖွဲ့စည်းခြင်း ရွေးကောက်ပွဲအခမ်းအနားကို ယမန်နေ့က မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ တိုင်းဒေသကြီး မသန်စွမ်းသူများအသင်းအခွင့်အရေးများဆိုင်ရာ ကော်မတီဒုတိယဥက္ကဋ္ဌ ဦးမျိုးသစ်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ဘဏ္ဍာရေးမှူး ဦးနေထွန်းက တိုင်းဒေသကြီး မသန်စွမ်းသူများအသင်းဖွဲ့စည်း ရွေးကောက်သည့်အကြောင်းအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ် အမှုဆောင်ဦးညွှန့်အောင်က အသင်းဖွဲ့စည်း ရွေးကောက်ခြင်းဆိုင်ရာ စည်းကမ်းချက်များနှင့် ဆန္ဒပြုမဲပေးပုံ လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပေးပြီး ရွေးကောက်ပွဲကြီးကြပ်သူ များ ပါဝင်ရွေးချယ်ခံမည့်သူ ၃၀ နှင့် တက်ရောက်လာကြသူများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ခရိုင်အလိုက် မသန်စွမ်းသူများက "မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်း၏ အလုပ်အမှုဆောင်များအား ဆန္ဒမဲပေးရွေးချယ်ခဲ့ရာ မန္တလေးခရိုင်မှ ကိုယ်အင်္ဂါချို့တဲ့ ဦးစိုင်းအောင်ထက် အပါအဝင် ၁၃ ဦး ရွေးချယ်ခံရသည်။ တိုင်းဒေသကြီး မသန်စွမ်းသူများအသင်း အလုပ်အမှုဆောင်ကော်မတီအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို ကျင်းပကာ အသင်းအစည်းအဝေးမှ ဥက္ကဋ္ဌအဖြစ် မန္တလေးခရိုင်မှ ကိုယ်အင်္ဂါချို့တဲ့ ဦးစိုင်းအောင်ထက် မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ တိုင်းရင်းဆေးမှူး တိုင်းရင်းဆေးရုံ-မန္တလေး ဒုတိယဥက္ကဋ္ဌအဖြစ် ဉာဏ်ရည်မသန်စွမ်း(မိဘ) ဒေါ်ခင်စန်းဝင်း Shining Star မသန်စွမ်းအဖွဲ့ဥက္ကဋ္ဌ ခန်းစီးလိုက်ကာချုပ်လုပ်ရေးလုပ်ငန်း၊ အတွင်းရေးမှူးအဖြစ် ကိုယ်အင်္ဂါမသန်စွမ်း ဦးကောင်းထက်သူ (ရွှေမင်းသား ဖောင်ဒေးရှင်း-မြန်မာ-မန္တလေးရုံးခွဲ) သင်တန်းနည်းပြ တိုင်းဒေသကြီး လူငယ်ကွန်ရက် ဦးဆောင်ကော်မတီဝင်တို့ပါ အလုပ်အမှုဆောင်ကော်မတီအဖွဲ့အား ရွေးချယ်တင်မြောက်ခဲ့ကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး

ကလိန်အောင် ဇူလိုင် ၂၃

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ မြို့အဝင်တံတားကြီးတွင် ယမန်နေ့က မြို့အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်၊ နယ်မြေစခန်းမှူး ရဲအုပ် တင်ကိုကိုနှင့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်ဦးစီးမှူးနှင့်အဖွဲ့၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်နှင့်ဆိုင်ကယ်များကို ရပ်တန့်စစ်ဆေးပြီး ဆိုင်ကယ်ဦးထုပ်မဆောင်းသော ယာဉ်များ၊ မှန်ကိုင်းမတတ်သော ယာဉ်များ၊ အမြန်နှုန်းကျော်လွန်မောင်းနှင်သော ယာဉ်များကို ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ရေဝတီမြစ်ရေဝင်သဖြင့် အောင်မြေသာစံမြို့နယ် အ.မ.က (၃၅) ကျောင်းကို ဘုန်းတော်ကြီးကျောင်းအတွင်း ခေတ္တပြောင်းရွှေ့ဖွင့်

မန္တလေး ဇူလိုင် ၂၃

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက် ရွှေတချောင်း အရှေ့ဘက်တွင်ရှိသော အမှတ်(၃၅) အခြေခံပညာမူလတန်းကျောင်းသည် ဇူလိုင် ၁၉ ရက် ညနေပိုင်းမှစ၍ ကျောင်းဝင်းအတွင်း မြစ်ရေများဝင်ရောက်လာရာ ယခုအခါ ကျောင်းဝင်းနှင့် စာသင်ဆောင်များအတွင်း စာသင်ကြား၍ မရနိုင်သည်ထိ ရေများဝင်ရောက်လျက်ရှိသည်။

ထို့ကြောင့် အ.မ.က(၃၅) ကျောင်းအနီးရှိ ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း ဓမ္မာရုံနှင့် ဇရပ်တို့တွင် စာသင်ခုံများနှင့် ပရိဘောဂများအားလုံး ပြောင်းရွှေ့ကာ ကျောင်းသား ကျောင်းသူများ ကျောင်းတက်မပျက်ကွက်ရေးအတွက် ကျောင်းဆက်လက် ဖွင့်ထားပြီး ပညာသင်ကြားပေးလျက်ရှိသည်။

အ.မ.က(၃၅) ကျောင်းသည် ဆရာ ဆရာမ ခြောက်ဦး၊ ကျောင်းသား ကျောင်းသူ ၁၃၆ ဦးရှိရာ သောက်သုံးရေ ခက်ခဲနေမှုအတွက် နေ့စဉ် အိုးဘိုရွှေကျင်ပရဟိတအသင်းမှ ရေသန့်ဘူးကြီးများ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်

စိုးဝင်းဗိုလ်(အရာတော်)

အ.မ.က(၃၅) မှ ကျောင်းသား ကျောင်းသူများ ဘုန်းတော်ကြီးကျောင်းအတွင်း ပြောင်းရွှေ့သင်ကြားနေကြရစဉ်။

ညောင်ဦးမြို့နယ်၌ နေရာကွက်ကျားမိုးရွာသွန်းရာ ကျေးရွာသောက်သုံးရေကန်အချို့ရှိ ရေလာမြောင်းများ ကျိုးပေါက်ပျက်စီးခဲ့

ညောင်ဦး ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ လက်ပန်တဲကျေးရွာ၊ ရမ်းဇမ်းကျေးရွာ၊ ရေတွင်းညောင်ပင်ကျေးရွာတို့တွင် ဇူလိုင် ၂၁ ရက်က နေရာကွက်ကြား မိုးရွာသွန်းခဲ့ပြီး ချောင်းရေကျကာသောက်သုံးရေကန်များအတွင်း ရေပြည့်ရေလျှံခြင်းနှင့် ရေလာမြောင်းများလည်း ကျိုးပေါက်ပျက်စီးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ သောက်သုံးရေကန်တစ်ကန်ကို တွေ့ရစဉ်။

"ကျွန်တော်တို့ ရွာကန်ကတော့ ရေပြည့်အောင် မဝင်လိုက်ရဘူး။ ကန်ရေလာရင် ကျိုးပေါက်သွားတော့ ရေအလကားဖြစ်ကုန်တယ်။ နောက်မိုးနောက်ရေ သောက်သုံးရေကန်ကို မိုးရေဝင်အောင် ရေလာမြောင်းပြင်ပေးနိုင်မှ ရေဝင်မှာပါ" ဟု လက်ပန်တဲရွာ ကျေးရွာတာဝန်ခံ ဦးစံတုတ်က ၎င်းတို့ရွာရှိ သောက်ရေကန်အခြေအနေကို ပြောသည်။

ညောင်ဦးမြို့နယ် အခြားရေဝတီမြစ်ရိုးတစ်လျှောက် ကျေးရွာများမှာ မိုးတစ်ပေါက်မျှ မကျသော်လည်း ညောင်ပင်ကျေးရွာ သောက်သုံးရေကန်တွင် ရေများပြည့်လျှံပြီး ကျေးရွာအတွင်း လူနေအိမ်များ၌ ရေများဝင်ခဲ့ကြောင်း သိရသည်။

ထိုသို့မိုးရွာသွန်းပြီး ချောင်းရေလွှမ်းမှုဖြင့် လူနှင့်တိရစ္ဆာန်များ အန္တရာယ်မရှိခဲ့ကြောင်း၊ မိုးရေတိုက်စားပြီး ရေဇွက်အိုင်နှင့် ခြောက်ကမ်းပါးများကို အလှူရှင်များ အကူအညီဖြင့် စက်ယန္တရားများဖြင့် ချက်ချင်းပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

ကျော်ဌေး (ညောင်ဦး)

စလင်းမြို့၌ မြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းလေးကျောင်း ယာယီပိတ်ထား

စလင်း ဇူလိုင် ၂၃

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ရေဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မြစ်ကမ်းဘေးတွင်ရှိသော ကျေးရွာများရှိ အခြေခံပညာကျောင်းလေးကျောင်းကို ယမန်နေ့က စတင်၍ ယာယီပိတ်ထာကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ရေဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသောကျောင်းများမှာ ဇီးဖြူပင်ကျေးရွာအုပ်စု ကျွန်းကလေးကျေးရွာအ.မ.က၊ ကြူတောကျေးရွာအ.မ.က(လွန်)၊ ရေကြည်ကျေးရွာအုပ်စု ပေါက်ကုန်းကျေးရွာ အ.မ.က၊ ဆင်မကျွန်းကျေးရွာအုပ်စုအချင်းပြစ်တောင်ရွာအ.မ.ကကျောင်းတို့ဖြစ်ပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၃၈ ဦး၊ ဆရာ ဆရာမ ၂၀ ဖြင့် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

မြစ်ရေမှာ နှစ်ပေမှ နှစ်ပေခွဲအထိ ဝင်ရောက်လျက်ရှိရာ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံစေရန်အတွက် ယာယီကျောင်း ပိတ်ထားခြင်းဖြစ်ပြီး မြစ်ရေကျဆင်းမှုအပေါ်မူတည်၍ ယင်းကျောင်းပိတ်ရက်များကို ကျောင်းဖွင့်ရက်တွင် အစားထိုးတက်ရောက်မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးထံမှ သိရသည်။

စိုးမိုးသူ(စလင်း)

စဉ့်ကူးမြို့နယ်၌ အခြေခံပညာကျောင်း ၄၅ ကျောင်း ယာယီပိတ်

စဉ့်ကူး ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၄၅ ကျောင်းကို ရေဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ယာယီပိတ်ထားရကြောင်း ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်နိုင်ထံမှ သိရသည်။

" ကျွန်တော်တို့ ရေဝတီမြစ်ရေကြီးချိန်တိုင်းဟာ ကျောင်းတွေပိတ်လေ့ ရှိပါတယ်။ ကျောင်းထဲ၊ စာသင်ခန်းထဲအထိ ရေဝင်ပြီး စာသင်ကြားလို့ မရတော့ပါဘူး။ ရက်အတော်ကြာအထိ ရေကြီးတဲ့အချိန်ကာလကြာခဲ့ရင် ကျောင်းပိတ်ကာလတွေကို ရက်အစားထိုး သင်ကြားသွားမှာပါ"ဟု ၎င်းက ပြောသည်။

စဉ့်ကူးမြို့နယ်အတွင်း ရေဝတီမြစ်ရေမြင့်တက်လာ၍ ရေဝင်ရောက်မှုကြောင့် အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ အထက်တန်းကျောင်း(ခွဲ)သုံးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းလေးကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း သုံးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၃၀ ၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ)တစ်ကျောင်း စုစုပေါင်း ၄၅ ကျောင်း ယာယီပိတ်ထားရကြောင်း သိရသည်။

မင်းဇော်ဦး(မြန်/ဆက်)

စဉ့်ကူးမြို့နယ်ရှိ အခြေခံပညာကျောင်းတစ်ကျောင်းသို့ မြစ်ရေဝင်ရောက်မှု အခြေအနေကို တွေ့ရစဉ်။

မြေပြိုခြင်း အသိပညာပေး

မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ

၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။

၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။

၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။

၅။ တောင်ကုန်းတောင်စောင်းတွင်နေထိုင်သူများ အနေဖြင့် မိမိအိမ်ဝန်းကျင်ရှိမြေပြိုမှုဘေးအန္တရာယ် ဖြစ်နိုင်ခြေနှင့် အိမ်၏ကြံ့ခိုင်မှုကိုပုံမှန်စစ်ဆေးပါ။

၆။ မြေပြိုမှု၊တောင်ပြိုမှုဖြစ်ပွားလေ့ရှိသောနေရာများ ကိုကြိုတင်လေ့လာထားပါ။မြေပြိုမှုဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များ၊အမှတ်အသားများကို သတိပြုပါ။

၇။ မြေပြိုနိုင်သောနေရာများ(မတ်စောက်သော တောင်စောင်းများ၊မြေပျော့သောနေရာများ၊ ရေပပ်သောနေရာများ)တောင်စွယ်ရေစီးရာလမ်းကြောင်း မိုးရေတိုက်စားသောလျှိုအနီးတွင်အဆောက်အအုံ ဆောက်လုပ်ခြင်းမပြုရ။

၈။ မြေပြိုမည့်ရှေ့ပြေးလက္ခဏာများဖြစ်သည့်

- မိမိတို့၏နေအိမ်တံခါးများဖွင့်ပိတ်ရာတွင် ကျပ်လာခြင်း
- အိမ်၏အုတ်နံရံများအက်လာခြင်း
- ခြံစည်းရိုးများ နေရာရွှေ့လာခြင်း
- သစ်ပင်များ နေရာရွှေ့ခြင်း၊ စောင်းလာခြင်း
- မြေများ အက်ကွဲခြင်း စသည်တို့ကို သတိပြုမိပါက အမြန်ရွှေ့ပြောင်းရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း
(၈၂)ကြိမ်မြောက်
ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး
၂၀၁၉ခုနှစ်၊ ဇူလိုင်(၂၄)ရက်မှ (၂၅)ရက်အထိ စုဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်၊ နေပြည်တော်

သဘာဝဘေး အန္တရာယ်ကင်းရေး သရုပ်ပြလေ့ကျင့်

သီပေါ ဇူလိုင် ၂၃

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲခရိုင် မီးသတ် တပ်ဖွဲ့နှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်း၍ သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့က အမှတ် ၂ အခြေခံပညာ အထက်တန်း ကျောင်း ပတ္တမြားခန်းမဆောင်၌ ကျင်းပ သည်။

လက်တွေ့သရုပ်ပြပွဲတွင် ခရိုင် မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦး ကြီးကြပ်ကွပ်ကဲသော ရှာဖွေကယ်ဆယ် ရေး တပ်ဖွဲ့ဝင် ၁၂ ဦးတို့က မီးဘေး၊ ရေဘေး၊ ငလျင်ဘေး စသည့်အခြားသော အန္တရာယ်များ ကျရောက်လာပါက လျင်မြန်စွာအချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်တုံ့ပြန်နိုင်ရန် ကျောင်းသား ကျောင်းသူ ၁၀၀၀ ခန့်အား အသိပညာ ပေးကာ စာစောင်များ ဖြန့်ဝေခြင်း၊ ဆွေးနွေးဟောပြောပေးခြင်းများ ဆောင် ရွက်ခဲ့ကြောင်း သိရသည်။ **စိုင်း (သီပေါ)**

ငါးသရောက်မြို့၌ စိုက်ပျိုးပြီး အရိပ်ရသစ်ပင်များ ရှင်သန်ရေးထိန်းသိမ်းမှုများ ပြုလုပ်

ငါ့သရောက် ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့ပုဂံဗိုလ်ချိုဘုရား (ခေါ်) မြနန္ဒာ ကျောက်ထီးဘုရားကြီးလွင်ပြင်တွင် စိုက်ပျိုးထားသည့် အရိပ်ရသစ်ပင်များအား အကာအရံများပြုပြင်ခြင်း လုပ်ငန်းများကို ယမန်နေ့မှစတင်ကာ ငါ့သရောက်မြို့ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ အရိပ်ရသစ်ပင်များကို ယမန်နှစ်က မြေကျင်းတူး၍ မြေဆွေး၊ သစ်ရွက်ဆွေးထည့်နှပ်ထားကာ မိုးကျချိန်တွင် စတင်စိုက်ပျိုးခဲ့ကြောင်း၊ ထိုစဉ်က ကာရံထားခဲ့သည့် ပိုက်စိမ်းအစများမှာ ကျွဲ၊ နွား၊ ဆိတ်များနှင့် မိုးဒဏ်၊ လေဒဏ်များကြောင့် ပျက်စီးသွားသည့်အတွက် ယခုနှစ်ပြန်လည်ပြုပြင်ပြီး သေသွားသည့် အရိပ်ရသစ်ပင်များနေရာတွင် အပင်သစ်များ အစားထိုးပြန်လည်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ပုဂံဗိုလ်ချိုဘုရား (ခေါ်) မြနန္ဒာကျောက်ထီးဘုရားကွင်းပြင်သည် အလွန် ကျယ်ဝန်းကာ သစ်ပင်ကြီးများနှင့် အရိပ်ရသစ်ပင်များ မရှိခြင်းကြောင့် မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာများ စုပေါင်း၍သစ်ပင်များ စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ သစ်ပင်များ ရှင်သန်ကြီးထွားနေပြီဖြစ်သော်လည်း ယခုနှစ်ထပ်ပြီး သစ်ပင်များအား ကာရံထားခြင်း ဖြင့် ဆိတ်၊ ကျွဲ၊ နွား အန္တရာယ်နှင့် လေဒဏ် မိုးဒဏ် ခံနိုင်စေရန်ဖြစ်ပြီး သေသွားသည့် အပင်များ နေရာတွင် အစားထိုးသစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း ဖြစ်ကြောင်း မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

စိုက်ပျိုးထားသည့် အရိပ်ရသစ်ပင်များဖြစ်သည့် တမာ၊ မည်စည်၊ မဲဇလီ၊ ပိတောက်၊ သပြေဘူတနှင့် စိန်ပန်းနီပင်များမှာ အပင်များ လူ့တစ်ရပ်အရွယ် ဖြစ်ထွန်း နေပြီဖြစ်ကြောင်း သိရသည်။ **မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်ရေး ဆောင်ရွက်ကြစဉ်။

ကျေးလက်ဒေသ ကျန်းမာရေးအဆင့်မြှင့်တင်မှု ငါးနှစ်စီမံကိန်း မကွေးတိုင်းဒေသကြီး၌ စတင်လုပ်ဆောင်

မကွေး ဇူလိုင် ၂၃

မကွေးတိုင်းဒေသကြီးကို ဂျပန်အပြည် ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ - JICA ၏ ကျန်းမာရေးဆိုင်ရာ စံပြဒေသတစ်ခုအဖြစ် လုပ်ဆောင် လိုသည့်အတွက် ကျေးလက်ဒေသ ကျန်းမာရေး အဆင့်မြှင့်တင်မှု ငါးနှစ် စီမံကိန်းကို တိုင်းဒေသကြီးအတွင်း စတင် လုပ်ဆောင်နေပြီဖြစ်ကြောင်း စီမံကိန်းခေါင်းဆောင် မစ္စ ယိုကိုနီရှိဒါထံမှ သိရသည်။

စီမံကိန်းကို အပိုင်း နှစ်ပိုင်းခွဲ၍ လုပ်ဆောင်မည်ဖြစ်ပြီး အခြေခံကျန်းမာ ရေးဝန်ထမ်းများကို ဝန်ဆောင်ကဏ္ဍ ပိုမို အားကောင်းလာစေရန် မြှင့်တင် ပေးမည့်အပိုင်း၊ ဝန်ဆောင်မှုတွေ ပေးသည့်အခါ ကျေးရွာလူထုဘက်က မည်သို့ ပူးပေါင်းဆောင်ရွက်နိုင်မည် ဆိုသည့်အပေါ် စီမံဆောင်ရွက်သည့် အပိုင်းများ ပါဝင်သည်။

“ မိခင်တိုင်းက ကျွမ်းကျင်မှုနဲ့ မွေးဖွားရတဲ့နှုန်းတွေ မြင့်တက်လာဖို့၊ အရပ်ထဲမှာ အရပ်လက်သည်နဲ့ မွေးတာ တွေ လျော့ကျပြီးတော့ ကျွမ်းကျင်တဲ့ သူတွေနဲ့ ကောင်းမွန်တဲ့၊ ပြည့်စုံတဲ့ ဆေးရုံဆေးခန်းတွေမှာ မွေးဖွားတာပိုပြီး တိုးတက်လာဖို့၊ မွေးကင်းစကလေး ကျန်းမာရေး စောင့်ရှောက်မှုပိုကောင်း လာဖို့ ရည်ရွယ်တယ်။ မကူးစက်နိုင်တဲ့ ရောဂါတွေ၊ သွေးတိုးရောဂါ၊ ဆီးချို ရောဂါသည်တွေကို ရှာဖွေဖော်ထုတ် ပြီးတော့ ကုသပေးမယ့် အစီအစဉ်တွေ လည်းပါတယ် ” ဟု တိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ခင်မောင်သန်းက ပြောသည်။

ငါးနှစ် စီမံကိန်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီတွင် စတင်ခဲ့ကာ မြို့နယ်များရှိ ကျန်းမာရေးဝန်ထမ်းဦးရေ၊ ဝန်ထမ်းတို့၏ သင်ယူထားသည့် သင်တန်းများ၊ ဝန်ဆောင်မှုပေးနေသည့် အခြေအနေ များ၊ အသုံးပြုနေသည့် ပစ္စည်းများဆိုင်ရာ အခြေခံအချက်အလက်များ ကောက်ယူ ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးဖြစ် ကြောင်း၊ မကွေးခရိုင်မှ မကွေး၊ ရေနံချောင်း၊ ချောက်၊ တောင်တွင်း၊ နတ်မောက်၊ မြို့သစ် စသည့် မြို့နယ် ခြောက်ခု၊ မင်းဘူးခရိုင်မှ မင်းဘူးနှင့် ပွင့်ဖြူ မြို့နယ် နှစ်ခု စုစုပေါင်း မြို့နယ် ရှစ်ခုတွင် စီမံကိန်းလုပ်ဆောင်မည်ဖြစ်ကာ စီမံကိန်းလက်စွဲ စာအုပ်များလည်း စီစဉ် နေကြောင်း ဒေါက်တာ ဒေါ်ဥမ္မာအေးက ရှင်းပြသည်။

မကွေးတိုင်းဒေသကြီးမှာ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်း အရ တစ်နိုင်ငံလုံးတွင် ငါးနှစ်အောက် ကလေး သေဆုံးမှုအများဆုံး (ကလေး တစ်ထောင်လျှင် ၁၀၈ ဦး သေဆုံး) မှတ်တမ်းဝင်ထားပြီး ၂၀၁၈ ခုနှစ် ကျန်းမာရေး မှတ်တမ်းများအရ သွေးလွန် တုပ်ကွေးဖြစ်ပွားမှုနှင့် သေဆုံးမှု ဒုတိယ အများဆုံး တိုင်းဒေသကြီးဖြစ်သည်။

ဇေယျာတု (မကွေး)

ကျေးလက်ဒေသ ကျန်းမာရေးအဆင့်မြှင့်တင်မှုစီမံကိန်း ဆွေးနွေးဖလှယ်ကြစဉ်။

ရှားပါးတောင်လိပ် (ခ) လိပ်ကြက်တူရွေး တစ်ကောင် သစ်တောဦးစီးဌာနသို့ လာရောက်အပ်နှံ

ကျိုက်ထို ဇူလိုင် ၂၃

ကျိုက်ထိုမြို့ကံ့ကော်ရပ်ကွက် အောင်ချမ်းသာ (၄)လမ်းနေ ဆယ်အိမ်မှူး ဦးအောင်ကျော်၏ ဇနီး ဒေါ်ခိုင်စပယ်သည် ယမန်နေ့က ကံ့ကော် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ လိပ်တစ်ကောင်အားလာရောက်အပ်နှံရာ ကံ့ကော်ရပ်ကွက်အုပ်ချုပ်ရေးမှူးက လက်ခံယူပြီး မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးဇော်ထွန်းထံ လွှဲပြောင်း ပေးအပ်ခဲ့သည်။

အဆိုပါလိပ်သည် ရှားပါးသည့် လိပ်ဖြစ်ပြီး တောင်ပေါ်ဒေသများတွင် ကျက်စား လေ့ရှိသည့်အပြင် မျိုးသုဉ်းလုနီးဖြစ်နေသည့်လိပ်မျိုးဖြစ်၍ တွေ့ရှိသူများက လာရောက် အပ်နှံသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ အဆိုပါလိပ်မှာအလျား ၁၇ လက်မ၊ ဖြက် ငါးလက်မ အလေးချိန်၅၀ကျပ်သား ကျော်ရှိ၍ လိပ်ခန္ဓာကိုယ် ကြက်တူရွေးပါးစပ် မိကျောင်းအမြီးကဲ့သို့ အင်္ဂါ သုံးမျိုးပါရှိသည့် လိပ်ကြက်တူရွေးဖြစ်ကြောင်း၊ မသမာသူများ လက်ဝယ်သို့ရောက်ရှိသွားပါက ထိုင်းနှင့် တရုတ်နိုင်ငံများသို့ တရားမဝင် တင်ပို့ ရောင်းချ၍ အမြတ်ထုတ် စီးပွားရှာကြမည်ဖြစ်ကြောင်း၊ ယခုလို တာဝန်သိစွာ လာရောက်အပ်နှံသည့်အတွက် မြို့နယ်သစ်တောဦးစီးဌာနမှ ကျေးဇူးတင်ရှိကြောင်းနှင့် သစ်တောကြိုးဝိုင်းအတွင်းတွင် ဆက်လက်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း တောအုပ် ဦးဇော်ထွန်းက ပြောသည်။

အဆိုပါလိပ်အား ဇူလိုင် ၂၁ ရက် ညနေ ၆နာရီခန့်တွင် ဦးအောင်ကျော်တို့ နေထိုင် သည့် ခြံစည်းရိုး၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဝင်းမောင် (ကျိုက်ထို)**

မြို့နယ်သစ်တောဦးစီးဌာနသို့ လာရောက်အပ်နှံထားသော ရှားပါးတောင်လိပ်။

ဂရန်မြေချထားရေးနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်

မုဒုံ ဇူလိုင် ၂၃

မုဒုံမြို့ မြို့မ (၁) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်း အဝေးခန်းမ၌ ယမန်နေ့က မြို့မ (၃) ရပ်ကွက် ဂရန်မြေချထားရေးနှင့် ပတ်သက်၍ တွေ့ဆုံပွဲပြုလုပ်သည်။

တွေ့ဆုံပွဲသို့ မုဒုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်လှိုင်နှင့် မြို့မ (၃) ရပ်ကွက်မှ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်လှိုင်က မြို့မ (၃) ရပ်ကွက် ဂရန်မြေပြုလုပ်ရန်အတွက် မြေကွက် ၈၀၀၀ ကျော်ကို စိစစ်တိုင်းတာထားရှိပြီးဖြစ်ကြောင်း၊ ဂရန်လျှောက်ရာတွင် ပုံစံ (၁၀၃)၊ (၁၀၅)၊ (၁၀၆) များ အကြောင်းနှင့် မြို့နယ်/ခရိုင်/ပြည်နယ်အဆင့် တို့ကို စာရွက်စာတမ်းများအား အဆင့်ဆင့်တင်ပြရကြောင်း၊ ဂရန်ရရှိရေးအတွက် ခန့်မှန်းကာလမှာ လေးလခန့်ကြာမြင့်မည်ဖြစ်ကြောင်း၊ မြေပုံဆွဲခမှာစနစ်သစ် နှုန်းထား အရ ငွေကျပ် ၈၅၀၀ မှ ၄၀၀၀၀ အထိ ဧရိယာတွက်ချက်ပြီး တရားဝင်ပေးသွင်းရမည် ဖြစ်ကြောင်း၊ လုပ်ငန်းအဆင့်ဆင့်အမှားအယွင်းမရှိအောင် ဆောင်ရွက်ရမည်ဖြစ်သဖြင့် ခုနစ်ရက်လျှင် ဂရန်မြေ ၁၀ ကွက်ခန့်သာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

မြို့နယ် (ပြန်/ဆက်)

လွယ်ခမ်းတောင် အန္တရာယ်ကွေ့၌ ကုန်တင်ယာဉ်ကြီးများ သွားလာမှုအဆင်ပြေစေရန် ပြုပြင်

မိုးညှင်း ဇူလိုင် ၂၃

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လွယ်ခမ်းတောင် အန္တရာယ် အက်စ်ကွေ့၌ ၂၂ ဘီးနှင့်အထက် ကုန်တင်မော်တော်ယာဉ်ကြီးများ ရာသီမရွေး သွားလာမှုအဆင်ပြေစေရန် ပြုပြင်မှုများကို မိုးညှင်းမြို့နယ် လမ်းဦးစီးဌာနက ဇူလိုင် ၂၂ ရက်မှစ၍ ဆောင်ရွက်လျက်ရှိသည်။

"မိုးတွင်းအချိန်မှာ မိုးရွာတာ မဆန်းပေမယ့် ကုန်တင်ယာဉ်နဲ့ ဆီဘောက်ဆာယာဉ်ကြီးတွေ အတွက် နေ့တိုင်းလိုလို သွားလာရတာ အခက်အခဲဖြစ်နေရတယ်၊ သူတို့ကို ကူညီနေရတာနဲ့ ဒီလမ်းပိုင်းကို ပြုပြင်နေရတာ အလုပ်မတွင်ကျယ်တော့ဘူး၊ ဒါကြောင့် ယာဉ်ကြီးတွေအတွက် အခုလို ပြုပြင်နေရတာပါ"ဟု မိုးညှင်းမြို့နယ် လမ်းဦးစီးဌာနမှူး ဦးမောင်မောင်လွင်က ပြောကြားသည်။

အန္တရာယ်လမ်းကွေ့နေရာ၌ ကျောက်ခင်းပြုပြင်မှုများ ဆောင်ရွက်နေစဉ်။

အဆိုပါ လမ်းပြုပြင်မှုကို မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်၊ မြို့နယ်လမ်းဦးစီးမှူး ဦးမောင်မောင်လွင်၊ မြို့နယ်စည်ပင်အင်ဂျင်နီယာမှူး ဦးလှိုင်အေးနှင့် မော်ဟန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းတို့က ကြီးကြပ်ဆောင်ရွက်နေပြီး မော်ဟန်ကျေးရွာဘက်မှ လွယ်ခမ်းတောင်အတက်ကွေ့မိုင်တိုင်အမှတ် (၂၉၀/၈)နှင့် (၂၉၁/၈)အကြား လမ်း၏အတက် ယာဘက်ခြမ်း တောင်ပတ်လမ်းပိုင်း လမ်းတစ်ဝက်(၁၆ ပေ)၌ လမ်းအရှည် ပေ ၇၀၀ ကို ကျောက်ကြီးများခင်းလျက်ရှိရာ ဇူလိုင် ၂၂ ရက်တွင် လုပ်သားဦးရေ ၂၅ ဦးဖြင့် လမ်းအရှည် ပေ ၁၅၀ ကို ခင်းကျင်းပြီးစီးခဲ့ကြောင်း၊ ဆက်လက်၍ အရှည်ပေ ၇၀၀ အထိကို ကျောက်ကြီးများ အမြန်ခင်းကာ အခြေခံကျောက်လွှာစီခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့နောက် စုစုပေါင်း လမ်းအရှည် ၁၅၀၉ ပေကို ကွန်ကရစ်ခင်းနိုင်ရေး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်း ကျောက်ကြီးခင်းနေစဉ်အတွင်း တောင်ပေါ်သို့မတက်နိုင်သော ၂၂ ဘီးယာဉ်၊ ဘောက်ဆာယာဉ်နှင့် ကုန်တင်ယာဉ်ကြီးများကို တောင်ခြေအကွေ့မှ တောင်ပေါ်သို့ Loader ယာဉ်ဖြင့် ညနေ ၅ နာရီခွဲအချိန်အထိ ဆွဲတင်ပေးခဲ့ကြောင်းလည်း သိရသည်။

နီတိုး

လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း မြို့နယ်များ၌ ကျင်းပ

ဟသ်ာတ

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် အထက(၃)ကျောင်း ပြည်ထောင်စုခန်းမ၌ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၂၂ ရက်က ကျင်းပခဲ့ရာ ဟသ်ာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်သန္တာထွေးက ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်ထွန်းမင်း၊ ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညီညီလွင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်စိုး၊ ဒုတိယခရိုင်ဥပဒေအရာရှိ ဒေါ်မြင့်မြင့်ခိုင်နှင့် နယ်မြေရဲစခန်းမှူး ရဲအုပ်နေဇင်တို့က မူးယစ်ဆေးဝါး စွဲနေသူများအား ဆေးဖြတ်ရန်နည်းလမ်းများ၊ မူးယစ်ဆေးဝါး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပုံစသည်တို့ကို ဦးဆောင်ဆွေးနွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲသို့ ဟသ်ာတမြို့ အထက(၃)ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသြမင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၅၀ ခန့် တက်ရောက်ခဲ့သည်။

ကျော်ကျော် (ပြန်/ဆက်)

အိမ်မဲ

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ အထက(၁)ကျောင်း ရွှေညီလာခန်းမ၌ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၂၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်းသူက ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်းသူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကိုကြီး၊ မြို့နယ် ဥပဒေအရာရှိ ဒေါ်ခင်စုစုလှိုင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးကျော်အောင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုသိန်းတို့က မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူငယ်တို့ရဲ့အနာဂတ်၊ လူငယ်နှင့် မူးယစ်ဆေးဝါး အန္တရာယ်၊ မူးယစ်ဆေးဝါးနှင့် မူခင်းအတွေ့အကြုံများ၊ မူးယစ်ဆေးဝါးဥပဒေအကြောင်း သိကောင်းစရာများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ သတိပြုစရာများ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကာ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပွားတတ်သော ဆိုးကျိုးများအကြောင်းကို ပရိုဂျက်တာဖြင့် ပြသပေးခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဆရာ ဆရာမများက မိမိတို့သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းဆွေးနွေးခဲ့ရာ ဦးဆောင်ဆွေးနွေးသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ချစ်သက်လယ် (ပြန်/ဆက်)

တပ်မတော် နယ်လှည့်ဆေးကုအဖွဲ့က မိုင်းခတ်မြို့မှ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

မိုင်းခတ် ဇူလိုင် ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့ အထကကျောင်းမှ ကျောင်းသား ကျောင်းသူများအား တပ်မတော်နယ်လှည့်ဆေးကုအဖွဲ့က အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဇူလိုင် ၂၃ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရာတွင် ကျောင်းသား ကျောင်းသူများအား သွေးတိုးရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါ၊ အရိုးအဆစ်ရောဂါ၊ ဆီးချိုရောဂါ၊ အဆုတ်ရောဂါနှင့် သွားနှင့်ခံတွင်းဆိုင်ရာ ရောဂါများ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပေးပြီး အခမဲ့ကုသပေးခဲ့ကြောင်း၊ ထို့အပြင် ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံ ယူနီဖောင်းများနှင့် ကျောင်းသား ကျောင်းသူများအား ကြက်ဥနှင့် ပဲနို့ရည်ဘူးများကိုလည်း တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဝေငှပေးခဲ့ကြောင်းသိရသည်။

ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေစဉ်။

တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရာသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်၊ စစ်ဗျူဟာအဖွဲ့(အခြေချ) မိုင်းခတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသူရိန်ထွန်းနှင့် တပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်းနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ကူညီပေးခဲ့ကြသည်။

မြို့နယ် (ပြန်/ဆက်)

ပြည်သူ့စာကြည့်တိုက်များအတွက် စာအုပ်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်များတွင် ပြည်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် စာရေးဆရာ ပြည်သာယာ ရေးသားသော "နိုင်ငံဘဏ္ဍာကို ခြိမ်းခြောက်နေသည့် အခွန်နှင့် အခြားဆောင်းပါးများ" စာအုပ် ၄၁၇ အုပ်ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်သို့ လာရောက်လှူဒါန်းသည်။

စာအုပ်လှူဒါန်းသူ ဦးညွန့်တင် (စာရေးဆရာ ပြည်သာယာ)က "နိုင်ငံဘဏ္ဍာကို ခြိမ်းခြောက်နေသည့် အခွန်နှင့် အခြားဆောင်းပါးများ" စာအုပ်တွင် အခွန်နှင့်ပတ်သက်၍ ပြည်သူများ သိရှိနားလည်နိုင်ရန် ဆောင်းပါး ၂၁ ပုဒ်ကို စုစည်း၍ စာအုပ် ၁၀၀၀ ထုတ်ဝေခြင်းဖြစ်ပါကြောင်း၊ ယင်းစာအုပ်များကို ရောင်းချခြင်းမရှိဘဲ ပြည်သူများ အခွန်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ ပြည်သူ့စာကြည့်တိုက်များသို့ လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဤဦးစီးဌာနအနေဖြင့် ပြည်သူများအသိပညာဗဟုသုတရရှိရေးအတွက် ပြည်သူ့စာကြည့်တိုက်များကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ခရိုင်၊ မြို့နယ်နှင့် မြို့ရွာ စုစုပေါင်း ၄၁၇ ရုံးတွင် ဖွင့်လှစ်ထားပါကြောင်း၊ စာဖတ်သူများ ကြိုက်နှစ်သက်မည့် သုတ၊ ရသ စာအုပ်စာစောင်များကို လစဉ် စိစစ်ရွေးချယ်ဝယ်ယူပြီး စာကြည့်တိုက်များသို့ ဖြန့်ခွဲပေးပို့ကာ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းသည့် စာအုပ်စာစောင်များကိုလည်း ပြည်သူ့စာကြည့်တိုက်များသို့ အမြန်ဆုံး ဖြန့်ဝေပေးပို့သွားမည်ဖြစ်ပါကြောင်းနှင့် စာအုပ်များလှူဒါန်းမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နေ ဦးညွန့်တင်(စာရေးဆရာ ပြည်သာယာ)က စာအုပ် ၄၁၇ အုပ်ကို ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရေနံချောင်းမြို့၌ မြန်မာ့ရိုးရာမုန့်ပွဲတော် ကျင်းပ

ရေနံချောင်း ဇူလိုင် ၂၃

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၏ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းက စီစဉ်၍ မြန်မာ့ရိုးရာ မုန့်ပွဲတော်ကို မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၂၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါ မုန့်ပွဲတော်ကို ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ ရွှေပါရမီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရိုန်ဝင်းနှင့် အထက(၁)ကျောင်းအုပ်ဆရာကြီး ဦးညွန့်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖောင်ဒေးရှင်းဥက္ကဋ္ဌက မုန့်ပွဲတော်ကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မုန့်ပွဲတော်တွင်ပြသထားသည့် မုန့်များထဲမှ သန့်ရှင်းပြီး အရသာရှိသော မုန့်များကို ဆရာတော်နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။ ဓာတုဆိုးဆေးများပါဝင်သောမုန့်များအစား သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော မြန်မာ့ရိုးရာမုန့်များကို စားစေလိုသော ရည်ရွယ်ချက်ဖြင့် မြန်မာ့ရိုးရာ မုန့်ပွဲတော်ကို ပြုလုပ်ခြင်းဖြစ်ကာ အဆိုပါ မုန့်ပွဲတော်တွင် မုန့်ပြုလုပ်သူများက မြန်မာမုန့် ၂၂ မျိုးကို ပြုလုပ်၍ ပါဝင်ပြသခဲ့ကြကြောင်း သိရသည်။

ကိုစိုးကြီး

မြောင်းမြမြို့မှ ဆိုင်ကယ်စီးသူများ ဘေးကင်းရေးအတွက် ဆိုင်ကယ်စီးဦးထုပ် အလုံး ၁၀၀ လှူဒါန်း

မြောင်းမြ ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့မှ ဆိုင်ကယ်စီးနင်းမောင်းနှင်သူများ မတော်တဆမှုကြောင့် အသက်ဆုံးရှုံးမှုလျော့ပါးစေရန် ရည်ရွယ်ပြီး ဆိုင်ကယ်စီးဦးထုပ် အလုံး ၁၀၀ ကို အောင်ကြင် စာပေနှင့်စတိုး မိသားစုက မြောင်းမြမြို့ အမှတ်(၈၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးသို့ ဇူလိုင် ၂၂ ရက်က လှူဒါန်းခဲ့သည်။

အဆိုပါ ဆိုင်ကယ်စီးဦးထုပ် အလုံး ၁၀၀ ကို ဆိုင်ကယ်စီးသူ ပြည်သူများ ဘေးကင်းရေးအတွက် အခမဲ့ဖြန့်ဝေပေးနိုင်ရန် လှူဒါန်းခြင်းဖြစ်ပြီး အလှူရှင် အောင်ကြင်စာပေနှင့် စတိုးမိသားစုမှ ဦးမြင့်အေး၊ ဒေါ်မိုးမိုးအောင်တို့အား အမှတ်(၈၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးလှထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ခဲ့သည်။

စန္ဒာမိုး(ပြန်/ဆက်)

ကွန်ဟိန်းမြို့၌ ကျင်းပပြီးစီးခဲ့သော အားကစားပြိုင်ပွဲများအတွက် ဆုများချီးမြှင့်

ကွန်ဟိန်း ဇူလိုင် ၂၃

မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ ကျင်းပခဲ့သော အားကစားပြိုင်ပွဲများဖြစ်သည့် ၂၀၁၉ ခုနှစ် ပြည်နယ် အစိုးရဖလား၊ ပြည်နယ်ဝန်ကြီးချုပ်ဖလားနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အားကစားပြိုင်ပွဲများမှ ဆုရအသင်းများနှင့် ဆုရအားကစားသမားများအား ဆုချီးမြှင့်ပွဲကို မြို့နယ်အားကစားကွင်း၌ ဇူလိုင် ၂၂ ရက်က ကျင်းပခဲ့သည်။ ဆုချီးမြှင့်ပွဲတွင် ကျင်းပပြီးစီးခဲ့သော အမျိုးသား(အလွတ်တန်း) ဘိလိယက် စနူကာပြိုင်ပွဲနှင့် အမျိုးသား (အလွတ်တန်း) ပိုက်ကျော်ခြင်းပြိုင်ပွဲတို့မှ အကောင်းဆုံးအားကစားသမားများ၊ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးဆုရ ကစားသမားများ၊ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသောအသင်းနှင့် ပထမဆုရရှိသော အသင်းတို့အား တံခွန်စိုက်ဖလား၊ ဆုတံဆိပ်များနှင့် ငွေသားဆုများကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

မြို့နယ် (ပြန်/ဆက်)

ရေတာရှည်မြို့နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံနှင့် လျှပ်စစ်ဓာတ်အားတိုင်များ ပျက်စီး

ရေတာရှည် ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မြောက်ဘက်အထွက် ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ ညောင်ပင်သာကျေးရွာတွင် ယနေ့ညနေ ၃ နာရီခွဲခန့်က လေဆင်နှာမောင်း တိုက်ခတ်ခဲ့သဖြင့် ဆန်စက်တစ်လုံးအပါအဝင် လူနေအိမ်များ အမိုးလန်ခဲ့ပြီး လျှပ်စစ်ဓာတ်တိုင်များ ပျက်စီးကာ လူသုံးဦးထိခိုက် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ညောင်ပင်သာကျေးရွာ တောင်ဘက်ပိုင်းရှိ ဆန်စက်တစ်လုံးနှင့်အတွင်းရှိ အဆောက်အအုံများ၊ ကားလမ်းအနောက်ဘက်ရှိ ပျဉ်ထောင်သွပ်မိုး အဆောက်အအုံတစ်လုံး၊ ကျေးရွာအတွင်းရှိ နေအိမ်အချို့ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။ ထို့အတူ ကားလမ်းဘေးရှိ ဓာတ်တိုင်များ၊ ကျေးရွာအရှေ့တောင်ဘက် ၅ ဖာလုံခန့် အကွာရှိ ၃၃ ကေဗွီ ဓာတ်အားလိုင်း တာဝါတိုင်ပြိုလဲပျက်စီးသွားခဲ့ကြောင်း သိရသည်။

ထို့အပြင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လေဆင်နှာမောင်းတိုက်ခတ်နေချိန် ကားလမ်းအတိုင်းလမ်းလျှောက်သည့် ပိတောက်ကုန်းကျေးရွာနေ ဒေါ်ဉမ္မာစိုး (၄၁ နှစ်)၊ အင်းပက်လက်ကျေးရွာနေ ဒေါ်ထွေး (၄၄ နှစ်) နှင့် ညောင်ပင်သာကျေးရွာနေ ဦးစိုးလွင် (၅၀ နှစ်) တို့မှာ လွင့်စဉ်လာသော သစ်ကိုင်းများ၊ မှန်ကွဲများ ထိကာ ဒဏ်ရာများရရှိခဲ့သဖြင့် ရေတာရှည်မြို့ဆေးရုံတွင် အတွင်းလူနာ (မစိုးရိမ်ရ) အဖြစ် ကုသလျက်ရှိကြောင်းနှင့် ပျက်စီးဆုံးရှုံးသွားသည့်နေရာများကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ရေတာရှည်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းရှင်းလင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သန်းလွင်

လေဆင်နှာမောင်းတိုက်ခတ်စဉ်။

ရွှေဘိုမြို့နယ်အတွင်း ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် အခြေခံပညာကျောင်း ခုနစ်ကျောင်း ယာယီပိတ်ထား

ရွှေဘို ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်း ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် ဇူလိုင် ၁၈ ရက်မှစ၍ အခြေခံပညာကျောင်းခုနစ်ကျောင်း ယာယီပိတ်ထားကြောင်း ရွှေဘိုမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါမြစ်ရေဝင်ရောက်မှုကြောင့် ရေဝတီမြစ်ကျောင်းတစ်လျှောက်ရှိ စာသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ အန္တရာယ်မဖြစ်ပေါ်စေရန်အတွက် ကျောင်းသား ကျောင်းသူ ၂၁၆ ဦးရှိ ကုလားမကျေးရွာ (အ.လ.က)ကျောင်း၊ ကျောင်းသား ကျောင်းသူ ၂၃၂ ဦးရှိ ဆော်ပင်ကျွန်းကျေးရွာ (အ.လ.က)ကျောင်း၊ ကျောင်းသား ကျောင်းသူ ၁၃၃ ဦးရှိမအူကျေးရွာ (အ.လ.က) ခွဲ ကျောင်း၊ ကျောင်းသား ကျောင်းသူ ၂၆၆ ဦးရှိ မခေါက်ကျေးရွာ (အ.လ.က) ခွဲကျောင်း၊ ကျောင်းသား ကျောင်းသူ ၃၂ ဦးရှိ လက်ကောက်ကျေးရွာ (အ.မ.က)ကျောင်း၊ ကျောင်းသား ကျောင်းသူ ၂၅ ဦးရှိ လက်ရွေးကျေးရွာ(အ.မ.က)ကျောင်းနှင့် ကျောင်းသား ကျောင်းသူ ၁၇၇ ဦးရှိ ရေတော်ကျေးရွာ(အ.မ.က)ကျောင်းများကို ယာယီပိတ်ထားကြောင်း ရွှေဘိုမြို့နယ်ပညာရေးမှူးရုံး ဒုတိယမြို့နယ်ပညာရေးမှူး ဦးခင်မောင်ဇော်ထံမှ သိရသည်။

မြစ်ရေများ လျော့ကျသွားပါက အဆိုပါပိတ်ထားသောကျောင်းများမှ ကျောင်းသား ကျောင်းသူများကို အချိန်ပိုသင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထွန်းမြင့်အောင် (ရွှေဘို)

မြစ်ကြီးနားမြို့၌ H1N1 ရောဂါပိုးတွေ့ရှိသူ ၁၃ ဦးရှိပြီး တစ်ဦးသေဆုံး

မြစ်ကြီးနား ဇူလိုင် ၂၃

မြစ်ကြီးနားမြို့၌ ဇွန်လမှ ဇူလိုင်လအထိ H1 N1 ရောဂါပိုးတွေ့ရှိသူ ၁၃ ဦးရှိသည့်အနက် တစ်ဦးသေဆုံးကြောင်း မြစ်ကြီးနားခုတင် ၅၀၀ ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ဒေါက်တာနေဝင်းက ဇူလိုင် ၂၀ ရက်တွင် ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် မြစ်ကြီးနားမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည့် အခမ်းအနားတွင် ပြောကြားသည်။

"ကျွန်တော်တို့က တစ်မြို့လုံးကို တစ်နှစ်လုံးရဲ့မိုးရာသီမှာ အဖြစ်များတဲ့ ရာသီတုပ်ကွေးဖြစ်ပွားမှုကို စောင့်ကြည့်နေတာ ဖြစ်တယ်။ လစဉ်ဖြစ်နေတဲ့ အခြေအနေတွေမှာ မတွေ့သေးပါဘူး။ ၆လပိုင်း ကုန်ခါနီးလောက်မှ ရှစ်ဦး တွေ့တယ်။ ၇ လပိုင်း ပထမပတ်မှာ ငါးဦးတွေ့ပြီး အဲဒီထဲမှ တစ်ဦးသေဆုံးခဲ့ပါတယ်" ဟု ၎င်းကဆက်လက် ပြောကြားခဲ့သည်။

ခရိုင် (ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၅ - "စုဒ္ဒသမတိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကကမ္ဘောဇ ဆရာတော် ဘဒ္ဒန္တဝိရိယနန္ဒ၏ ထေရုပတ္တိမှတ်တမ်း" (အပိုင်း-၃)
၇း၀၀ - Breakfast News
၈း၃၅ - ပညာရေးစကားဝိုင်း
၉း၁၀ - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ဆရာတော် (ဘဒ္ဒန္တကောဝိဒ (အဂ္ဂမဟာပဏ္ဍိတ)) သာသနာ့ဝေပုလ္လကျောင်း၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါ် သထသီလခံယူ ဆောက်တည်ခြင်း
၉း၅၅ - အာဆီယံထဲကမြို့ပြ
၁၀း၃၅ - ရာသီတုပ်ကွေးရောဂါ မိမိကစ၍ ကာကွယ်ပါ
၁၂း၃၀ - သိမှတ်စရာသွေးလွန်တုပ်ကွေးရောဂါ
၁၄း၄၀ - "တေမိယဇာတ်တော်ကြီး"

ညပိုင်း

၁၆း၂၀ - ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှိုးဆော်ချက်
၁၇း၀၀ - သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး
၁၇း၂၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "အောင်သွယ်တော်စိန်အားသစ်"
၁၇း၃၀ - MRTV Travelogue
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - "လုံခြုံစိတ်ချစွာ...ရွှေ့ပြောင်းသွားလာကြစို့"
- "အလင်္ကာကျော်စွာ မြို့မငြိမ်း၏ ကသစ်ပန်း"

ရွှေပြည်သာမြို့နယ်၌ မိသားစုလိုက်ဓားခုတ်ခံရ၍ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရ

ရန်ကုန် ဇူလိုင် ၂၃

ရွှေပြည်သာမြို့နယ် အမှတ်(၈)ရပ်ကွက်တွင် အကြွေးကိစ္စဖြင့် စကားများရန်ဖြစ်ရာမှ မိသားစုလိုက် ဓားခုတ်ခံရ၍ အမျိုးသမီးတစ်ဦးသေဆုံးပြီး သေဆုံးသူ၏ အသက်လေးနှစ်အရွယ် သမီးဖြစ်သူနှင့် မိခင်ဖြစ်သူတို့မှာ ဒဏ်ရာများ (စိုးရိမ်ရ) ရရှိခဲ့ကြကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေပြည်သာမြို့နယ် အမှတ်(၁၄)ရပ်ကွက် ပန်းခြံ (၁၇) တွင် နေထိုင်သော ဦးလှမိုးဦး (ခ)အညာသား ဆိုသူသည် မိမိရရှိရန် အကြွေးငွေကျပ်သိန်း ၁၃၀ ထဲမှ ငွေကျပ်သိန်း ၁၀၀ ရရှိထားပြီးသော်လည်း ငွေကျပ်သိန်း ၃၀ ကျန်နေသေး၍ တစ်ရပ်ကွက်တည်းနေ ရာဇဓိရာဇ်လမ်းတွင် နေထိုင်သည့် သေဆုံးသူ ဒေါ်ဥမ္မာမြင့် (၄၃ နှစ်)၏ နေအိမ်သို့ ဇူလိုင် ၂၁ ရက် ညနေ ၆ နာရီခန့်က သွားရောက် တောင်းယူရာမှ နှစ်ဖက်အချင်းများပြီး ဦးလှမိုးဦး(ခ) အညာသားက ဓားဖြင့်ဝင်ရောက်ခုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူ လှမိုးဦးကို ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်ဖမ်းဆီးရာ ဦးလှမိုးဦး (ခ) အညာသားမှာ မိသားစုလိုက် ကားတစ်စီးဖြင့် ထွက်ပြေးသွားသဖြင့် ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းရွှေတောင်မြို့အဝင် တိုးဂိတ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

ပုလဲမြို့နယ်နှင့် ဘုတလင်မြို့နယ်တို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၃

သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖမ်းဆီးရေး ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့ စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ သစ်တောဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ/ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ပုလဲ-ဂန့်ဂေါကားလမ်း

ဦးနှောက်ကျေးရွာအနီး၌ နီဆန်းဒီဇယ် ၁၂ ဘီး မော်တော်ယာဉ်ပေါ်မှ ပိတောက်ခွဲသား ၇၂ ချောင်း (၄ ဒသမ ၆၆၀၄ တန်) **(အောက်ဝဲပုံ)** နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦး ဖမ်းဆီးရမိခဲ့ပြီး ၎င်းကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မုံရွာ/ယင်းမာပင်ခရိုင် ဘုတလင်မြို့နယ် ဆုံကုန်းကျေးရွာ အရှေ့ဘက်နေရာ၌ တိုယိုတာစူပါကာစတန် မော်တော်ယာဉ်ပေါ်မှ ပိတောက်ခွဲသား ၁၅ ချောင်း (၁ ဒသမ ၂၇၉၆ တန်) ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူနှင့် ဆက်စပ်သူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်လူမော်

မိုးမောက်မြို့နယ် စိန်လုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ ကျောက်စိမ်းအရိုင်းတုံးများ ဖမ်းမိ

ဗန်းမော် ဇူလိုင် ၂၃

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် စိန်လုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ မိုးမောက်မြို့ဘက်မှ လွယ်ဂျယ်မြို့ဘက်သို့ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ကျောက်စိမ်းအရိုင်းတုံးများ စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၂ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်က စိန်လုံရဲကင်းစခန်း၊ နယ်မြေခံတပ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စိန်လုံစစ်ဆေးရေးဂိတ်တွင် စစ်ဆေးရေးတာဝန် ထမ်းဆောင်နေစဉ် မိုးမောက်မြို့ဘက်မှ လွယ်ဂျယ်ဘက်သို့ ယာဉ်မောင်း ဇော်နိုင်ဦး မောင်းနှင်ပြီး မိုးမိုးခိုင် လိုက်ပါစီးနင်းလာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အရွယ်စုံ တရားမဝင် ကျောက်စိမ်းအရိုင်းတုံး ၂၂ တုံး အလေးချိန် ၁၅ ပိဿာခန့်ကို တွေ့ရှိ ဖမ်းဆီးရမိသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ လွယ်ဂျယ်မြို့ အမှတ် (၈) ရပ်ကွက်နေ ဇော်နိုင်ဦး (၄၇ နှစ်) နှင့် မိုးမိုးခိုင် (၄၀နှစ်) တို့ကို မိုးမောက်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ထီးချိုင့်မြို့ပေါ်တွင် စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်

ထီးချိုင့် ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ အမှတ် (၂) ပိတောက်လှရပ်ကွက်တွင် စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၉ ရက် ည ၈ နာရီခန့်တွင် ထီးချိုင့်မြို့မ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် လူသတ်မှုဖြစ်ကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ထီးချိုင့်မြို့ အမှတ်(၂) ပိတောက်လှရပ်ကွက်နေ ဖြိုးဝေမောင်(ခ)ဖိုးဖက်နှင့် ခြံချင်းကပ်လျက်နေ အောင်ကျော်သူတို့ နှစ်ဦးသည် စကားများရန်ဖြစ်ကြရာ အောင်ကျော်သူနှင့်ညီဖြစ်သူ ဟိန်းထက်အောင်တို့နှစ်ဦးက ဖြိုးဝေမောင် (ခ) ဖိုးဖက်ကို အရိုးအသွား ၁၂ လက်မခန့်ရှိ ဓားဦးချွန်ဖြင့်ထိုးသွင်းခဲ့ရာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း စစ်ဆေးတွေ့ရှိရသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ထီးချိုင့်မြို့ အမှတ် (၂) ပိတောက် လှရပ်ကွက်နေ အောင်ကျော်သူနှင့်ညီဖြစ်သူ ဟိန်းထက်အောင် တို့နှစ်ဦးကို ထီးချိုင့်မြို့မရဲစခန်းက ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လှအောင်(ကသာ)

သထုံမြို့နယ်၌ အမျိုးသားတစ်ဦး ရေနစ်သေဆုံး

သုဝဏ္ဏဝတီ ဇူလိုင် ၂၃

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ဓနုကတိုက်ကျေးရွာ၌ ယနေ့နံနက် ၁၁ နာရီခွဲခန့်က ရေကန်အတွင်း လူတစ်ဦးရေနစ်သေဆုံးကြောင်း သတင်းအရ သိမ်ဆိပ်နယ်မြေရဲစခန်းမှူး ရဲအုပ်လင်းသူအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဓနုကတိုက်ကျေးရွာ ရာအိမ်မှူးဦးအောင်နိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ဦးဝင်းအောင် (၅၆ နှစ်) ကို အလျား ပေ ၆၀၊ အနံ ၁၈ ပေ၊ အနက် ၁၀ ပေ ခန့်ရှိ ရေကန်အတွင်း ရေနစ်လျက်တွေ့ရှိရကြောင်း သိရသည်။

လယ်ပိုင်ရှင်ဖြစ်သူ ဦးစိုးမိုးအောင်၏ ပြောကြားချက်အရ သေဆုံးသူသည် အရက်သောက်စားတတ်သူဖြစ်ပြီး ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက လယ်တဲမှ ထွက်သွားရာ ပြန်မလာသဖြင့် လိုက်လံရှာဖွေရာ မတွေ့ရှိရဘဲ ရေကန်အတွင်းတွင် သေဆုံးလျက်တွေ့ရှိရခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ သိမ်ဆိပ်နယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခွန်(ဝင်းပ)

"အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

ISO 9001 BUREAU VERITAS Certification UKAS
OHSAS 18001 BUREAU VERITAS Certification UKAS
BFE Barons & Fujikura EPC Co., Ltd.

Barons & Fujikura EPC Co., Ltd. သည် Bureau Veritas Certification Holding SAS – UK Branch မှ ပေးအပ်သော **OHSAS 18001:2007** နှင့် **ISO 9001:2015** တို့အား **Certificate No. : IND19.12121U/HS** နှင့် **Certificate No. : TH013588** တို့ဖြင့်

"Provision of Design, Engineering, Procurement, Construction and Project Management Services for Telecom and Power Sector Projects"

များအတွက် ရရှိကြောင်း သိရှိရသည့်အတွက် Barons & Fujikura EPC Co., Ltd. ကိုယ်စား အထူးပင်ဂုဏ်ယူဝမ်း မြောက်ပါသည်။ Barons & Fujikura EPC Co., Ltd. အနေဖြင့်လည်း နိုင်ငံအတွက် အကျိုးပြုမည့် လုပ်ငန်းဆောင်တာများအား ဆထက်တပိုး ဆက်လက်လုပ်ဆောင် သွားနိုင်ပါစေကြောင်း Myanmar Power Spectrum Co., Ltd. မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဂုဏ်ယူဝမ်းမြောက်စွာဖြင့်

Myanma Power Spectrum Co., Ltd. မိသားစု

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ အထက(၂)အဌမတန်းမှ မောင်နိုင်ဝင်းကျော်၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး ၉/နထက (နိုင်)ဝ၉၆၈၂၆ ဖြစ်ပါကြောင်း။ **ဦးတင်ဦး**

အမည်ပြောင်း
ရန်ကုန်မြို့၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမက(၁၀) ဒုတိယတန်းမှ မသိမ့်သော်တာအား မသွန်းသဇင်ဟု ပြောင်းလဲခေါ်ပါရန်။ **မသွန်းသဇင်**

အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(E)မှ မသန္တာအောင်၏ အမည်မှန်မှာ မသန္တာအောင် ၇/ညလပ(နိုင်)၂၂၆၆၉၃ ဖြစ်ပါကြောင်း။ **မသန္တာအောင်**

မိခင်အမည်မှန်
ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ဇင်ဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်ထွေးထွေးနိုင် ၅/ခဥတ(နိုင်)ဝ၄၉၈၃၃ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့၊ အထက(ဝန်းသို) တက္ကသိုလ်ဝင်တန်းမှ မအေးသဇင်ဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေး ၅/ဝသန(နိုင်)ဝဝ၃၆၂၃ ဖြစ်ပါကြောင်း။ **ဒေါ်အေးအေး**

မိခင်အမည်မှန်
ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မမျိုးမျိုးသူ၏ မိခင်အမည်မှန်မှာ ဒေါ်မိုးစန်း ၅/ခဥတ(နိုင်) ဝ၅၅၈၅၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့၊ အထက(ဝန်းသို) ဆဋ္ဌမတန်း(A)မှ မသော်တာချမ်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုချမ်း ၉/မတရ(နိုင်)၁၁၄ဝ၅၅ ဖြစ်ပါကြောင်း။ **ဦးအောင်ကိုချမ်း**

မိခင်အမည်မှန်
ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်မျိုးထက်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မာအေး ၅/ခဥတ(နိုင်)ဝဝဝ၁၉၄ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း
ကျောက်တံခါးမြို့နယ်၊ အထက(ကျောက်တံခါး) တက္ကသိုလ်ဝင်တန်း(K)မှ နော်သူအေးမြင့် ၇/ကတခ(နိုင်)၂ဝ၅၁၆၂၏ဖခင် ဦးမောင်ဒါး(ခ)စောမြအေး ၇/ကတခ(နိုင်)ဝဝ၉၆၂၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်ဒါး(ခ)စောမြအေး**

မိခင်အမည်မှန်
ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မသန္တာအောင်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မာအေး ၅/ခဥတ(နိုင်)ဝ၉၇၃၉၃ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း
ကျောက်တံခါးမြို့နယ်၊ ဆီဆုံကုန်းကျေးရွာအုပ်စု၊ ဘဲခြံကျေးရွာနေ နော်လားခလီးဖော ၇/ကတခ(နိုင်)၁၈၇၉၈ဝ၏ဖခင် ဦးအယ်ဂေ(ခ)စောအယ်ဂေ ၇/ကတခ(နိုင်)ဝ၂၉၉၃၈သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအယ်ဂေ(ခ)စောအယ်ဂေ**

ဖခင်အမည်မှန်
ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မဝင်းရွှေရည်မင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းမင်း ၅/ခဥတ(နိုင်)ဝ၅၄၇၂၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ရေနံချောင်းမြို့၊ အထက (၃) တက္ကသိုလ်ဝင်တန်း၊ အခန်း(၁)မှ မောင်မျိုးမင်းငွေ၏ ဖခင်အမည်မှန်မှာ ဦးသောင်းလှိုင် ၈/ရနခ(နိုင်) ဝ၈၆ဝ၃၇ ဖြစ်ပါကြောင်း။ **ဦးသောင်းလှိုင်**

ဖခင်အမည်မှန်
ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မယုနန္ဒာမောင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းမောင် ၅/ခဥတ(နိုင်) ၁ဝဝ၃ဝ၃ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်
ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း(C)မှ မောင်အောင်ဇင်ဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်ဖြူဖြူဝင်း ၅/ခဥတ(နိုင်)၁၁၁၅၆၅ ဖြစ်ပါကြောင်း။

မိဘအမည်မှန်
မင်းပြားမြို့နယ်၊ တုတ်ပင်လယ်ကျေးရွာနေ မဆန်းဆန်းငွေ၏ မိဘအမည်မှန်မှာ ဦးအောင်သိန်း ၁၁/မပန(နိုင်)၁၃၂၅၅၅နှင့် ဒေါ်သန်းခင် ၁၁/မပန(နိုင်)၁၆၂၂၆၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ကျောက်ဖြူမြို့၊ အထက(ဂုံးချိန်) နဝမတန်းမှ မစုစန္ဒာထွန်း၏ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၁၁/ကဖန(နိုင်)ဝ၃၈၂ဝ၅ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း
ကျွန်တော်မောင်စည်သူအောင်(ဘ) ဦးစိုးတင့် ၉/တကန(နိုင်)၁၄၈၄၁၃၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၂၆၂၇၅၅၉၉၈

မိဘအမည်မှန်
ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း(G)မှ မစန္ဒာဝင်းကြည်၏ မိဘအမည်မှန်မှာ ဦးဘိုလင်း ၅/ခဥတ(နိုင်)ဝ၆၇၇၂ဝနှင့် ဒေါ်သီတာအေး ၈/ရစက(နိုင်)၁၂၈၉၉၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ချောင်းဦးမြို့၊ အထက အဋ္ဌမတန်းမှ မရည်မွန်သန့်၏ ဖခင်အမည်မှန်မှာ ဦးဆန်းထွန်းအောင် ၅/စလန(နိုင်)ဝ၉၅၄၂၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ပေါက်မြို့နယ်၊ မြောက်ဘက်ကျေးရွာ အထက(ခွဲ)ပဥ္စမတန်းမှ မဝင်းစန္ဒာအေး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၈/ပမန(နိုင်)ဝ၇၃၆ဝ၉ ဖြစ်ပါကြောင်း။ **ဦးခင်မောင်မြင့်**

ဖခင်အမည်မှန်
ပေါက်မြို့နယ်၊ မြောက်ဘက်ကျေးရွာ အထက(ခွဲ)ဆဋ္ဌမတန်းမှ မောင်ဝေဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးညွန့်စိန် ၈/ပမန(နိုင်)ဝ၇၁၇၂၅ ဖြစ်ပါကြောင်း။ **ဦးညွန့်စိန်**

ဖခင်အမည်မှန်
လယ်ဝေးမြို့၊ ဝက္ကမူရွာနေ မောင်နေမျိုးလှိုင်၊ မဟာပညာကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအိသက်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်လှိုင်ဝင်း ၉/လဝန(နိုင်)၁၂၁၃၇၈ ဖြစ်ပါကြောင်း။ **ဦးအောင်လှိုင်ဝင်း**

မိခင်အမည်မှန်
ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်ကျော်ဇောဟန်၏ မိခင်အမည်မှန်မှာ ဒေါ်ငွေးငွေးမာ ၅/ခဥတ(နိုင်) ဝဝ၅၆၂၇ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း
သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/က၊ မြေကွက်အမှတ်-၁/င၊ မြေကွက်တည်နေရာအမှတ်-၁၄၊ သုဒဿန(၂)လမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ (ဦးလှအောင်-ဒေါ်ကျင်ဆိုင်)အမည်ပေါက် ဘီ(မြေပိုင်မြေ)၊ ၃(ခ)မြေအားပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်-၅၅၇/၉၄(၇-၄-၁၉၉၄)ဖြင့်ပိုင်ဆိုင်သူ ဦးငွေစိုး၊ ဒေါ်မူမူအောင်၊ ဦးဝင်းအောင်၊ ဒေါ်ခင်မာလင်းတို့အနက် ဦးဝင်းအောင်သည် ၇-၇-၂ဝ၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဒေါ်ရင်ရင်လှ ၁၂/ရကန(နိုင်)ဝ၅၈၄၁၁ မှ ခင်ပွန်း ဦးဝင်းအောင်တွင် တစ်ဦးတည်းသောဇနီးဖြစ်သူ ၎င်းသာကျန်ရှိခဲ့ကြောင်း၊ အခြားသော အမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကွယ်လွန်သူခင်ပွန်း၏ ပိုင်ဆိုင်ခွင့်အစုကို ၎င်းတစ်ဦးတည်းသာပိုင်ဆိုင်ခွင့်ရှိကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး ကျမ်းကျိန်အမှတ်စဉ်(၆/၁၃၅၃) (၂၁-၆-၂ဝ၁၉)ရက်စွဲပါ ကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းလွှာကျိန်(၂)စောင်၊ သေစာရင်းတင်ပြ၍ ဦးငွေစိုး ၁၂/ရကန(နိုင်)ဝ၅၂၄၃၇၊ ဒေါ်မူမူအောင် ၁၂/ရကန(နိုင်)ဝ၅၂၃၂၆တို့၏ (SP) ၈၅၇၈/၁၈(၁၄-၈-၂ဝ၁၈)အရလည်းကောင်း၊ ဒေါ်ရင်ရင်လှ ၁၂/ရကန(နိုင်)ဝ၅၈၄၁၁မှ (GP) ၈၇၃၆/၁၈(၁၇-၈-၂ဝ၁၈)အရလည်းကောင်း၊ ဒေါ်ခင်မာလင်း ၁၂/ရကန(နိုင်)ဝ၅၂ဝ၆၁မှ (SP) ၈၆၉၃/၁၈ (၁၇-၈-၂ဝ၁၈) အရ (GP) ဦးဝင်းဇော် ၁၃/နဆန(နိုင်)ဝ၃ဝ၇ဝ၁ မှ ပါဝါရပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာများ၊ (ဦးလှအောင်-ဒေါ်ကျင်ဆိုင်)ဝယ်ယူထားသည့် အရောင်းအဝယ်စာချုပ်(၂ဝ၃/၄၉)မူရင်းပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်(၅၅၇/၉၄)မိတ္တူမှန်မူရင်း၊ အမှားပြင် စာချုပ်(၂၅၂ဝ/၁၇)မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် မြေပြင်ကွင်းဆင်းစစ်ဆေးရာ၌ တစ်ထပ်ပျဉ်ထောင်(မီးသွေးဆိုင်) ဦးကြည်စိုးနေထိုင်၍ မြေပေါ်နေထိုင်သူနှင့်ပတ်သက်၍ ပြဿနာမရှိ တာဝန်ယူပါကြောင်း ဦးငွေစိုးမှ ဝန်ခံကတိရေးထိုးပေးပါသဖြင့် အဆိုပါလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်
ပေါက်မြို့နယ်၊ မြောက်ဘက်ကျေးရွာ အထက(ခွဲ) တတိယတန်းမှ မောင်ဥက္ကာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဆွေခိုင် ၈/ပမန(နိုင်)၁ဝ၈၄၇၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ပေါက်မြို့နယ်၊ မြောက်ဘက်ကျေးရွာ အထက(ခွဲ)ပဥ္စမတန်းမှ မောင်ထွန်းပြည့်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးပေါ်များ ၈/ပမန(နိုင်)၁၁၇၉၅၅ ဖြစ်ပါကြောင်း။ **ဦးပေါ်များ**

ဖခင်အမည်မှန်
လယ်ဝေးမြို့၊ အထက သစ်ပုတ်ပင် တက္ကသိုလ်ဝင်တန်း(A)မှ မသန္တာလွင်၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ၉/လဝန(နိုင်)ဝ၈၆၁၅၆ ဖြစ်ပါကြောင်း။ **ဦးသန်းဝင်း**

ဖခင်အမည်မှန်
ပေါက်မြို့နယ်၊ မြောက်ဘက်ကျေးရွာ အထက(ခွဲ)ပဥ္စမတန်းမှ မယုသန္တာလင်း၏ ဖခင်အမည်မှန်မှာ ဦးငွေးလင်းဇော် ၈/ပမန(နိုင်) ဝ၆၈၈၆၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ပေါက်မြို့နယ်၊ မြောက်ဘက်ကျေးရွာ အထက(ခွဲ) တတိယတန်းမှ မောင်ချမ်းပြည့်မောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွန်း ၈/ပမန(နိုင်) ၁၄၉၁၉၈ ဖြစ်ပါကြောင်း။ **ဦးမောင်ထွန်း**

အမည်ပြောင်း
မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကော့ကဒွတ်ကျေးရွာနေ ဦးမြင့်ဇော်ဦး ၁ဝ/သထန(နိုင်)၁၃၆၆၁၆-ဒေါ်ဥမ္မာလွင် ၁ဝ/ဘလန(နိုင်)၁၁၁ဝ၅၆တို့၏ သမီး အထက (သိမ်ဆိပ်) စတုတ္ထတန်းမှ မနေခြည်ဦးအား ယနေ့မှစ၍ မစန္ဒကူးဟုလည်းကောင်း၊ သား မောင်ဟိန်းထက်အောင်အား မောင်ဟိန်းထက်ကောင်းဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်
ပေါက်မြို့နယ်၊ ဒီးဒုတ်ကွင်းရွာ အထက တက္ကသိုလ်ဝင်တန်းမှ မခိုင်ဇာဝင်း၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းစိုး ၈/ပမန(နိုင်)၁၄ဝဝ၈ဝ ဖြစ်ပါကြောင်း။ **ဦးမင်းမင်းစိုး**

ဖခင်အမည်မှန်
ပေါက်မြို့နယ်၊ မြောက်ဘက်ကျေးရွာ အထက(ခွဲ)ပဥ္စမတန်းမှ မောင်ကျော်ဆန်းဝေ၏ ဖခင်အမည်မှန်မှာ ဦးစိုးစန်းဦး ၈/ပမန(နိုင်)ဝ၈၈၇၂၅ ဖြစ်ပါကြောင်း။ **ဦးစိုးစန်းဦး**

ဖခင်အမည်မှန်
ပေါက်မြို့နယ်၊ မြောက်ဘက်ကျေးရွာ အထက(ခွဲ) သတ္တမတန်းမှ မဇင်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းစိန် ၈/ပမန(နိုင်)ဝ၇၉၅၅ဝ ဖြစ်ပါကြောင်း။ **ဦးကျော်ဝင်းစိန်**

ကန့်ကွက်နိုင်ပါကြောင်း

စဉ်	လျှောက်ထားသူအမည်	လျှောက်ထားသည့်မြေ၏ မြို့	ရပ်/ကျေး	အကွက်အမှတ်	ဦးပိုင်အမှတ်	ဧရိယာ(ဧက)	လျှောက်ထားသည့်အကြောင်းအရာ
၁	ဒေါ်တင်တင်မြင့်	ငွေဆောင်မြို့	အမှတ်(၃)	၁၉၈၆	၃၄၈/၁၁၂၂	ဝ.ဝ၇	ဂရန်အသစ်
၂	ဒေါ်တင်တင်မြင့်	ငွေဆောင်မြို့	အမှတ်(၃)	၁၉၈၆	၃၁၇/၁၁၂၃၊ ၃၁၇/၁၁၂၄	ဝ.၃၆	ဂရန်အသစ်
၃	ဦးမောင်မောင်ထွေး	ရွှေသောင်ယံ	အမှတ်(၁)	၁၉၉၄ဘီပြင်	၄/၁၊ အန်-၁၆၄၊ အန်-၉ အန်-၁ဝ/၂၊ ၃၆/၂၊ ၃၈/၁ အန်-၁၆၂၊ အန်-၁၆၃	ဝ.၄၆၊ ၁.ဝဝ ၄.၅၉	ဂရန်အသစ်
၄	ဦးထွန်းမင်း	ပုသိမ်	အမှတ်(၁၃)	၅၂	အန်-၄၆	ဝ.ဝ၅၅	ဂရန်အသစ်

ဖော်ပြပါလျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

တစ်ဦးတည်းဖြစ်ပါကြောင်း
ဦးဝင်းဆွေ၏သမီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် Semester IV မှ မမေသူထက်နှင့် ရွှေဘိုတက္ကသိုလ် ဓာတုဗေဒ ပထမနှစ်မှ မဖြူဖြူထက်တို့၏ မိခင် ဒေါ်မြင့်မာ ၅/ရဘန(နိုင်)ဝ၄၂၇၇၅ နှင့် ဒေါ်မာစိန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မိဘအမည်မှန်
ပေါင်မြို့အထက(ပေါင်) တက္ကသိုလ်ဝင်တန်းမှ မင်းစိုးမင်းဝေနှင့် အဌမတန်းမှ မင်းမွန်စောတို့၏ မိဘအမည်မှန်မှာ ဦးစန်းထူး ၁ဝ/ပမန(နိုင်) ၁၅၅၄၃ဝနှင့် ဒေါ်သက်စုမွန် ၁ဝ/ပမန(နိုင်)၁၉၂၇၈၁ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်
ပေါင်မြို့၊ အထက(ပေါင်) တက္ကသိုလ်ဝင်တန်းမှ မိသဇင်ဖြိုးနှင့် ဆဋ္ဌမတန်းမှ မအေးမြတ်နိုးတို့၏ မိခင်အမည်မှန်မှာ မိချမ်းမွန်ဦး ၁ဝ/ပမန(နိုင်)၁၃၈၉၄၉ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်
ပေါင်မြို့၊ အထက (ပေါင်) ဆဋ္ဌမတန်းမှ မမိုးပွင့်ဖြူ၏ မိခင်အမည်မှန်မှာ ဒေါ်ရီရီဝင်း ၁ဝ/ကမရ(နိုင်)၁၆၉၄၅၅ ဖြစ်ပါကြောင်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂ဝ)
မြောင်းမြခရိုင်တရားရုံး
၂ဝ၁၉ခုနှစ်၊ တရားမကြီးအမှုအမှတ်(၂ဝ)

ဦးသန့်ဇော်ဦး နှင့် ဦးအောင်ဆန်းထွန်း
တရားလို **တရားပြိုင်**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အမှတ်(၂၄ဝ)၊ ကံ့ကော်မြိုင်(၅)လမ်းနေ ဦးအောင်ဆန်းထွန်း (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ် အထမမြောက်သည့် မြေနှင့်နေအိမ်အတွက် ငွေအကျေပေးချေထားသည့်ငွေ (၆၅ဝဝဝဝဝ) (ငွေကျပ်သိန်းခြောက်ရာ့ငါးဆယ်) ပြန်လည်ရလိုမှု (သို့မဟုတ်) ရောင်းချခဲ့သော မြေနှင့်နေအိမ်အား တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆိုခွင့်ပြုစေပြီး မြေနှင့်နေအိမ်အား လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂ဝ၁၉ခုနှစ်၊ ဩဂုတ် ၁၂ ရက် (၁၃၈၁ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁ဝ နာရီတွင် အထက်အမည်ရေးသားပါရှိသူသည် တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂ဝ၁၉ခုနှစ်၊ ဇူလိုင် ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ဝင်းနိုင်)
ဒုတိယခရိုင်တရားသူကြီး
မြောင်းမြခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် 7W/79089 Honda Dream II M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဇော် ၃/မဝတ(နိုင်)ဝ၃ဝ၂၉၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မြဝတီမြို့)

ကန့်ကွက်နိုင်ပါကြောင်း
စစ်တွေမြို့၊ ရွာကြီးတောင်ရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ ရွာကြီးတောင်အကွက်၊ ဦးပိုင်အမှတ်(ဃ/၁၅၁)မှ မြေဧရိယာ(ဝဒသမ ဝ၈၇)ဧကအား ရူပတောင်ရပ်ကွက်နေ ဒေါ်မအေးကြည် ၁၁/စတန(နိုင်)ဝ၃၁၂၉၄မှ ၎င်းမြေနေရာအား မြေငှားဂရန်ရရှိရေးအတွက် စာရွက်စာတမ်း အထောက်အထားများဖြင့် စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်တွေမြို့

ရပ်ရှင်ဗီဒီယိုလောကသားများသိရှိရန်

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၏ သား/သမီးများသည် ၂၀၁၈/ ၂၀၁၉ ခုနှစ် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုရာ၌ ဂုဏ်ထူးဖြင့် အောင်မြင်သူများကိုမြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဂုဏ်ပြုပွဲကျင်းပမည်ဖြစ်ပါသဖြင့် လျှောက်လွှာပုံစံများလာရောက်ထုတ်ယူပြီး ၂၀-၈-၂၀၁၉ရက် ရုံးချိန်အတွင်း နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ပြောင်းလဲခေါ်ပါရန်

မြိုင်မြို့နယ်၊ ဒါန်းပင်ကန်ကျေးရွာနေ ဦးကျော်ဆွေမြင့်၏သမီး ရေစကြိုမြို့နယ် အထက (မအူ) နဝမတန်း(C)မှ မစောယုနွယ်အား မဆုရည်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မဆုရည်နိုင်

အမည်မှန်

ဦးဝင်းထွန်း ၁၀/မလမ(နိုင်) ၁၆၉၆၁၆၏သား မော်လမြိုင်မြို့ အထက(၉) တတိယတန်း(D)မှ မောင်ဇေပိုင်ဖြိုး၏ အမည်မှန်မှာ မောင်စွမ်းမိုးထက် ဖြစ်ပါကြောင်း။

မောင်စွမ်းမိုးထက်

ဖခင်အမည်မှန်

ပခုက္ကူမြို့၊ PCH ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မအိခက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးညိမ်းဆွေ ၈/ပခက(နိုင်)၀၁၀၀၉၆ ဖြစ်ပါကြောင်း။

ဦးညိမ်းဆွေ

မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ နောင်ပကျစ်ရပ်ကွက်၊ တောင်ပေါ်လမ်းနေ ဦးကျော်အောင်-ဒေါ်မေကြည်သန်းတို့၏သမီး မသန္တာအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၁၂-၂၀၀၀ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ အင်းဝလမ်း ငြိမ်းချမ်းရေးကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအေးသီရိဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်၉/ပမန(နိုင်)၂၉၁၂၃၀ ဖြစ်ပါကြောင်း။

ဦးဇော်

ဖခင်အမည်မှန်

ပြည်မြို့နယ်၊ ဝက်ထီးကန် (အထက)သတ္တမတန်း(C)မှ မဝင့်ဝါမွန်၏ ဖခင်အမည်မှန်မှာ ဦးဇာနည် ၇/ပမန (နိုင်) ၁၂၀၅၁၅ ဖြစ်ပါကြောင်း။

ဦးဇာနည်

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9P/7538 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းရုံး(ပဲခူး)

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့ အထက(၁) အဋ္ဌမတန်း(C)မှ မအဲလေးအား မဖိုင်းလိုင်းသေးဟု ပြောင်းလဲခေါ်ပါရန်။

မဖိုင်းလိုင်းသေး

ဖခင်အမည်မှန်

ပြည်မြို့၊ အထက(ခွဲ)တပ်နယ်၊ နဝမတန်းမှ မောင်အောင်မြင့်မြတ်နှင့် စတုတ္ထတန်းမှ မသော်တာမိုးမြင့်တို့၏ ဖခင်အမည်မှန်မှာ ဦးနိုင်နိုင်ထွန်း ၇/ပမန (နိုင်) ၁၅၃၁၀၇ ဖြစ်ပါကြောင်း။

ဦးနိုင်နိုင်ထွန်း

တစ်ဦးတည်းဖြစ်ပါကြောင်း

ဖောင်းပြင်မြို့နယ်၊ စစ်သောင်ကျေးရွာနေ ၂၀၁၉ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် မောင်ဆန်းဝင်း၏ ဖခင် ဦးမြင့်အောင် ၅/ရဘန(နိုင်) ၀၉၈၁၂၅ နှင့် ဦးမြင့်မောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမြင့်အောင်(ခ)ဦးမြင့်မောင်**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1M/3612၊ Toyota Hilux Vigo P/U ၏ အမျိုးအစား ယာဉ်လက်ဝယ်ရှိသူ Khaing Lin Tun Co.,Ltd ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၁၈၁၅၈ ၊ Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ဝင်း ၃/ဘအန(နိုင်)၀၀၅၄၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ဘားအံ)

တစ်ဦးတည်းဖြစ်ပါကြောင်း

ဖောင်းပြင်မြို့နယ် အထက တက္ကသိုလ်ဝင်တန်းမှ မောင်ရဲထွဋ်ခေါင်၏ဖခင် ဦးညွန့်ဦး ၅/ဖပန(နိုင်) ၀၃၉၂၉၅နှင့် ဦးမောင်ညွန့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးညွန့်ဦး(ခ)ဦးမောင်ညွန့်

တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(A)မှ မောင်အောင်ငွေဖြိုးနှင့် မောင်အောင်ဝေဖြိုးမှာ တစ်ဦးတည်းဖြစ်ပြီး ၎င်း၏ဖခင် ဦးသိန်းငွေဦး(ခ)ဦးသန်းစိုး ၈/မသန (နိုင်)၁၇၃၉၀၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(၂)တပ်ကုန်း၊ နဝမတန်း (A3)မှ မောင်သီဟကိုကို၏ဖခင် အမည်မှန်မှာ ဦးဖိုးထောင် ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

စာအုပ်စာပေ လှူမိတ်ဆွေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၂၀၁၉ခုနှစ်၊ ဇူလိုင်လ ၂၄ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမနှင့် ကျောက်ခင်းကွင်းနယ်မြေများတွင် အသုံးပြုရန်လိုအပ်သော Forklift(3Ton)ယာဉ်(၂)စီးနှင့် Forklift (5Ton) ယာဉ် (၁)စီးတို့ကို နိုင်ငံခြားငွေဒေါ်လာဖြင့် ဝယ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၄-၇-၂၀၁၉ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၅-၈-၂၀၁၉ရက် ညနေ ၄ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)၊ ဖုန်း-၀၆၇-၄၁၄၄၉၇၊ ၀၆၇-၄၁၄၈၀၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး အိတ်ဖွင့်တင်ဒါပုံစံများ ထုတ်ယူရာတွင် လုပ်ငန်းဆောင်ရွက်သူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်ဖြင့် ထုတ်ယူဆောင်ရွက်ရပါမည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရာတွင် ဈေးနှုန်းထည့်သွင်းဖော်ပြထားသည့် တင်သွင်းလွှာနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ ခေါ်ယူထားသည့် တင်ဒါပါလုပ်ငန်းများနှင့်ကိုက်ညီမှု ရှိမရှိစစ်ဆေးနိုင်ရန်အတွက် ဈေးနှုန်းထည့်သွင်းဖော်ပြ ထားခြင်းမရှိသည့် တင်သွင်းလွှာမိတ္တူ (၁)စုံတို့အား ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နေပြည်တော်သို့လိပ်မူပြီး ၂၅-၈-၂၀၁၉ရက် ညနေ ၆ နာရီ နောက်ဆုံးထား၍ အရောက်ပေးပို့ရပါမည်။

၆။ အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည့် ရက်နှင့်အချိန်ကို ထပ်မံအကြောင်းကြားပေးသွားပါမည်။ အိတ်ဖွင့်တင်ဒါ တင်သွင်းခြင်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ Website www.mge.gov.mmတွင် အခမဲ့ရယူနိုင်ပါသည်-

(က) တင်ဒါလမ်းညွှန်နှင့် စည်းကမ်းသတ်မှတ်ချက်များ
(ခ) တင်ဒါတင်သွင်းခြင်းစာမူပုံစံ
(ဂ) စံချိန်၊ စံညွှန်း

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်လှ(ခ)ဒေါ်လှလှ ၇/ညလပ(နိုင်)၀၁၃၄၄၁၊ ဒေါ်နှင်းနှင်း ၁၀/မလမ(နိုင်) ၀၃၁၀၆၀၊ ဒေါ်ထားထားမြတ် ၇/ပခန(နိုင်)၀၈၆၀၈၅၊ ဒေါ်ဝင်းဝင်းရီ ၁၂/သဃက(နိုင်)၁၀၃၆၄၃၊ ဒေါ်သိန်းသိန်းဌေး ၁၂/သဃက(နိုင်) ၁၂၈၉၇၅တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်အတွင်း ရှိမြေတိုင်းရပ်ကွက်အမှတ်(၁၀)ဇာတ်ရုံရပ်၊ ဦးပိုင်အမှတ်(၁၁က) မြေချိန်ဧရိယာ ၀ဒသမ၀၃၇၈ဧကရှိ မြေငှားဂရန်ခြံမြေကွက်အပါအဝင် ယင်းခြံမြေကွက်နှင့် သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ DORP No.317/ V/1951-1952 အရ ဒေါ်မြ၊ ဒေါ်လှ၊ ဒေါ်ကန်တော်တို့၏အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အဆိုပါဂရန်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံ(၁)လုံးတို့မှာ ဒေါ်မြ၊ ဒေါ်လှ၊ ဒေါ်ကန်တော်တို့၏ တရားဝင်ပိုင်ဆိုင်သော အကျိုးခံစားခွင့်များဖြစ်ပါသည်။

အထက်ဖော်ပြပါ ဂရန်ခြံမြေ၏အမည်ပေါက် ဒေါ်မြပါ-၃ဦးအနက်မှ ဒေါ်မြ(ခ)ဒေါ်မြမြနှင့် ဒေါ်ကန်တော်(ခ)ဒေါ်ကြည်ကြည်တို့မှာကွယ်လွန်သွားခဲ့ပြီဖြစ်၍ ဒေါ်လှ(ခ)ဒေါ်လှလှ တစ်ဦးတည်းသာသက်ရှိထင်ရှားကျန်ရစ်နေခဲ့ပါသည်။

ဒေါ်မြ(ခ)ဒေါ်မြမြမှာပထမအိမ်ထောင်ဖြစ်သူ ဦးရီနှင့် ပေါင်းသင်းစဉ် ဒေါ်နှင်းနှင်းဆိုသည့် သမီးတစ်ဦးထွန်းကားခဲ့ပြီး ဒုတိယအိမ်ထောင်ဖြစ်သူ ဦးထွန်းမြင့်နှင့် ပေါင်းသင်းစဉ် ဒေါ်ထားထားမြတ်ဆိုသည့် သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ဦးလှမိုး-ဒေါ်ကန်တော်(ခ)ဒေါ်ကြည်ကြည်တို့မှာ ဒေါ်ဝင်းဝင်းရီ၊ ဒေါ်သိန်းသိန်းဌေး၊ ဦးမျိုးသန့်ဆိုသည့် သားသမီး(၃)ဦးထွန်းကားခဲ့သည့်အနက် ဦးမျိုးသန့်ဆိုသူမှာ အိမ်ထောင်မရှိကွယ်လွန်သွားခဲ့ပါသည်။ လက်ရှိအချိန်တွင်ဒေါ်မြ(ခ)ဒေါ်မြမြ၏ ပထမအိမ်ထောင်ဖြစ်သူဦးရီ၊ ဒုတိယအိမ်ထောင်ဖြစ်သူ ဦးထွန်းမြင့်နှင့်ဒေါ်ကန်တော်(ခ)ဒေါ်ကြည်ကြည်၏ခင်ပွန်းဖြစ်သူ ဦးလှမိုးတို့မှာလည်း အသီးသီးကွယ်လွန်သွားကြပြီဖြစ်ပါသည်။

ထို့ကြောင့်အထက်ဖော်ပြပါ နေအိမ်နှင့်ဂရန်ခြံမြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမွေဆက်ခံပူးတွဲပိုင်ဆိုင်သူများအဖြစ် အထက်အမည်ပါ ကြေညာသူ (၅)ဦးသာလျှင် သက်ရှိထင်ရှားကျန်ရှိပါတော့သည်။

ယင်းသို့ဖြစ်ရာအထက်အမည်ပါကြေညာသူ(၅)ဦးအနေဖြင့် အထက်ဖော်ပြပါ နေအိမ်နှင့် ခြံမြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းတို့အပြင် အခြားအမွေဆက်ခံသူ၊ ပိုင်ရေးဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကြေညာပါသည်။ ယခုကြေညာသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ၌ ကြေညာချက်ပါရှိပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်၏ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏အမှုသည်များထံသို့ဖြစ်စေ ခိုင်လုံသည့်အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက ကျွန်ုပ်အမှုသည်များ၏ ပိုင်ဆိုင်မှုခိုင်မာစေရန်အတွက် စာချုပ်စာတမ်းများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကောင်းထင်လင်းစိုး(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၉၇/၄-၁၂-၂၀၁၈)
အမှတ်(၁၇)၊ ကြားတောရ(၁)လမ်း၊ မြို့မ(၂)ရပ်ကွက်၊ ညောင်လေးပင်မြို့
ဖုန်း-၀၉-၄၂၈၂၀၈၆၆၈

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
လေလံတင်ရောင်းချမှုယာယီရပ်ဆိုင်းကြောင်းကြေညာခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ (၂၀၁၉-၂၀၂၀)ခု ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်(၂၃၂)ခုအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရန် ၇-၇-၂၀၁၉ရက်တွင် ပြည်သူသို့သိရှိနိုင်ရန်အတွက် နိုင်ငံပိုင်သတင်းစာ မြန်မာ့အလင်းနှင့် နေပြည်တော်စည် ပင်သာယာရေးကော်မတီ၏ Webportalများမှ တစ်ဆင့် အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ အထက်ပါအရပ်ရပ်အခွင့်အရေးလိုင်စင်(၂၃၂)ခုအနက် တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ ကြီးကြပ်ကွပ်ကဲရမည့် အောက်ဖော်ပြပါ အရပ်ရပ်အခွင့်အရေးလိုင်စင် (၁၃၅)ခုအား အများပြည်သူအကျိုးငှာ ပိုမိုကောင်းမွန်သည့်စနစ်သို့ ပြောင်းလဲကျင့်သုံးရောင်းချသွားနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုအရ ယခင်ကြေညာထားသောရက်များတွင် လေလံတင်ရောင်းချမည့်အစီအစဉ်များအနက် တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ ရောင်းချမည့် အရပ်ရပ်အခွင့်အရေးလိုင်စင်(၁၃၅)ခုအား လေလံတင်ရောင်းချခြင်းမှ ယာယီရပ်ဆိုင်းထားမည်ဖြစ်ပြီး ကျန်ဌာနများ ကွပ်ကဲမှုအောက်ရှိ အရပ်ရပ်အခွင့်အရေးလိုင်စင်(၉၇)ခုအား မူလအစီအစဉ်အတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၏ အရပ်ရပ်အခွင့်အရေးလိုင်စင်(၁၃၅)ခုအတွက် ရောင်းချမည့်စနစ်၊ ရောင်းချမည့်လိုင်စင်အရေအတွက်များအား ကော်မတီမှအတည်ပြုပြီးပါက လုံလောက်သောအချိန်အတွင်း အများပြည်သူသို့ ထပ်မံအသိပေးကြော်ငြာရောင်းချသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	လိုင်စင်အမည်	အရေအတွက်
(က)	အသားထုတ်လုပ်ရောင်းချခွင့်(ဝက်)လိုင်စင်	(၆၅)ခု
(ခ)	အသားထုတ်လုပ်ရောင်းချခွင့်(အမဲ)လိုင်စင်	(၄၁)ခု
(ဂ)	အသားထုတ်လုပ်ရောင်းချခွင့်(ဆိတ်)လိုင်စင်	(၂၉)ခု
	စုစုပေါင်း	(၁၃၅)ခု

လေလံတင်ရောင်းချရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ ချောင်းသာမြို့အကွက်အမှတ် ၁၉၉၀၊ ချောင်းသာကွင်းအကွက်၊ ဦးပိုင်အမှတ် (ဠ-၂၀)၊ဧရိယာ ၀ဒသမ ၄၅၃ဧကရှိ မြေကို ဦးဘရွှေ အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်မြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြဝတီမြို့၊(၂)ရပ်ကွက်၊ မဟူရာလမ်းနေ (ဦးမြင့်စိုး)-ဒေါ်မြင့်မြင့်မော်တို့၏သား မောင်သက်ပိုင်စိုး(ခ)ရှားလားလား ၃/မဝတ(နိုင်)၀၂၇၀၀၅ သည် မိဘဖြစ်သူ၏ ဆိုဆုံးမစကားများကို နားထောင်ခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအတိုင်း ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ မောင်သက်ပိုင်စိုး(ခ)ရှားလားလားနှင့် ပတ်သက်သမျှ အရှုပ်အရှင်းများ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်မြင့်မြင့်မော်

လုံးဝမသက်ဆိုင်တော့ပါကြောင်း

ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့၊ အမှတ်(၁)ရပ်ကွက်နေ ကျွန်မ ဒေါ်တင်ရွှေ ၈/ပခက(နိုင်) ၀၆၂၈၂၉ ၏ခင်ပွန်းဖြစ်သူ ဦးတင်မြင့် ၈/ပခက (နိုင်)၀၆၄၄၈၈သည် ၂၂-၅-၂၀၁၉ ရက်မှစ၍ အိမ်မှထွက်ခွာသွားရာ ယနေ့အချိန်ထိ ပြန်လည်ဆက်သွယ်ခြင်း မရှိပါ။ ၎င်း၏သဘောဆန္ဒအရ ထွက်ခွာသွားခြင်းဖြစ်ရာ လက်ရှိနေထိုင်သော အိမ်နှင့် မပတ်သက်ပါ။ ဦးတင်မြင့်၏ ကိစ္စအဝဝ အားလုံး တာဝန်မယူကြောင်း သိစေအပ်ပါသည်။

ဒေါ်တင်ရွှေ
၈/ပခက(နိုင်)၀၆၂၈၂၉

အသိပေးကြေညာခြင်း

၁။ မူဆယ်မြို့နယ်၊ ကောင်းမှုးတုံရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဦးပိုင်အမှတ်(၁)၊ မြေဧရိယာ ၀ဒသမ ၅၃၄ဧကရှိ မြေနေရာအား ဒေါ်ဝင်းဝင်းမြင့် ၁၃/လရန(နိုင်) ၀၃၁၄၂၆မှ မြေငှားဂရန် လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ (၁၀၅)ရေးကူးခွင့် လျှောက်ထားလာပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသည့်ပုဂ္ဂိုလ်များမှခိုင်လုံသည့် အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ စတင်၍ ၁၅ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက တင်ပြမြေနေရာအားဒေါ်ဝင်းဝင်းမြင့် အမည်ဖြင့် မြေငှားဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့်ပြုသွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မူဆယ်မြို့
ဖုန်း-၀၈၂-၅၀၆၉၀၊ ၅၀၅၀၃

အမည်ပြောင်း

နေပြည်တော်၊ အထက (၁၄) ဆဋ္ဌမတန်း (B) သင်ရိုးသစ်မှ ဦးဇော်လင်း ၉/ပမန(နိုင်)၁၈၅၈၂၈ ၏သမီး မယွန်းနဒီဖြိုးအား မယူမီလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မယူမီလင်း

ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်းအတွက် ကြေညာခြင်း

Arvis Cropscience Co.,Ltd. မှ ဖြန့်ဖြူးသူအဖြစ် မှတ်ပုံတင်ထားသော Shandong Vicome Green Land Chemical CO.,LTD ၏ အောက်ဖော်ပြပါ ပိုးသတ်ဆေး(၇)မျိုးအား Shenbom Agrosciences Co.,Ltd သို့ လွှဲပြောင်းဖြန့်ဖြူးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက သီးနှံကာကွယ်ရေးဌာနခွဲသို့ ၁၄ရက်အတွင်း ဆက်သွယ်အကြောင်းကြားပေးပါရန် အသိပေးကြေညာအပ်ပါသည်။

စဉ်	ပိုးသတ်ဆေး ကုန်သွယ်မှုအမည်	အဆိပ်ရှိပစ္စည်း	မှတ်ပုံတင် အမျိုးအစား	မှတ်ပုံတင် အမှတ်
(၁)	Htult Toe 10 WP	Bensulfuron-methyl 10%WP	Provisional Reg:	P 2019-4605
(၂)	Hight voltage 480SL	Bentazone 480g/1 SL	Experimental Reg:	E2019-4603
(၃)	ShweNwar40WG	Carfentrazone-ethyl 40%WG	Experimental Reg:	E2019-4578
(၄)	Tyault Sitt Hmuee 288EC	Fluroxypyr-meptyl 288g/1EC	Experimental Reg:	E2019-4621
(၅)	Khi Shin 10 WP	Pyrazosulfuron-ethyl 10%WP	Provisional Reg:	P 2019-4604
(၆)	Paung Ma Shi 10 EC	Fluoroglycofen-ethyl 10%EC	Experimental Reg:	E2019-4609
(၇)	Mee Tanact1.14EC	Emamectin Benzoate 1.14%EC	Provisional Reg:	P 2019-4612

Arvis Cropscience Co., Ltd
Ph-09-791301854,09-403723854

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်(၆၉၄)၊ အလျားပေ ၄၀×အနံပေ ၆၀ အကျယ်အဝန်းရှိ ဦးမြင့်လှိုင်အမည်ပေါက် နှစ်၆၀ဂရန်မြေအမျိုးအစားမြေကွက်အတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်၏ခြေရင်းဘက်ခြမ်း အလျားပေ(၂၀)×အနံပေ(၆၀)အကျယ်အဝန်းရှိသော မြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ရွှေသုဌေးလမ်း၊ အမှတ်(၆၉၄/ခ) ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ရီရီမြင့် ၁၂/ဥကတ(နိုင်)၀၄၆၈၉၄ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ-**

ဒေါ်နွယ်နီအောင် LL.B,LL.M,D.I.R ဒေါ်ခိုင်ခိုင်ထွန်း LL.B,DIPL
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၄၈) အထက်တန်းရှေ့နေ(စဉ်-၄၆၉၆၄)
အမှတ် (၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈

ဖခင်အမည်မှန်

အမက(၄၄) အင်းစိန်မြို့နယ်၊ စတုတ္ထတန်းမှ မမေမီလင်း၏ဖခင် အမည်မှန်မှာဦးစည်သူမြင့် ၁၂/မဘန (နိုင်)၁၂၅၇၄၃ ဖြစ်ပါသည်။

ဦးစည်သူမြင့်

တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ပန်းတောကြီးအုပ်စု၊ လယ်တံငယ်ကျေးရွာနေ ဦးကျင်မောင်၏သား ကိုလှစိုးနှင့်မောင်လှိုင် ၁၄/လမန (နိုင်)၀၁၁၆၅၆မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ကိုလှစိုး(ခ)မောင်လှိုင်**

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးကျော်ဇော၏သား မောင်ပြည့်စုံဟိန်း ၁၃/လလန(နိုင်)၁၀၇၀၀၃၊ ၂၀၁၉ ခုနှစ် တက္ကသိုလ် ဝင်တန်းစာမေးပွဲတွင် ခုံအမှတ် ဆဗဟ ၂၃၉ဖြင့် အောင်မြင်ခဲ့သော မောင်ပြည့်စုံဟိဏ်းသည် တစ်ဦးတည်း ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဂန့်ဂေါအထက တက္ကသိုလ်ဝင်တန်း(C)မှ မနွယ်ဦးမွန်နှင့် နဝမတန်း (C)မှ မောင်လုံးကီးတို့၏ ဖခင်အမည်မှန်မှာ ၈/ဂဂန(နိုင်)၁၁၃၉၃၀ အရ ဦးဆာလိန် ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/6666, Toyota Landcruiser VDJ 200,S/W(4x4)L ယာဉ်လက်ဝယ်ရှိသူMyat Noe Thu Construction Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ SUPER ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မရွှေယမင်းနှင့် ရေဦးမြို့နယ် နပေါင်ကျေးရွာ အမက ဒုတိယတန်းမှ မောင်ထက်ဝေယံကျော်တို့၏ ဖခင်အမည်မှန်မှာဦးကျော်ဟိန်း ၅/ရဉန (နိုင်)၀၆၉၉၈၇ ဖြစ်ပါကြောင်း။

ဦးကျော်ဟိန်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/1975 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/9119၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ပျော်ဘွယ်မြို့နယ်၊ ယင်းတော်ရွာမအုပ်စု၊ ယင်းတော်ကျေးရွာနေ ဦးဟာရွန်ဘိုင်(ခ)ဦးရဲမင်းဦး (ဘ)ဦးရဲမြင့် ၉/မထလ(နိုင်)၃၄၁၇၂၇၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၃-၃-၂၀၁၉ရက်တွင် ဦးဟာရွန်တိုင်(ခ)ဦးရဲမင်းဦး ၉/မထလ (နိုင်)၃၄၁၇၂၇နှင့် ဒေါ်မာဂျေဒါဘီ(ခ)မထက်ထက်ဇော် ၁၀/မလမ(နိုင်) ၂၆၀၉၅၇တို့သည် အစ္စလာမ်ထုံးတမ်းဥပဒေနှင့်အညီ အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် ပတ်သက်ဆက်စပ်မှုလုံးဝမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတိုးနိုင်လင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၈၂၅၄)
သဇင်လမ်း၊ (၂×၃)လမ်းကြား၊ ပြည်သာယာ(တ)ရပ်ကွက်
မိတ္ထီလာမြို့၊ ဖုန်း-၀၉-၄၄၄၀၃၇၆၉၃

မြတ်ချမ်းသာဆီးချို / သွေးချိုကျဆေး

နာမည်ကျော်ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးဝါးကျွမ်းကျင်သူများ၊တိုင်းရင်းဆေးသမားတော်ကြီးများ၏၅နှစ်တိုင်ဖော်စပ်လေ့လာခဲ့ပြီးနောက်ဆီးချိုရောဂါကုဆေးစွမ်းတစ်ကောင်းလက်အားထုတ်ဖော်ရရှိခဲ့ပါသည်။2019ခုနှစ်ဇွန်လတွင်မြတ်ချမ်းသာဆေး၏ကုသမှုအစွမ်းအားမြန်မာနိုင်ငံကျန်းမာရေးဌာနမှအသိအမှတ်ပြုလိုင်စင်အမှတ်-TMR008398(0320) အားအတည်ပြုထုတ်ပြန်ပေးခဲ့သည်။

မြတ်ချမ်းသာဆေးအားသောက်သုံးပြီးနောက်

- 3 ရက်မှ 7 ရက်အကြာတွင် အာခြောက်ခြင်း၊ ရေအလွန်အကျွံငတ်ခြင်းတို့သိသိသာသာလျော့ကျလာမည်။
- 7 ရက်မှ 15 ရက်အကြာတွင်သွေးတွင်းသကြားဓါတ်ပုံမှန်ပြန်ဖြစ်လာမည်။
- 30 ရက်မှ 60 ရက်အကြာတွင် သွေးတွင်းသကြားဓါတ်နန်းပုံမှန်ပြန်ဖစ်လာပြီးဆေးသောက်နန်းလျှော့ချနိုင်မည်ဖြစ်သည်။
- ဆေး 1 ပတ်လည်စာမှ 3 ပတ်လည်စာအထိ သောက်သုံးပြီးနောက်ဆီးချိုရောဂါကြောင့်ဖြစ်သောနောက်ဆက်တွဲရောဂါများသိသာစွာလျော့နည်းလာမည်။

ကေသီပန်

အော်ဒါတင်ရန်ဖုန်း ရန်ကုန်မြို့တွင်း အခမဲ့ ပို့ဆောင်ပေးမည်။

09-895351116, 09-895351117

အရောင်းဆေးဆိုင်လိပ်စာ

အောင်ပြည့်စုံ (ဆေးဆိုင်)
အမှတ် (၁၅၂)၊ လမ်းမတော်လမ်းနှင့် ၁၆ လမ်းထိပ်၊ အနော်ရထာလမ်းမပေါ်၊ လမ်းမတော်မြို့နယ်
ဘိုကလေး (ဆေးဆိုင်) - အမှတ် (၄၄၆)၊ ကုန်သည်လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်
ဇီဝက (ဆေးဆိုင်) - အမှတ် (၂၇)၊ အင်းစိန်လမ်း၊ ဘူတာရုံလမ်းထိပ်၊ ကမာရွတ်မြို့နယ်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ မစိုးရိမ်လမ်းသွယ်(၂)၊ စံပယ်လမ်း၊ အမှတ် 9(B)နေ (ဦးမင်းမင်း-ဒေါ်နှင်းဖြူ)၊ (ဦးဘဆိုင်-ဒေါ်ခင်လုံ) တို့၏သား၊ (ဒေါ်မြင့်မြင့်အေး)၏ခင်ပွန်း၊ ဒေါ်သဇင်အောင်၊ ဦးအောင်ထွဋ်ဦး-ဒေါ်ခင်စောယုအောင်၊ ဦးတင်ထွဋ်အေး-ဒေါ်ခင်စံပယ်ဖြူအောင်တို့၏ချစ်လှစွာသောဖခင်၊ မြတ်သူအောင်၊ စုနှင်းထွဋ်အောင်၊ အောင်ဘိုဘို၊ မင်းသန့်ငြိမ်းချမ်းတို့၏ ချစ်လှစွာသောဘိုးဘိုးသည် ၂၃-၇-၂၀၁၉ရက် နံနက် ၈း၂၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှ
အသက်(၉၁)နှစ်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ညွှန်ကြားရေးမှူး(အင်ဂျင်နီယာလုပ်ငန်း) ဦးအောင်မင်း၏မိခင် ဒေါ်လှသည် ၂၁-၇-၂၀၁၉ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

အထွေထွေမန်နေဂျာ(CNG)
နှင့် ဝန်ထမ်းမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးသန်းအောင် (ခ) ဦးသန်းထွဋ်
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်၊ သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်း (ဝါဝါဝင်းရွှေ ရုပ်ရှင်ထုတ်လုပ်ရေး)၊ အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးဟန်ကြည်-ဒေါ်တင်မြင့်) တို့၏ သား၊ (ဦးထွန်းရွှေ-ဒေါ်သန်းတင်)တို့၏သားသမက်၊ဦးဝင်းမြင့်အောင်၏ညီ၊ အမှတ် ၈၈ ၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်နေ၊ ဦးဝင်းထွဋ်ဝင်း-ဒေါ်ဟေနွယ်ဦး (Celebrity ရုပ်ရှင်ထုတ်လုပ်ရေး)၊ သရုပ်ဆောင် ဝါဇင် (ခ) သားထူး-ဒေါ်စောစန္ဒီဇော် (သံမှူး၊ မြန်မာသံရုံး စင်ကာပူနိုင်ငံ) တို့၏ ချစ်လှစွာသော ဖခင်၊ မဝါရွှေနွယ်သွေးဝင်း (ခ) Alice Win၊ မဝင်းဝါပန်းမြတ်သူ (ခ) Pinky Win (Yangon Academy)၊ မဝင်းပဝတီထွဋ် (ခ) Victoria Htut ၊ မရွှေဧကရီထွဋ် (ခ) Isabella Htut တို့၏ ချစ်လှစွာသော အဘိုး၊ သရုပ်ဆောင် ဒါရိုက်တာ ဒေါ်ဝါဝါဝင်းရွှေ၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းအောင် (ခ) ဦးသန်းထွဋ်သည် ၂၃-၇-၂၀၁၉ ရက် (အင်္ဂါနေ့) ည ၇း၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၉ ရက် (စနေနေ့)တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

(သင်္ဂြိုဟ်မည့်အချိန်ကို ထပ်မံကြော်ငြာပါမည်) ကျန်ရစ်သူမိသားစု

မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲခြင်း

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၏ ကစားသမားတစ်ဦးဖြစ်သူ မဇူလိုင်ကျော်၏ ဖခင်ဦးကျော်ကျော်ဦး (အသက်-၅၂)နှစ်သည် ၂၁-၇-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်
ဝန်ထမ်းမိသားစုများ

ဦးအောင်ကျော်(ခ)ကိုလေး (ပုလော)
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်၊ အောင်ချမ်းသာအိမ်ရာ၊ တိုက် ၅၊ အခန်း၂၀၃/၂၀၄နေ (ဦးခင်နွယ်)-ဒေါ်တင်ကြူတို့၏သား၊ ကိုကျော်လွင်ဦး-မချောချောနွယ် (ရွှေစံအိမ် ကွမ်းသီးရောင်းဝယ်ရေး)၊ ကိုစိုးမိုးအောင်-မခိုင်ခိုင်၊ ကိုသူထိုက်စိုး-မခင်စန်းမော်တို့၏ အစ်ကိုသည် ၂၂-၇-၂၀၁၉ရက် (တနင်္လာနေ့) ည ၈း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၉ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

အနိစ္စ

ဦးတင်ယု
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၅)ရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ်(၄၄၁)နေ (ဦးမောင်ညွှန့်-ဒေါ်မြကြည်)တို့၏သား၊ (ဦးကျင်စိန်-ဒေါ်ထွန်းတင်)တို့၏သားသမက်၊ ဒေါ်စန်းစန်းမြင့်(အလက၊ ဆရာမ-ငြိမ်း)၏ခင်ပွန်း၊ ဗိုလ်ကြီးမင်းသက်ခိုင်(မိတ္ထီလာ-လေတပ်)၊ ဦးကျော်လွင်မိုး(ရွှေဘဏ်) တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၃-၇-၂၀၁၉ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးသိန်းတိုး
B.Sc Maths
အထက(၁)
ဗဟန်းကျောင်းသားဟောင်း
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ (ဦးအောင်သိန်း)-ဒေါ်ခင်မျိုးဇင်တို့၏ သား၊ ဦးခင်လှိုင်-ဒေါ်အေးအေးတို့၏ သားသမက်၊ ဦးသိန်းဝင်း-ဒေါ်မြင့်မြင့်သိန်း၊ ဦးသိန်းဦး-ဒေါ်ခင်ခင်ဌေး၊ (ဦးသန့်ဇင်)-ဒေါ်ဆွေဆွေမြင့်၊ ဦးစိုးလွင်-ဒေါ်အေးအေးကြူ၊ ဦးမျိုးဇော်ထွေး-ဒေါ်နှင်းလဲ့လဲ့ဦးတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၅)လမ်း၊ အမှတ်(၁၁၈၁/ခ)နေ ဒေါ်ဝင်းနှင်းထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မသီရိတိုးတိုးဇင်(YTU)၏ ချစ်လှစွာသော ဖခင်သည် ၂၂-၇-၂၀၁၉ရက် ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်တင်ရီ
အသက်(၈၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နေ [ဦးမြ(ကျောင်းအုပ်ဆရာကြီး-ငြိမ်း)-ဒေါ်ခင်ညွန့်]တို့၏သမီးကြီး၊ ပုသိမ်မြို့နေ (ဦးတင်ဌေး) အမှတ် (၂) ပုသိမ်အရှေ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း၏ ဇနီး၊ (ဒေါ်မေမေကြည်၊ မူလတန်းပြဆရာမ-ငြိမ်း)၊ ဦးတိုးအောင်တို့၏ အစ်မကြီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ကမာကြည်ကမ်းသာယာ၊ အိမ်ရာ ၃၊ လုံးချင်းအိမ်ရာ၊ အမှတ်၂၀-B နေ ဦးဇော်ဝင်းဌေး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ဦးပိုက်ထွေး(ပါတီဗဟိုအတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)-ဒေါ်ခင်မျိုးဌေး၊ ဦးသန်းဇော်ဌေး (ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်-၂၊ အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ဝင်းဝင်းမော်၊ ဗိုလ်ကြီးအောင်မျိုးဌေး(ငြိမ်း)-ဒေါ်သန်းသန်းနွဲ့တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၃-၇-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၈း၃၃ နာရီတွင် ရန်ကုန်မြို့၊ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၉ရက် (ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၁၉ရက်(တနင်္လာနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ရဲမှူး ဦးဝင်းသောင်
မကွေးတိုင်းရဲတပ်ဖွဲ့မှူး၊ ရဲမှူးဦးစီး(ငြိမ်း)
ခရိုင် ရဲတပ်ဖွဲ့မှူး၊ရဲမှူးထောက်
စာရေးဆရာ ဝင်းသောင်(ရမည်းသင်း)
စာပေနှင့် စာနယ်ဇင်း၊စစ်မှုထမ်းဟောင်း
အသက်(၈၁)နှစ်

ရမည်းသင်းမြို့၊ ကြည်တော်ကုန်းရပ်နေ (ဦးအေး-ဒေါ်အေးခင်)တို့၏သား၊ ပဲခူးမြို့၊ ဆံတော် တွင်းနေ (ဦးစိုးကြိုင်-ဒေါ်သန်းရီ)တို့၏သားသမက်၊ (ဒေါ်သန်းကြင်)၊ (ဒေါ်ခင်စန်း)၊ (ဦးဝင်းမောင်)တို့၏ညီမောင်၊ ဦးဆွေမြင့်-ဒေါ်အေးအေးစိုး၊ (ဦးခင်မောင်စိုး)-ဒေါ်သန်းသန်းဌေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ တိုက် ၁၂၅၇၊ လေးလွှာနေ ဒေါ်လှလှစိုး(ငြိမ်း-လယ်စိုက်ရှင်း)၏ခင်ပွန်း၊ မချိုမြ(ကိုမျိုးမင်းသောင်)-မရတနာဇော်ခင်တို့၏ ဖခင်၊ မအိမြတ်နိုးငြိမ်း၏ အဘိုးသည် ၂၂-၇-၂၀၁၉ရက် (တနင်္လာနေ့)နံနက် ၆း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း
ရဟန်းဒါယိကာမကြီးဒေါ်သန်းသန်း
အသက်(၇၈)နှစ်

သူငယ်ချင်း ဗိုလ်မှူးဒေါ်နီနီလွင် (သမက၁/၃၀၀)၏မိခင် ဒေါ်သန်းသန်းသည်၂၂-၇-၂၀၁၉ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်သူနာပြုအရာရှိသင်တန်း
အမှတ်စဉ်(၁၅)မှသူငယ်ချင်းများ

ဒေါ်သန်းရီ (မအူပင်မြို့)
အသက်(၇၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ (၂) ရပ်ကွက်၊ ဓမ္မာရုံကျောင်းလမ်း၊ အမှတ် ၇၃နေ (ဦးကျော်ဝင်း)၏ဇနီး၊ ကိုသိန်းစိုး-မခင်ပြုံးဝင်း၊ ကိုဇော်လွင်(ဦးစီးမှူး၊ ဖျာပုံမြို့နယ် လဝကရုံး)-မရီရီခိုင်၊ ကိုသက်နိုင်-မနွယ်နွယ်ဝင်း၊ ကိုနိုင်ဝင်း-မအေးမီဝင်းတို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၂-၇-၂၀၁၉ရက် (တနင်္လာနေ့)တွင် မအူပင်မြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဝါဝါဟန်
ဒုတိယ ညွှန်ကြားရေးမှူး(ငြိမ်း)
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
အသက်(၆၉)နှစ်

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာဝါဝါဟန်သည် ၂၂-၇-၂၀၁၉ရက် ည ၁၁း၃၀နာရီတွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာရိပ်သာလမ်းသွယ်၊ အမှတ်(၁)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဒေါက်တာရဲထွန်းဝင်း-ဒေါက်တာလှလှမွန်**

ညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဝါဝါဟန်
ဒုတိယ ညွှန်ကြားရေးမှူး(ငြိမ်း)
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
အသက်(၆၉)နှစ်

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာဝါဝါဟန်သည် ၂၂-၇-၂၀၁၉ရက် ည၁၁း၃၀နာရီတွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာရိပ်သာလမ်းသွယ်၊ အမှတ်(၁)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးသုမနသာမိ(ခ)ဦးသိန်းတန် (မြိတ်)
M.A(Phil)
အသက်(၅၀)

မအူပင်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာအောင်ကျော်-ဒေါ်ခိုင်သဉ္ဇာစိုးတို့၏ညီ ဦးသုမနသာမိ(ခ)ဦးသိန်းတန်သည် ၂၁-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယပါမောက္ခချုပ်(စီမံ/ဘဏ္ဍာ)
နှင့်ဒုတိယပါမောက္ခချုပ်(သင်တန်း)
ဆရာ-ဆရာမများ၊ ဝန်ထမ်းများမအူပင်တက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်တင်ရီ
အသက်(၈၈)နှစ်

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းဇော်ဌေး-ဒေါ်ဝင်းဝင်းမော်တို့၏ချစ်လှစွာသော မိခင်ဒေါ်တင်တင်ရီသည် ၂၃-၇-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းရုံးချုပ်/စက်ရုံများမှ
အရာထမ်း/အမှုထမ်းများ

ဒေါက်တာ ဒေါ်ဝါဝါဟန်
B.V.S, Dip in Japanese (YUFL),Dip in Statistic
ဒု-ညွှန်မှူး(ငြိမ်း)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
National Consultant at FAO,Country Coordinator at PREVENT Project, USAID
M.D, Green Enviro Services Ltd
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာရိပ်သာလမ်း၊ အမှတ် ၁ နေ (ဇေယျကျော်ထင်ဗိုလ်မှူးသိန်းဟံ-ဒေါ်မူမူဟန်)တို့၏သမီး၊ ဒေါ်ဖြူဖြူဟန် (MRTV-ငြိမ်း)၏ညီမ၊ ဒု-ဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း)-ဒေါ်မိုးပြာဟန် (ကထိက၊ငြိမ်း)၊ ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်(ငြိမ်း)-ဒေါ်မိုးသီတာ၊ (ဦးဖုန်းမော်ဟန်)-ဒေါ်ခင်အေးဝေ၊ ဒေါ်နှင်းပွင့်ဟန်(ကထိက၊ ငြိမ်း၊ ဘန်ကောက်တက္ကသိုလ်)တို့၏အစ်မ၊ ဗိုလ်မှူးသူရိန်ထွန်း-မဆုဝေဟန်၊ ကိုသူဇော်-မယုသီရိ၊ ကိုဗွဲ့လင်းဟန်၊ ကိုလွင်မော်၊ မခြူးခြူးဝေဟန်၊ မယမုံဟန်၊ မခင်အင်ကြင်းတို့၏ကြီးတော်၊ မောင်လင်းမြတ်၊ မောင်ရှင်းသန့်အောင်တို့၏အဘွားသည် ၂၂-၇-၂၀၁၉ရက် (တနင်္လာနေ့) ည ၁၁း၃၀ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ကြွင်းကျန်သောရုပ်ကလာပ်အား တပ်မတော်ဆေးတက္ကသိုလ်၊ မင်္ဂလာဒုံသို့ ပို့ဆောင်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာ ဒေါ်ဝါဝါဟန်
အသက်(၆၉)နှစ်

Green Enviro Services Ltd.၏ Managing Director ဒေါက်တာဒေါ်ဝါဝါဟန်သည် ၂၂-၇-၂၀၁၉ ရက် (တနင်္လာနေ့)ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **Green Enviro Services Ltd. မှ**

ဝန်ထမ်းများ

ဦးဘအောင် (စစ်တွေ)
(ပြည်နယ်စိုက်ပျိုးရေး ဘဏ်မန်နေဂျာ-ငြိမ်း)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာ(၄)လမ်း၊ အမှတ် ၇၃၄နေ ဒေါ်စောထွီး(ဆရာမ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ချီကာဂို(အမေရိက)နေ ဦးအောင်နိုင်စိုး-ဒေါ်လှသူဇာတို့၏ဖခင်၊ မောင်စည်သူဖြိုးအောင်၊ မမေသူဇာစိုးတို့၏အဘိုးသည် ၂၂-၇-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၁၀း၃၇ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး

ဒေါ်ရွှေတင် (ကျောက်ဖြူ-စနဲ)
အသက်(၈၇)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ စနဲမြို့၊ ကံပြင်ရပ်ကွက်နေ (ဦးဘဦး-ဒေါ်ဧမြဲ)တို့၏သမီး၊ (ဦးမြဒင်)၊ ဒေါ်ဘွားတင်တို့၏အစ်မ၊ ကျောက်ဖြူမြို့နေ ဦးလှဖေ-ဒေါ်အောင်မြ၊ ဦးအောင်မြတ်ထွန်း၊ ဒေါ်မြင့်မြင့်ခိုင်၊ ဦးအောင်မြင့်ထွန်း(ခ)ဦးဘချစ်၊ ဒေါ်မြင့်မြင့်လွင်(ကျောက်ဖြူ မြို့မ အထက-ခွဲ)၊ သံတွဲမြို့နေ ဦးတင်အောင်ဇော်(SAE လမ်းဦးစီး၊ သံတွဲ) ဒေါ်သီဂီအောင်(သံတွဲ G.T.I-ငြိမ်း) တို့၏မိခင်၊ မြေး၁၁ယောက်တို့၏အဘောင်ရှင်၊ မြစ်လေးယောက်တို့၏အဖီးရှင်သည် ၂၂-၇-၂၀၁၉ ရက် (တနင်္လာနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် စနဲမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဆားလင်းကြီးမြို့နယ်အတွင်းရှိ ဆည်သုံးခုအနက် ဆည်နှစ်ခုတွင် ယခုအချိန်ထိ ရေဝင်ရောက်မှုမရှိသေး

ယင်းမာပင်　ဇူလိုင်　၂၃

၂၀၁၉ ခုနှစ် မိုးရာသီကာလအတွင်း စစ်ကိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ဆည်သုံးခုရှိသည့်အနက် ဆည်တစ်ခုသာ ရေဝင်ရောက်မှုရှိသေးကြောင်း ယင်းမာပင်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) ဦးစီးအရာရှိရုံးမှ သိရသည်။

ဆားလင်းကြီးမြို့နယ်တွင် ငွေသာဆည်၊ ဆားလင်းကြီးဆည်နှင့် ဖောင်းကတာဆည်ရှိပြီး အဆိုပါဆည်များတွင် ယခုနှစ်မိုးရာသီတွင် မိုးရွာသွန်းမှုနောက်ကျသဖြင့် ယခုအချိန်ထိ ဆည်များအတွင်း ရေဝင်ရောက်မှုမရှိသေးဘဲ ဇူလိုင် ၂၂ ရက် ညနေပိုင်း ရွာသွန်းခဲ့သောမိုးမှာ မိုးရေချိန် ၁ ဒသမ ၁၆ လက်မအထိ ရွာသွန်းခဲ့၍ ဖောင်းကတာဆည်တစ်ခုသာ ဆည်အတွင်း ရေဝင်ရောက်မှုရှိခဲ့သည်။

"ကျွန်တော်တို့ ဒီငွေသာဆည်၊ ဆားလင်းကြီးဆည်နဲ့ ဖောင်းကတာဆည်တို့မှ မြို့နယ်အတွင်းရှိ တောင်သူများ သီးနှံစုံစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးရေရရှိရေးအတွက် ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီစိုက်ပျိုးရေ ဖြန့်ဝေပေးနေတဲ့ ဆည်သုံးခုမှာ ဒီနှစ်မိုးရာသီ ဇူလိုင်လ တတိယပတ်ရောက်ပေမယ့် ဆည်မှာ ရေဝင်ရောက်မှုက ယနေ့အချိန်အထိ ငွေသာဆည်နဲ့ ဆားလင်းကြီးဆည်တွေမှာ ရေဝင်ရောက်မှု မရှိသေးပါဘူး။ ဖောင်းကတာဆည်တောင်မှ အခု ဇူလိုင် ၂၂ ရက် ညနေပိုင်း ရွာသွန်းခဲ့တဲ့ မိုးက မိုးရေချိန် ၁ ဒသမ ၁၆ လက်မအထိ ရွာသွန်းခဲ့လို့ ဆည်အတွင်း ရေ တစ်ပေခွဲခန့် စတင်ဝင်ရောက်ပါတယ်"ဟု မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)ဦးစီးအရာရှိရုံး ဆားလင်းကြီးအခြေစိုက် ရေ့တာန်းစခန်းတာဝန်ခံဦးစီးမှူး ဦးကျော်စိုးက ပြောသည်။

၂၀၁၉-၂၀၂၀ မိုးစပါးရာသီအတွက် ငွေသာဆည်မှ စိုက်ဧက ၁၀၀၊ ဆားလင်းကြီးဆည်မှ ဧက ၅၀ နှင့် ဖောင်းကတာဆည်တို့မှ ဧက ၅၀ စိုက်ပျိုးနိုင်ရေးအတွက် လျာထားဆောင်ရွက်လျက်ရှိသည်။ ၂၀၁၉ ခုနှစ် ယခုအချိန်ထိ ငွေသာဆည်တွင် ၅၂၇၉ ဧကပေ၊ ဆားလင်းကြီးဆည်တွင် ၁၅၂၆ ဧကပေနှင့် ဖောင်းကတာဆည်တွင် ဧကပေ ၂၅၄၀ ဆည်ရေများရှိပြီး ဇူလိုင် ၂၂ ရက် ညနေပိုင်း ရွာသွန်းခဲ့သော မိုးရေချိန်မှာ ၁ ဒသမ ၁၆ လက်မအထိ ရွာသွန်းခဲ့၍ ဖောင်းကတာဆည်အတွင်း ရေ တစ်ပေခွဲခန့် ရေဝင်ရောက်မှုရှိကြောင်း သိရသည်။ **သန်းဋ္ဌေးအောင်(ကနီ)**

ဆားလင်းကြီးမြို့နယ် ငွေသာဆည်အတွင်း ရေဝင်ရောက်မှုအခြေအနေကို တွေ့ရစဉ်။

ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် တောင်သမန်တံတား ကြံ့ခိုင်မှု လိုအပ်သလိုဆောင်ရွက်နိုင်ရန် စောင့်ကြပ်စစ်ဆေးလျက်ရှိ

မန္တလေး　ဇူလိုင်　၂၃

ယခုရက်ပိုင်းအတွင်း ဧရာဝတီမြစ်ရေမြင့်တက်လာမှုနှင့်အတူ တောင်သမန်အင်းအတွင်းသို့ မြစ်ရေများ ဝင်ရောက်လာမှုကြောင့် တောင်သမန်တံတား ကြံ့ခိုင်မှုအခြေအနေကို လိုအပ်သလို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် စောင့်ကြပ်စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တောင်သမန်တံတားကို ခရီးသွားများ လာရောက်လေ့လာ အပန်းဖြေမှု အများဆုံးဖြစ်သည့် သင်္ကြန်ကာလ၊ ကဆုန်လပြည့်နေ့နှင့် ဝါဆိုလပြည့်နေ့စသည့် အခါကြီးရက်ကြီးများတွင် တံတားပေါ်မှ အန္တရာယ်ကင်းစွာ ဖြတ်သန်း အပန်းဖြေနိုင်ရန်အတွက် လိုအပ်သောကြံ့ခိုင်မှုများကို ယခုနှစ် သင်္ကြန်မတိုင်ခင် ဖေဖော်ဝါရီလကတည်းက ကြိုတင်၍ ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

"အခါကြီး ရက်ကြီးတွေမှာ ဒီတံတားပေါ်ကို လူအုပ်စုတွေအများကြီး ဖြတ်လျှောက်တဲ့ဒဏ်ကို ခံနိုင်ရည်ရှိအောင် တံတားရဲ့ ချုပ်တန်းတွေ ပြုပြင်တယ်။ တံတားတိုင်တွေကိုလည်း

စာမျက်နှာ ၁၂ ကော်လံ ၁ ❐

ဧရာဝတီမြစ်ရေ ဆိပ်သာနှင့် ဟင်္သာတမြို့တို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

နေပြည်တော် ဇူလိုင် ၂၃

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့နှင့် ဟင်္သာတမြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေများသည် နောက်သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ဆိပ်သာမြို့နှင့် ဟင်္သာတမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ခရမ်းမြို့နယ်အသင်း တံခွန်စိုက်ဖလားဆွတ်ခူး

ရန်ကုန်　ဇူလိုင်　၂၃

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၁၇ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲ၌ ခရမ်းမြို့နယ်အသင်းနှင့် မြောက်ဥက္ကလာပမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ဒုတိယပိုင်း ၈၈ မိနစ်တွင် ခရမ်းမြို့နယ်အသင်းအတွက် အနိုင်ဂိုးကို ကျော်နံပါတ် ၉ က သွင်းယူနိုင်ခဲ့ကာ ခရမ်းမြို့နယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✪

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

စာ » ၁၃

ကျူးကျော်ဝင်ရောက်လာသည့် ရှုရှားစစ်လေယာဉ်ကို တောင်ကိုရီးယားလေယာဉ်များက သတိပေးပစ်ခတ်

စာ » ၁၄

ရေတာရှည်မြို့နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံနှင့် လျှပ်စစ်ဓာတ်အားတိုင်များ ပျက်စီး

စာ » ၂၅

ဦးသာရင် ၏ လေငန်းဆေးပြား
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR
နဂါးအမှတ်တံဆိပ်
လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။
Certificate TH09/3125
Certificate TH06/3966
ISO 9001:2015 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၇ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း ရန်ကုန်မြို့မှထုတ်လုပ်သည်။

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်

၂၀၁၉ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့

ရန်ကုန်မြို့တော်ကြီး အနာဂတ်သာယာလှပ ပြည့်စုံရေး

ဝိုင်းဝန်းကူညီပေး

ဓာတ်ပုံ - တင်ဝင်းလေး

သျှင်ဝင်းသျှင်

ဒီကနေ့ ရန်ကုန်ဟာ မနေ့က ရန်ကုန်နဲ့မတူပါဘူးဆိုရင် အခြားတစ်ဖက်ကနေပြီး မဟုတ်ပါဘူးဗျာလို့ ငြင်းဆိုမယ့်သူ တစ်ဦးတစ်ယောက်မျှတော့ဖြင့် ပေါ်ထွက်လာမယ်လို့ မထင်မိပါဘူး။

ရုပ်ဝတ္ထုဖြစ်စဉ်တွေ၊ အပြောင်းအလဲတွေက အချိန်နဲ့အမျှ ဖြစ်ပေါ်နေတာက မျက်မြင်ဒိဋ္ဌပါ။ ဒါ့ကြောင့် ရန်ကုန်မြို့ရဲ့ နေထိုင်မှုလူဦးရေဟာ နောင်လာမယ့် ငါးနှစ်ကျော်ကာလမှာ ရှစ်သန်းမျှ ဖြစ်လာမယ်လို့ မြို့ပြနဲ့ပတ်သက်တဲ့ ပညာရှင်တွေက ခန့်မှန်းထားကြပါတယ်။ ထပ်မံပြီး ၂၀၄၀ ပြည့်နှစ်လောက်မှာ လူဦးရေက ဆယ်သန်းကျော်အထိ တိုးပွားလာနိုင်တယ်လို့လည်း ဆိုထားကြပါတယ်။

မိသားစုအလိုက် ပြောင်းရွှေ့နေထိုင်

အဲဒီမှာ မြို့ပြပညာရှင်တွေ ထည့်တွက်မိတယ်၊ မတွက်မိတယ်တော့ မသိနိုင်ပေမယ့် ယနေ့ ရန်ကုန်မြေမှာ ရေကြည်ရာ မြက်နုရာဆိုသလို စီးပွားရေးကြောင့် မြေလတ်ဒေသ၊ အညာဒေသ ဆီကလာရောက်ပြီး အခြေချနေထိုင်ကြတဲ့သူတွေ အရင်ကမိသားစုတစ်စုမှာ တစ်ဦးစ နှစ်ဦးစ လောက်သာ မြေစမ်းခရမ်းပျိုးဆိုသလို လာရောက်ကြပေမယ့် အခုအခါ မိသားစုအလိုက် ပြောင်းရွှေ့ နေထိုင်နေကြပါပြီ။ ဧည့်စာရင်းပယ်ဖျက်ထားလို့ ကိန်းဂဏန်းအသေအချာမသိပေမယ့် သိန်းဂဏန်းအထက်မှာ ရှိနေပါတယ်။ (အိမ်ထောင်စု စာရင်းပုံစံ ၆၆/၆ နဲ့ ပြောင်းရွှေ့နေထိုင်ခြင်း မဟုတ်ပါ)

ရန်ကုန်မြို့မှာ နေထိုင်သူအားလုံးဟာ မွေးဖွားသည်မှ သေဆုံးသည်အထိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးရဲ့ ဆောင်ရွက်ပေးမှုအဝဝနဲ့ တိုက်ရိုက်ပဲဖြစ်ဖြစ်၊ သွယ်ဝိုက်၍ပဲဖြစ်ဖြစ် နီးနွယ်ပတ်သက်လို့နေပါတယ်။

လုပ်ငန်းတာဝန်ခံအဖွဲ့ဖွဲ့စည်းဆောင်ရွက်

မြို့နေပြည်သူအားလုံးရဲ့အရေးအရာများကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ဖို့အတွက် မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈)မှာ ဖွဲ့စည်းပုံကို လုပ်ငန်းတာဝန်ခံအဖွဲ့ခုနစ်ဖွဲ့၊ ဌာန သုံးဌာနနဲ့ ဖွဲ့စည်းစီမံဆောင်ရွက်နေတာ ဖြစ်ပါတယ်။

တာဝန်ခံအဖွဲ့တွေမှာ (၁) မြို့ပြစီမံကိန်း လုပ်ငန်းတာဝန်ခံအဖွဲ့၊ (၂) အဆောက်အဦဆိုင်ရာ လုပ်ငန်းတာဝန်အဖွဲ့၊ (၃) လမ်းတံတားလုပ်ငန်းဆိုင်ရာ တာဝန်ခံအဖွဲ့၊ (၄) ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့၊ (၅) ရေစီးရေလာနှင့် ရေဆိုးစီမံခန့်ခွဲမှုလုပ်ငန်း တာဝန်ခံအဖွဲ့၊ (၆) ပြည်သူ့ကျန်းမာရေးနှင့် ဈေးများလုပ်ငန်းတာဝန်ခံအဖွဲ့၊ (၇) ပတ်ဝန်းကျင်စီမံခန့်ခွဲရေး လုပ်ငန်းတာဝန်ခံအဖွဲ့တို့ဖြစ်ပြီး ဌာနများအနေနဲ့ (၁) စီမံခန့်ခွဲရေး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ (၂)လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာန၊ (၃)ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာနဆိုပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

အချပ်ပို (ဃ) သို့

ရန်ကုန်နယ်နိမိတ်အတွင်း ပေါ်ပေါက်လာဦးမယ့် အသစ်အသစ်သော မှတ်တိုင်တွေ

● ရှင်နော်၊ ဓာတ်ပုံ - ထိန်လင်း

ရန်ကုန်မြို့ရှိ ကားမှတ်တိုင်တစ်ခုတွင် ကုမ္ပဏီဝန်ထမ်းတစ်ဦး သန့်ရှင်းရေးပြုလုပ်နေမှုကို တွေ့ရစဉ်။

ဇူလိုင်လ အတွင်းက တစ်ရက်သော ဗုဒ္ဓဟူးနေ့တွင်ဖြစ်သည်။ အစိုးမရသော ရန်ကုန်မိုးက တဖွဲဖွဲရွာသွန်းနေသည်။ ပုံမှန်ကျင်းပနေကျဖြစ်သော ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) ၏ သတင်းစာရှင်းလင်းပွဲမှအပြန် ကျိုက္ကဆံကွင်းအနီး မှတ်တိုင်တစ်ခုတွင်ဖြစ်သည်။ ကားမှတ်တိုင်တွင် လူရှင်းနေသည်။ မှတ်တိုင်တွင် ခဏထိုင်မည်ဟူသောဆုံးဖြတ်ချက်ကြောင့် ခြေလှမ်းကို ခပ်သွက်သွက်လှမ်းမိသည်။ ကားမှတ်တိုင်အမိုးအောက် မရောက်တရောက်တွင် မြင်လိုက်ရသောမြင်ကွင်းကြောင့် လှမ်းနေဆဲခြေလှမ်းတို့ တုံ့ဆိုင်းသွားသည်။

စာရေးသူနှင့် အပြိုင်မောင်းနှင်ဝင်ရောက်လာသော ကားလေးအတွင်းမှ အသက်အားဖြင့် ၂၀ ဝန်းကျင်ခန့်ရှိ လူငယ်တစ်ဦး ကားအတွင်းမှ ထွက်လာပြီး မှတ်တိုင်ဧရိယာအတွင်း သတိပေးဆိုင်းဘုတ်ပြားများကို အများမြင်သာအောင် ချထားလိုက်သည်။ ထို့နောက် ကားငယ်အတွင်းမှ တံမြက်စည်း၊ ရေပုံးအစရှိသော သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများကို ထုတ်ယူနေသည်။ ထို့နောက် မှတ်တိုင်ဧရိယာတွင် သန့်ရှင်းရေးလုပ်ငန်းများကို စတင်လုပ်ဆောင်သည်။ လုပ်ဆောင်ချိန်က ၁၀ မိနစ်သာသာခန့်ရှိမည်။ စနစ်တကျလေ့ကျင့်ထား၍ နေရာလွတ်မကျန် သန့်ရှင်းရေးကို ပိပိရိရိလုပ်ဆောင်သွားသည်။ မနေနိုင်လွန်း၍ သွားမေးမိသည်။ မှတ်တိုင်အရေအတွက်၊ လမ်းအလိုက် တာဝန်ချထားကြောင်း သိရသည်။

မှတ်တိုင်ပြုလုပ်ရန် ဧရိယာသတ်မှတ်ထား

တစ်ချိန်က ကွမ်းတံတွေးများ၊ အမှိုက်များ၊ မကောင်းသောအနံ့အသက်တို့ ဖုံးလွှမ်းနေသော မှတ်တိုင်များသည် သစ်လွင်သောဆေးရောင်၊ ထိုင်ချင်စဖွယ် ခုံတန်းလျားနှင့် ညအချိန်မီးအလင်းရောင်တို့ပါဝင်သော ခေတ်မီဘတ်စ်ကားမှတ်တိုင်များအဖြစ် ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ အရပ်တကာ၊ လူတကာတို့၏ အမျိုးမျိုးသော ကြော်ငြာကပ်ခြင်းမှ ကင်းဝေးသော မှတ်တိုင်များအဖြစ် ရပ်တည်နိုင်ပြီဖြစ်သည်။ ဘတ်စ်ကားမှတ်တိုင်များ နေရာတကျ ပေါ်ပေါက်လာသည့်နည်းတူ ယာဉ်မောင်းကြီးများ၏ စည်းကမ်းကျနပြတ်သားသော စကားသံများကိုလည်း စတင်ကြားစပြုကြရသည်။ "နောက်တစ်ခါ မီးပွိုင့်နားမှာ ရပ်မှာမဟုတ်တော့ဘူး။ စီးချင်ရင် မှတ်တိုင်က လာစောင့်စီးကြပါ" ဟူ၍ဖြစ်သည်။ လှည်းတန်းမီးပွိုင့်ကဲ့သို့ မီးနီချိန်ကြာမြင့်၍ ယာဉ်တန်းရှည်သော နေရာများပင်လျှင် မီးပွိုင့်ဧရိယာအတွင်း အတက်အဆင်းပြုလုပ်ခြင်းကို အချို့သော ယာဉ်မောင်းကြီးများကတားမြစ်ကြသည်။ သို့သော် အင်းစိန်မှ ရန်ကုန်မြို့လယ်ကောင်သို့အသွား လှည်းတန်းတွင် ယခုအချိန်အထိ မှတ်တိုင်မရှိသေး။ သက်ဆိုင်ရာမှ မှတ်တိုင်ပြုလုပ်ရန် ဧရိယာသတ်မှတ်ထားသော်လည်း အကောင်အထည်ဖော်ရန် နှောင့်နှေးနေဆဲရှိသေးသည်။

အကူးအပြောင်းကာလ

မထသမှ ဝိုင်ဘီအက်စ် အကူးအပြောင်းကာလတွင် လမ်းညွှန်ဆိုင်းဘုတ်များမှာ လွန်စွာအရေးပါခဲ့သည်။ ရန်ကုန်နေလူတန်းစားအသီးသီးတို့က လမ်းညွှန်ဆိုင်းဘုတ်ရှိ ယာဉ်လိုင်းနံပါတ်များကို ကြည့်၍ လိုရာခရီးကို ဆက်ခဲ့ကြရသည်။ ယခုအခါ အချို့သောလမ်းညွှန်ဆိုင်းဘုတ်တို့မှာ ပျက်စီးခြင်းများရှိသလို လေလွင့်ပျောက်ဆုံးခြင်းများလည်း ရှိခဲ့သည်။ ထို့အတူ အသစ်သစ် ပေါ်ပေါက်လာသောယာဉ်လိုင်းများ၊ ပြောင်းလဲပြေးဆွဲသော ယာဉ်လိုင်းများကြောင့် လမ်းညွှန်ဆိုင်းဘုတ်များကို ယနေ့ပြေးဆွဲနေသည့် ယာဉ်လိုင်းနံပါတ်များ ပါဝင်သည့်ဆိုင်းဘုတ်များအဖြစ် ပြောင်းလဲသင့်သည်။

ခရီးသည်များ ဒုက္ခရောက်

ဤနေရာတွင် အလျဉ်းသင့်၍ ကုမ္ပဏီပိုင်ယာဉ်ကြီးများနှင့် အစုအဖွဲ့ပိုင်ယာဉ်လိုင်းများအကြောင်းကို အနည်းငယ်ပြောကြားလိုပါသည်။ လူထုမိတ်ဆွေ၊ Omni Focus အစရှိသော ယာဉ်လိုင်းကြီးများတွင် ခရီးသည်များအတွက် ဆင်းမည့်မှတ်တိုင် ကြေညာပေးခြင်း၊ မှတ်တိုင်အရောက်ရပ်တန့်ပေးခြင်း စသောဝန်ဆောင်မှုများ ပါဝင်သလို အချို့သောယာဉ်အိုယာဉ်ဟောင်းများတွင် ရပ်မည့်မှတ်တိုင်မသိရသည့် အတွက်ကြောင့် ရုံဖန်ရုံခါသွားရောက်ရသော နေရာများအတွက် ခရီးသည်များ ဒုက္ခရောက်ကြရသည်။

တင်ဒါအောင်မြင်

လွန်ခဲ့သော သီတင်းပတ်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၌ ပြုလုပ်သော စာနယ်ဇင်းတွေ့ဆုံပွဲ၌ တာဝန်ရှိသူတစ်ဦးက ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်း မှတ်တိုင်များနှင့် ပတ်သက်၍ "ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာ ဇုန်သုံးဇုန်ခွဲခြားပြီးတော့ တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ပါတယ်။ မြို့တွင်းခြောက်မြို့နယ်အပါအဝင် ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း၊ ရန်ကင်း၊ တာမွေ၊ တောင်ဥက္ကလာပ၊ သဃ်ာန်းကျွန်းမြို့နယ်များပါတဲ့ ဇုန်ကိုတော့ FMI Decaux ကုမ္ပဏီကနေ တင်ဒါအောင်မြင်ခဲ့ပါတယ်။ သူတို့နဲ့ဆောင်ရွက်မယ့် ဘတ်စ်ကားမှတ်တိုင်အရေအတွက်က ၅၀၀ ဖြစ်ပြီးတော့ အခုဆိုရင် ၂၇၀ ကျော် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျန်တဲ့ဒုတိယဇုန်ဖြစ်တဲ့ လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပမြို့နယ်များပါတဲ့ဇုန်ကိုတော့ ဂါးနစ်ကုမ္ပဏီနဲ့ ကျွန်တော်တို့ တင်ဒါအောင်မြင်ထားပါတယ်။ သူနဲ့ဆိုရင်တော့ ကျွန်တော်တို့က ဘတ်စ်ကားမှတ်တိုင် ၂၅၀ ဆောင်ရွက်မှာဖြစ်ပြီးတော့ အခုဆိုရင် လှိုင်သာယာမြို့နယ်မှာ ဘတ်စ်ကားမှတ်တိုင်ကို စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ နောက်ကျန်တဲ့ ဒဂုံ(အရှေ့- ဆိပ်ကမ်း) ဒေါပုံ၊ သာကေတ၊ ဒဂုံ (တောင်-မြောက်) ပါဝင်တဲ့ ဇုန်အတွက်ကို ဇင်းနစ်ပါဝါကုမ္ပဏီနဲ့ တင်ဒါအောင်မြင်ထားပါတယ်။ သူနဲ့ကတော့ စာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်ဖို့အတွက် စာချုပ်ပြင်ဆင်လျက်ရှိပါတယ်။ သူနဲ့ဆောင်ရွက်မယ့် အရေအတွက်ကတော့ မှတ်တိုင်ပေါင်း ၄၀၀ ကျော်ခန့် ဖြစ်ပါတယ်။

ကျန်တဲ့မှတ်တိုင်တွေ အနေနဲ့ကတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အနေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မှာ မှတ်တိုင်ပေါင်း ၁၈၅၀ ခန့် ရှိပါတယ်" ဟု ပြောခဲ့သည်။

စောင့်ကြည့်ထိန်းသိမ်းရမည်

အထူးသဖြင့် တာဝန်ရှိသူများဘက်မှ မှတ်တိုင်ဧရိယာအတွင်း ဈေးဗန်းခင်းရောင်းချခြင်း၊ လဲလျောင်းအိပ်စက်ခြင်းစသော အများပြည်သူအတွက် အနှောင့်အယှက်ဖြစ်စေမည့် ကိစ္စရပ်များအတွက် စစ်ဆေးအရေးယူသင့်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူ့ဘဏ္ဍာငွေဖြင့်ဆောက်လုပ်မည့် မှတ်တိုင်ပေါင်းထောင်ကျော်ရှိရာ အဆိုပါမှတ်တိုင်များ မပျက်စီးမပျောက်ပျက်ရေး၊ ရေရှည်တည်တံ့ရေးနှင့် သန့်ရှင်းသပ်ရပ်စွာ အသုံးချနိုင်ရေးတို့သည် ကုမ္ပဏီအဖွဲ့အစည်းတစ်ခုတည်း၏ တာဝန်မဟုတ်သကဲ့သို့ အစိုးရအဖွဲ့အစည်းတစ်ခုတည်း၏ တာဝန်လည်းမဟုတ်ဘဲ မြို့တော်နေပြည်သူပြည်သားအားလုံး၏ အထူးဂရုတစိုက် စောင့်ကြည့်ထိန်းသိမ်းရမည် တာဝန်တစ်ရပ်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

"တစ်ချိန်က ကွမ်းတံတွေးများ၊ အမှိုက်များ၊ မကောင်းသောအနံ့အသက်တို့ ဖုံးလွှမ်းနေသောမှတ်တိုင်များသည် သစ်လွင်သောဆေးရောင်၊ ထိုင်ချင်စဖွယ် ခုံတန်းလျားနှင့် ညအချိန် မီးအလင်းရောင်တို့ပါဝင်သော ခေတ်မီဘတ်စ်ကားမှတ်တိုင်များအဖြစ် ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ အရပ်တကာ၊ လူတကာတို့၏ အမျိုးမျိုးသောကြော်ငြာကပ်ခြင်းမှ ကင်းဝေးသောမှတ်တိုင်များအဖြစ် ရပ်တည်နိုင်ပြီဖြစ်သည်။ ဘတ်စ်ကားမှတ်တိုင်များ နေရာတကျပေါ်ပေါက်လာသည့်နည်းတူ ယာဉ်မောင်းကြီးများ၏ စည်းကမ်းကျန ပြတ်သားသော စကားသံများကိုလည်း စတင်ကြားစပြု"

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်မင်္ဂလာအဝေးပြေးမော်တော်ယာဉ်ရပ်နားစခန်း။

ရန်ကုန်မှာ အသစ်ဖော်ဆောင်ဖို့ရှိနေတဲ့ အဝေးပြေးမော်တော်ယာဉ်ရပ်နားစခန်း

မိုးမြင့်လင်းလက်၊ ဓာတ်ပုံ-ကောဇင်

အဝေးပြေး အထူးခရီးသည်တင်ယာဉ်ကြီးတွေနဲ့ ရန်ကုန်ပြန်လာတိုင်း အောင်မင်္ဂလာအဝေးပြေး ကားဝင်းရောက်ဖို့ ယာဉ်ကြောပိတ်ဆို့မှုက အနည်းဆုံး မိနစ် ၂၀ ခန့် ကြာမြင့်တတ်ပါတယ်။ တစ်ခါတစ်ရံ မိနစ် ၃၀ ကျော်ကြာအောင် ယာဉ်ကြောပိတ်ဆို့နေတာမို့ စိတ်မောလူမောဖြစ်ခဲ့ရတာလည်း အကြိမ်ပေါင်းများစွာပါပဲ။ ဒီလမ်းခရီးကို သွားလာနေကြတဲ့သူတွေအားလုံး အဲဒီခံစားချက်ကို ထပ်တူထပ်မျှ နားလည်ကြမှာဖြစ်ပါတယ်။ အခုတော့ အဲဒီဒုက္ခက လျော့နည်းသက်သာစေဖို့ အဝေးပြေးကားဝင်းအသစ်တစ်ခု တည်ဆောက်ဖို့ အစီအစဉ်ရှိနေပြီလို့ သိရပါတယ်။

"အမှတ်(၂)လမ်းမရဲ့ ရှမ်းတဲကြီးအနီးမှာ အဝေးပြေးကားဝင်းသစ်တစ်ခု တည်ဆောက်ဖို့ အစီအစဉ်ရှိတယ်"လို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ရန်ကုန်မြို့တော်ခန်းမမှာ ပြုလုပ်တဲ့ မီဒီယာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

"အဝေးပြေးယာဉ်ရပ်နားစခန်းအသစ်ကြောင့် ရန်ကုန်ကိုလာရောက်ကြမယ့် မွန်၊ ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးဘက်က ခရီးသွားတွေ၊ အပြန် ခရီးသွားပြည်သူတွေ ကနဦးမှာ အခက်ခဲအနည်းငယ်ရှိနိုင်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်အပြင် မြန်မာနိုင်ငံအထက်ပိုင်း ဒေသတွေကို ဆက်လက်ထွက်ခွာမယ့် ခရီးသွားပြည်သူတွေအတွက်လည်း ယာဉ်ပြောင်းစီးဖို့ အခက်အခဲရှိနိုင်ပေမယ့် အဲဒီအချက်တွေကိုလည်း အဆင်ပြေအောင် စီစဉ်ပေးသွားမှာ ဖြစ်ပါတယ်"

အဝေးပြေးယာဉ်များ ပြည့်ကျပ်

ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းဟာ မြန်မာနိုင်ငံအလယ်ပိုင်း၊ တောင်ပိုင်း၊ အထက်ပိုင်းမှ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ခရီးသည်တင်အဝေးပြေး ယာဉ်တွေ စုပြုံရောက်ရှိ၊ ထွက်ခွာရပ်နားရာ အဝေးပြေးကားရပ်စခန်းတစ်ခုအဖြစ် တည်ရှိနေတာဖြစ်ပါတယ်။ ဒီလိုယာဉ်လိုင်းတွေ အများအပြား လာရောက်ရပ်နားပြီး ခရီးသည်နဲ့ ကုန်တင်ကုန်ချတွေ ပြုလုပ်တဲ့နေရာဖြစ်တာမို့ ကားဝင်းအတွင်းမှာလည်း အဝေးပြေးခရီးသည်တင်ယာဉ်ကြီးတွေ ပြည့်ကျပ်နေပါတယ်။

ဒါ့အပြင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းကလာတဲ့ ခရီးသည်တင်အဝေးပြေးယာဉ်ကြီးတွေရော၊ အမြန်လမ်းမကြီးအတိုင်း မောင်းလာကြတဲ့ ခရီးသည်တင်အဝေးပြေးယာဉ်ကြီးတွေပါ အမှတ်(၃)လမ်းမအတိုင်း ဝင်ရောက်လာကြတာမို့ နေ့စဉ်ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်နေတာဖြစ်ပါတယ်။ နောက်ပြီး ကိုယ်ပိုင်ယာဉ်၊ အငှားယာဉ်နဲ့ မြို့တွင်းခရီးသည်တင်ဘတ်စ်ကားကြီးတွေ မောင်းနှင်သွားလာမှုတွေကြောင့်လည်း အောင်မင်္ဂလာအဝေးပြေးကားရပ်စခန်းသို့ ရောက်ရှိဖို့မှာ ကားလမ်းပိတ်ဆို့မှုဖြစ်ပေါ်စေတာလည်း ပါဝင်နေပါတယ်။

အဝေးပြေးကားဝင်းအသစ်တစ်ခု ဖော်ဆောင်နေ

ဒါကြောင့်လည်း ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးတွေဆီက ရန်ကုန်မြို့ကို လာရောက်ကြမယ့် ခရီးသည်တင်ယာဉ်ကြီးတွေအတွက် အမှတ်(၂)လမ်းရဲ့ရှမ်းတဲကြီးအနီးမှာ အဝေးပြေးကားဝင်းအသစ်တစ်ခုကို အကောင်အထည်ဖော်နိုင်ဖို့ စီစဉ်နေခြင်း ဖြစ်ပါတယ်။ အဲဒီဒေသတွေဆီကိုထွက်ခွာမယ့် ခရီးသည်တင်ယာဉ်ကြီးတွေနဲ့ အဲဒီဒေသတွေဆီက ဆိုက်ရောက်လာမယ့် ယာဉ်ကြီးတွေဟာ အဝေးပြေးကားဝင်းအသစ်မှာပဲ ရပ်နားစခန်းချရတော့မှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တာဟာ အောင်မင်္ဂလာအဝေးပြေးကားဝင်းကို ပြောင်းရွှေ့တာမဟုတ်ဘဲ ပဲခူး၊ မွန်၊ တနင်္သာရီဘက်က ခရီးသည်တင်ယာဉ်ကြီးတွေအတွက် အဝေးပြေးကားဝင်းသစ်ကို ထပ်မံတိုးချဲ့ပေးတာဖြစ်ပါတယ်။ ခရီးသည်တွေအတွက်ရော၊ အဝေးပြေးယာဉ်ကြီးတွေအတွက်ပါ အဆင်ပြေသွားအောင် စီစဉ်နေခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

ရန်ကုန်မှာတော့ လောလောဆယ်မှာ အဝေးပြေးမော်တော်ယာဉ်ရပ်နားစခန်းနှစ်ခု ရှိနေပါတယ်။ အောင်မင်္ဂလာအဝေးပြေး မော်တော်ယာဉ်ရပ်နားစခန်းနဲ့ လှိုင်သာယာမြို့နယ်မှာရှိတဲ့ ဒဂုံ-ဧရာအဝေးပြေးယာဉ်ရပ်နားစခန်းတွေ ဖြစ်ပါတယ်။ ဒဂုံ-ဧရာအဝေးပြေးယာဉ်ရပ်နားစခန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နဲ့ အခြားဒေသတွေက အဝေးပြေးခရီးသည်ယာဉ်ကြီးတွေ ဝင်ရောက်ရပ်နား စခန်းချထွက်ခွာကြတာဖြစ်ပါတယ်။

ဒဂုံ-ဧရာ အဝေးပြေးယာဉ်ရပ်နားစခန်းမှာတော့ ယာဉ်လိုင်းပေါင်း ၃၄ လိုင်းရှိနေပြီး ယာဉ်အစီးရေပေါင်း ၄၂၃ စီးနဲ့ နေ့စဉ်ပြေးဆွဲနေတယ်လို့ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) က ပြောထားပါတယ်။ အဲဒီ ဒဂုံ-ဧရာအဝေးပြေးကားရပ်နားစခန်းကနေပြီး ရန်ကုန်မြို့တွင်းနဲ့ လိုရာခရီးကို ဘတ်စ်ကားတွေ၊ အငှားယာဉ်တွေနဲ့ ဆက်လက်သွားရောက်နေကြတာ ဖြစ်ပါတယ်။

ခရီးသည်တင်ယာဉ်များခွဲထုတ်

မြောက်ဥက္ကလာပမြို့နယ်မှာရှိတဲ့ အောင်မင်္ဂလာအဝေးပြေးမော်တော်ယာဉ်ရပ်နားစခန်းမှာတော့ ယာဉ်လိုင်းပေါင်း ၁၁၆ လိုင်းရှိပြီး ယာဉ်အစီးရေ ၁၇၆၅ စီးနဲ့ နေ့စဉ်အဝေးပြေးခရီးသည်ယာဉ်ကြီးတွေ ပြေးဆွဲနေတာဖြစ်ပါတယ်။ အဝေးပြေးယာဉ်လိုင်းပေါင်း ၁၁၆ လိုင်းရှိနေတဲ့အတွက် ပဲခူး၊ မွန်၊ တနင်္သာရီတိုင်းဒေသကြီးတွေဘက်ကို သွားရောက်ကြမယ့် ရန်ကုန်ကို လာရောက်ကြမယ့် အဝေးပြေးခရီးသည်တင် ယာဉ်ကြီးတွေကို ခွဲထုတ်ပြီး အမှတ်(၂)လမ်းဘက်မှာ အဝေးပြေးကားဝင်းအသစ်နဲ့ခွဲထုတ်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ဒီလိုမှ ယာဉ်လိုင်းတွေ မခွဲထုတ်ရင် ရက်ရှည်ပိတ်ရက်အချိန်အခါအပြင် ခရီးသွားတွေ တစ်နှစ်ထက်တစ်နှစ် တိုးပွားများပြားလာမှုနဲ့ ယာဉ်ပြေးဆွဲတဲ့အစီးရေမြင့်တက်လာမှုတွေကြောင့် လာမယ့်နှစ်အနည်းငယ်အတွင်းမှာ ယာဉ်ကြောပိတ်ဆို့မှုနဲ့ ယာဉ်မတော်တဆဖြစ်ရပ်တွေ၊ မလိုလားအပ်တဲ့ ပြဿနာတွေ ပိုမိုဖြစ်ပေါ်လာနိုင်စရာရှိနေပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းက စီးပွားရေး၊ လူမှုရေး၊ အလုပ်အကိုင်စတဲ့ ကိစ္စရပ်တွေကြောင့် ရန်ကုန်မြို့ကို လာရောက်တဲ့ပြည်သူတွေ၊ ပြည်တွင်းခရီးသွားတွေ တစ်နေ့တခြား များပြားလာနေတာကလည်း နေ့စဉ်ပါပဲ။

အဝေးပြေးယာဉ်ရပ်နားစခန်း အသစ်ကြောင့် ရန်ကုန်ကို လာရောက်ကြမယ့် မွန်၊ ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးဘက်က ခရီးသွားတွေ၊ အပြန်ခရီးသွားပြည်သူတွေ ကနဦးမှာ အခက်အခဲအနည်းငယ်ရှိနိုင်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်အပြင် မြန်မာနိုင်ငံအထက်ပိုင်းဒေသတွေကို ဆက်လက်ထွက်ခွာမယ့် ခရီးသွားပြည်သူတွေအတွက်လည်း ယာဉ်ပြောင်းစီးဖို့ အခက်အခဲရှိနိုင်ပေမယ့် အဲဒီအချက်တွေကိုလည်း အဆင်ပြေအောင် စီစဉ်ပေးသွားမှာ ဖြစ်ပါတယ်။

ထပ်မံတိုးချဲ့ဖော်ဆောင်ဖို့ အစီစဉ်ရှိနေတဲ့ အဝေးပြေးယာဉ်ရပ်နားစခန်း

အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်းရော ဒဂုံ-ဧရာအဝေးပြေးယာဉ်ရပ်နားစခန်းပါ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနဲ့ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့တို့က ကြီးကြပ်ဆောင်ရွက်နေတာဖြစ်ပါတယ်။ အခုအသစ်ထပ်မံတိုးချဲ့ဖော်ဆောင်ဖို့ အစီစဉ်ရှိနေတဲ့ အဝေးပြေးယာဉ်ရပ်နားစခန်းကလည်း စနစ်တကျနဲ့ စီစဉ်ဆောင်ရွက်မှာမို့ ခရီးသွားပြည်သူတွေအတွက် အဆင်ပြေစေမယ့် အစီအစဉ်တစ်ခုအဖြစ် ထွက်ပေါ်လာမှာဖြစ်ပါတယ်။

ရန်ကုန်မြို့တော်ကြီး အနာဂတ်သာယာလှပ ပြည့်စုံရေး ဝိုင်းဝန်းကူညီပေး . . . မှ

အဲဒီလို မြို့တော်စည်ပင်သာယာရေး ကော်မတီက မြို့နေပြည်သူများအပေါ် လက်ရှိ စီမံဆောင်ရွက်ပေးနေမှု၊ ရှေ့စီမံချက်များနဲ့ ပတ်သက်ပြီး ဆောင်ရွက်ရန်ကိစ္စအဝဝကို ပြည်သူ့ အကြား၊ ပြည်သူ့နားသို့ ရောက်ရှိနိုင်ဖို့ တစ်လကို နှစ်ကြိမ် မီဒီယာများမှတစ်ဆင့် ရှင်းလင်းတင်ပြမှုတွေ ရှိနေပါတယ်။

ချပြရှင်းလင်း အသိပေး

ဒီအပတ် ဇူလိုင် ၁၅ ရက်မှာတော့ ဈေးများ အဆင့်မြှင့်တင်မှု၊ ကားပါကင်ကိစ္စ၊ အမှိုက်ကိစ္စ၊ လမ်းများပြုပြင်မှု၊ အဝေးပြေးယာဉ်ရပ်နားကွင်း သစ်တည်ဆောက်နေမှု၊ ဝိုင်ဘီအက်စ်မှတ်တိုင်များ၊ ရေစီးရေလာနဲ့ ရေပေးဝေရေး၊ အများပြည်သူ အနားယူအပန်းဖြေနေရာများမှာ အခမဲ့ဝိုင်ဖိုင်များ တပ်ဆင်ပေးမယ့်ကိစ္စရပ်တွေကို ချပြရှင်းလင်း အသိပေးခဲ့ပါတယ်။

အထက်ကဆိုခဲ့သလို ဒီကနေ့ ရန်ကုန်မြို့ကြီးရဲ့ လူဦးရေ ၂ ဒသမ ၅ သန်းလောက်က စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကိစ္စအဖြာဖြာနဲ့ အိမ်ကထွက်ပြီး သွားလာတဲ့အခါ ယနေ့ မြို့တော်သူ မြို့တော်သားများ ပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ ဝိုင်ဘီအက်စ်တွေ စီးနင်း သွားလာနေကြတာပါ။ လိုင်းပေါင်း ၁၀၀ ကျော် ရှိပြီး ယာဉ်အစီးရေ ၆၀၀၀ ကျော်နဲ့ နေ့စဉ်သယ်ယူပို့ဆောင်ပေးလျက်ရှိနေပါတယ်။

မှတ်တိုင်ပေါင်း ၅၀၀ တည်ဆောက်ဖို့လျာထား

အဲဒါကြောင့် ခရီးသွားပြည်သူတွေ နေပူမိုးရွာ အကာအကွယ်ရှိစေဖို့အရေး ခေတ်မီလှပ ဆန်းသစ်တဲ့ ကားမှတ်တိုင်တွေ တည်ဆောက်ပေးထားတာကိုလည်း တွေ့ရပါတယ်။ မြို့တွင်း ခြောက်မြို့နယ်အပြင် ကြည့်မြင်တိုင်၊ အလုံ၊ စမ်းချောင်း၊ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း၊ ရန်ကင်း၊ တာမွေ စတဲ့ ဝိုင်ဘီအက်စ်ရပ်ရာနေရာတွေမှာ ကား မှတ်တိုင်ပေါင်း ၅၀၀ တည်ဆောက်ဖို့ လျာထားကြောင်း သိရပါတယ်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (လမ်း၊ တံတား)က ဌာနမှူး ဦးလင်းခိုင်က လက်ရှိမှတ်တိုင်ပေါင်း ၂၇၀ ပြီးစီးနေပြီဖြစ်ကြောင်း ပြောကြားမှုအရ သိရပါတယ်။

ဒုတိယဇုန်ဖြစ်တဲ့ လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပမြို့နယ်တို့မှာလည်း မှတ်တိုင်ပေါင်း ၂၅၀၊ တတိယဇုန်ဖြစ်တဲ့ ဒဂုံ(အရှေ့/မြောက်/တောင်)၊ ဒဂုံဆိပ်ကမ်း၊ ဒေါပုံ၊ သာကေတမြို့နယ်တို့မှာလည်း မှတ်တိုင်ပေါင်း ၆၅၀ တည်ဆောက်သွားဦးမှာလို့ သိရပါတယ်။

စည်ပင်က အသိပညာပေး

တည်ဆောက်ပြီးတွေ့ရတဲ့ ကားမှတ်တိုင်တွေက ခရီးသွားပြည်သူများအတွက် အတော်အဆင်ပြေပါတယ်။ အောက်ခံအခင်းကလည်း ကြွေပြားများနဲ့ သန့်သန့်ရှင်းရှင်း၊ နေပူပူ၊ မိုးရွာရွာ၊ အမိုးလေးများနဲ့ ညရေးညတာမှာလည်း လျှပ်စစ်မီးက လင်းလင်းရှင်းရှင်းနဲ့ သပ်ရပ်လှပပါတယ်။ အချို့ကုမ္ပဏီကြော်ငြာပုံများနဲ့ရှိပြီး ကြော်ငြာမရသေးတဲ့ နေရာတွေမှာတော့ စည်ပင်ကအသိပညာပေး ပုံများ၊ စာများနဲ့ပါ၊ ပုံတွေကလည်း မျက်စိပသာဒ ရှိလှပါတယ်။ အချို့ကားမှတ်တိုင်က နောက်ခံအဖြူရောင်ပေါ်မှာ ကွမ်းတံတွေးတွေ ထွေးထားပုံကို ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှားပြထားပါတယ်။ အဲဒီအပေါ်မှာတော့ “ကွမ်းတံတွေးကင်းမဲ့သော မြို့တော်ဆီသို့”ဆိုပြီး စာလုံးကြီးနဲ့ ရေးထားပါတယ်။ နောက် အောက်ခံအနီလိုင်းပေါ်မှာ “ဒါသင့်မြို့အမြဲသန့်ရှင်းနေစေဖို့”ဆိုပြီး စာတန်းထိုးထားပါတယ်။ ဒါပေမယ့် မှတ်တိုင်အနီးမှာ ကွမ်းယာဆိုင်တွေ ဖွင့်လှစ်ရောင်းချနေတာကတော့ စည်ပင်ကိုလှောင်နေသလိုပါပဲ။

ရန်ကုန်မြို့တော်ကြီး သန့်ရှင်းနေစေဖို့ စည်ပင်ဝန်ထမ်းတွေက “လင်းပြောင်စနစ်”၊ မိုးလင်းတာနဲ့ အမှိုက်တွေ မမြင်ရအောင် ဆောင်ရွက်နေပါတယ်။ ရန်ကုန်မြို့အမှိုက်ထွက်ရှိမှုကလည်း အံ့မခန်းပါပဲ။ နေ့စဉ် တန်ချိန် ၂၅၀၀ ကျော် ထွက်ရှိနေတယ်တဲ့။ လှိုင်သာယာမြို့နယ်က ထိန်ပင်အမှိုက်ပုံဆို နေ့စဉ် အမှိုက်တန်ချိန် ၁၅၀၀ လောက်ကို လာရောက်စွန့်ပစ်မှုရှိတယ်လို့ သိရပါတယ်။

သဘာဝဓာတ်ငွေ့ထုတ်လုပ်ဖို့ရှိ

ဒါပေမယ့် “အဆိုးထဲကအကောင်း” အမှိုက်ထဲက “ရွှေ” ဆိုတဲ့စကားလိုပါပဲ။ အဲဒီစွန့်ပစ်အမှိုက်တွေကနေ ပိုလန်နိုင်ငံနဲ့ ချိတ်ဆက်ပြီး သဘာဝဓာတ်ငွေ့ထုတ်လုပ်ဖို့ရှိတယ်လို့ သိရပါတယ်။ အမှိုက်တန်ချိန် ၁၀၀၀ အသုံးပြုပြီး ထုတ်လုပ်မယ်ဆို ကာဗွန်ဒိုင်အောက်ဆိုက် ၄၅ တန် ထွက်ရှိမှာဖြစ်ပြီး အဲဒီကမှတစ်ဆင့် စီအင်န်ဂျီ ၁၅၀ မီတာကျူ ထွက်ရှိမယ်လို့ သိရပြန်ပါတယ်။ အဲဒါဆို လောင်စာအတွက် အထောက်အပံ့တစ်ခုဖြစ်လာနိုင်ကောင်းပါရဲ့။

အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားပစ်

အမှိုက်နဲ့ပတ်သက်လို့ စည်ပင်က ပြည်သူတွေကို YBS မှတ်တိုင်တွေမှာ အသိပေးဖော်ပြထားတာလေးတွေကို တွေ့ရပါတယ်။ အဲဒါက အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားပစ်ဖို့ပါ။ အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြားပစ်ဖို့ကို စတင်စဉ်က မြို့နယ်စည်ပင်သန့်ရှင်းရေးဌာနတွေမှာ ပလတ်စတစ်အိတ်အပြာနဲ့အစိမ်းက ဝယ်လို့ရပါတယ်။ အမှိုက်လာသိမ်းတဲ့ ဝန်ထမ်းတွေမှာလည်း အလွယ်တကူ ဝယ်လို့ရပါတယ်။ ဒါကလည်း ကောက်ရိုးမီးလိုပါပဲ၊ ခဏပါ။ နောက်ပိုင်း ဘယ်တော့မေးမေး ဝယ်လို့မရတော့ပါဘူး။

အကြံပေးချင်တာကတော့ အဲဒီလို အရောင်နဲ့ အမှိုက်ထည့်လို့ရတဲ့ ပလတ်စတစ်အိတ်တွေကို ဌာနက ကိုယ်တိုင်ထုတ်လုပ်ပြီး ရောင်းချပေးမယ်ဆို အဖိုးနှုန်းလည်းချိုသာလာမယ်၊ ရောင်းချပေးတဲ့ စည်ပင်ဝန်ထမ်းတွေလည်း ကော်မရှင်ရမယ်။ ပြည်သူကလည်း အဆင်ပြေပြေနဲ့ (အနည်းနဲ့ အများပါ) အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားပစ်လာမယ်။ အကျင့်လည်းရလာမယ်လို့ ထင်ပါတယ်။

မီဒီယာရှင်းလင်းပွဲတွေမှာ တွဲဖက်အတွင်းရေးမှူး ဦးသန်းက “အရင်တုန်းက မိုးရွာပြီဆိုတာနဲ့ အချို့မြို့နယ်တွေမှာ ရေလျှံလေ့ရှိပါတယ်။ အဲဒီကိစ္စကိုတော့ အရင်နှစ်ကစတင်ပြီး ရေစီးရေလာကောင်းမွန်ရေးအတွက်ကို တစိုက်မတ်မတ် ဆောင်ရွက်လာခဲ့ပါတယ်။ ဒီနှစ်မိုးမကျခင်ကတည်းက ရေမြောင်းတွေဆယ်တဲ့အလုပ်ကို အခု မိုးကျတဲ့တိုင် အဆက်မပြတ်ဆောင်ရွက်နေပါတယ်”လို့ ရှင်းပြခဲ့ပါတယ်။

ကားလမ်းပေါ် ရေလျှံခြင်းလုံးဝမရှိ

ဒါကိုလည်း အပြောနဲ့အလုပ်ကို သက်သေတစ်ခုအဖြစ် ပြောချင်တာကတော့ နှစ်စဉ်မိုးရွာပြီဟေ့ဆိုတာနဲ့ လမ်း ၃၀ နဲ့ ရွှေဘုံသာလမ်းအကြား အနော်ရထာလမ်းပေါ်မှာ ရေကြီးရေလျှံတာက ချောင်းငယ်လေးတစ်ခုစီးဆင်းနေပုံပါပဲ။ ဒီနှစ်လုံးဝမဖြစ်တော့ပါဘူး။ နောက်တစ်ခုက တာမွေ ဗလီလမ်းဆုံနဲ့ စမ်းချောင်း၊ ဗားကရာလမ်းနဲ့ ဗဟိုလမ်းဆုံမှာပါ။ မျက်မြင်ပါ။ ကားလမ်းပေါ် ရေတင်ရေလျှံခြင်း လုံးဝမရှိတော့ပါ။

ဒါပေမယ့် အချို့အချို့သူတွေက စည်ပင်ဝန်ထမ်းတွေကို ကိုယ်ချင်းစာစိတ်လေးနဲ့ သနားညှာတာမှုကင်းဝေးကြပါတယ်။ အခုထိ ကြုံရင်ကြုံသလို ရေမြောင်းထဲအမှိုက်ပစ်ချတတ်တဲ့ အကျင့်က ရှိနေတုန်းပါပဲ။

နှစ်ထပ်ဈေး တည်ဆောက်

နောက် လမ်းဘေးဈေးသည်များကိစ္စပါပဲ။ ဈေးပေါင်း ၂၀ ကျော်ကို အဆင့်မြှင့်တင်မှုတွေနဲ့ ပြန်လည်ဆောက်ပေးနေပါပြီ။ အချို့နှစ်ထပ်ဈေးအဖြစ် တည်ဆောက်ပြီး ရောင်းကုန်အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး လိုချင်တဲ့ပစ္စည်းကို တစ်နေရာတည်းမှာ ရရှိနိုင်ရေးအတွက် စီစဉ်ပေးမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကောင်းနဲ့ပါ။

လမ်းဘေးဈေးသည်များအတွက် အဆင့်မြှင့်တင်မှုအနေနဲ့ ကားလမ်းဘေးမှာ ယာဉ်အန္တရာယ် စိုးတထိတ်ထိတ်နဲ့ ရောင်းနေကြရမယ့်အစား ဈေးဝယ်သူများကလည်း ဘေးအန္တရာယ်ကင်းကင်းနဲ့ ဝယ်လို့ရအောင် စီမံမှုပါ။ အဲဒီကိစ္စက နိုင်ငံတော်ရဲ့ဘတ်ဂျက်နဲ့မဟုတ်ဘဲ PPP စနစ်နဲ့ သွားမယ်လို့ သိရပါတယ်။

ဒါပေမယ့် ဈေးသည်အများစုက “မြင့်စေချင်လို့ နတ်ပြည်ပို့ မြင့်တယ်လို့ခုန်ချ”သူတွေများပါတယ်။ သူတို့တွေရဲ့ ပြောစကားရှိပါတယ်။ “ဈေးဝယ်သူက ခလုတ်တိုက်မှ အမှတ်ရပြီးဝယ်တတ်တာ”လို့ ဆိုပါတယ်။

အခု မြို့နယ်အတော်များများမှာ စည်ပင်ဝန်ထမ်းဟောင်းတွေက မြောင်းလိုင်းတွေတူးဖော်နေကြပါတယ်။ ရေမြောင်းတူးကြတာထင်လို့ မေးကြည့်တဲ့အခါ ရေပိုက်လိုင်းအတွက်လို့ သိရပါတယ်။

ရေပေးဝေရေးစီမံကိန်း

ရန်ကုန်မြို့ရဲ့ ရေပေးဝေမှုမှာ အဓိက ချိုးဖြူအပြင် လဂွန်းပြင်ရေပေးဝေရေး စီမံကိန်းနဲ့ ကုက္ကိုဝ ရေပေးဝေရေးစီမံကိန်းတွေနဲ့ တိုးချဲ့ဆောင်ရွက်နေပြီလို့ သိရပါတယ်။ လက်ရှိရေပေးဝေမှုပမာဏက ၄၅ ရာခိုင်နှုန်းအထိသာ ပေးဝေနိုင်သေးပြီး ၂၀၂၅ ခုနှစ်မှာ ၉၀ ရာခိုင်နှုန်းအထိ ပေးဝေနိုင်တော့မယ်လို့ သိရပြန်ပါတယ်။ အဲဒီအခါကျရင်တော့ စည်ပင်ရဲ့ရေပေးဝေမှုကို အပြည့်အဝနီးပါး ရရှိကြတော့မှာဖြစ်တယ်လို့ ဆိုပြန်ပါတယ်။

ဒါပေမယ့် လက်ရှိရေပေးဝေရေးစနစ်မှာ ရေအလေအလွင့် ပျောက်ဆုံးမှုတွေရှိနေပြီး ရေဖိုးမရရှိဘဲ ဆုံးရှုံးမှုပမာဏက ၅၀ ရာခိုင်နှုန်းနီးပါး ရှိတယ်လို့ သိရပြန်ပါတယ်။ အဲဒါက စည်ပင်က ရေကို သုံးစွဲပြီး ရေဖိုးအပြည့်အဝပေးဆောင်မှု မရှိလို့ပါပဲ။ မိမိအကျိုးအတွက် ရယူပြီး ပြန်လည်ပေးဆပ်ရမှာ ပျက်ကွက်နေတဲ့သူတွေရှိနေသေးတယ်လို့ ကောက်ချက်ချမိပါတယ်။ ဒါဆို သုံးစွဲသူတွေဘက်က တာဝန်မကျေမှုလို့ ဆိုရမှာဖြစ်ပါတယ်။

အခမဲ့ဝိုင်ဖိုင်တပ်ဆင်ပေးမယ့်အစီအစဉ်

နောက်တစ်ခုက အများပြည်သူတို့ အပန်းဖြေအနားယူတဲ့နေရာတွေမှာ အခမဲ့ဝိုင်ဖိုင်တပ်ဆင်ပေးမယ့်အစီအစဉ်ပါပဲ။ တပ်ဖို့ ယာယီရည်ရွယ်ထားတဲ့ နေရာတွေက မဟာဗန္ဓုလပန်းခြံ၊ ပြည်သူ့ရင်ပြင်၊ ပြည်သူ့ဥယျာဉ်၊ သုဝဏ္ဏပန်းခြံ၊ အင်းလျားကန်ပေါင်နဲ့ ဆူးလေစကွဲယားမှာလို့ သိရပါတယ်။

အဝေးပြေးဂိတ် ယာဉ်ရပ်နားကွင်းကြီးနှစ်ခုရှိ

အဲဒီလိုတပ်ဆင်ဖို့အတွက်ကိုလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ ကုမ္ပဏီတစ်ခုက တင်ပြထားတယ်လို့ သိရပါတယ်။ ဒုတိယအဆင့် ဆွေးနွေးဖို့ ရှိနေပြီမို့ ရန်ကုန်မြို့ရဲ့တိုးတက်မှု ပုံရိပ်တစ်ခုအဖြစ် ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ရန်ကုန်ကနေ နယ်အဝေးကို သွားနိုင်ဖို့က အဝေးပြေးဂိတ် ယာဉ်ရပ်နားကွင်းကြီး နှစ်ခုရှိပါတယ်။ တစ်ခုက လှိုင်သာယာမြို့နယ်မှာရှိတဲ့ ဒဂုံရောအဝေးပြေးဂိတ်နဲ့ မြောက်ဥက္ကလာပမြို့နယ်မှာရှိတဲ့ အောင်မင်္ဂလာအဝေးပြေးဂိတ်ဖြစ်ပါတယ်။

ဂိတ်ကြီးနှစ်ခုစလုံးက ကျယ်ဝန်းပေမယ့် ယာဉ်အစီးရေ ခရီးသွားဦးရေက ပိုမိုများပြားနေပါတယ်။ ဒါ့ကြောင့် နောက်ထပ်အဝေးပြေးဂိတ်ဝင်းကြီးတစ်ခု ထပ်မံတည်ဆောက်ဖို့ ရည်ရွယ်စီစဉ်မှာ ဖြစ်ပါတယ်။ နေရာကတော့ အမှတ် ၂ လမ်းမကြီးဘေး မြေဧက ၃၀ မှာ တည်ဆောက်မယ်လို့ သိရပါတယ်။ တင်ဒါခေါ်ယူဖို့ စီစဉ်မှုများရှိပြီး ပွင့်လင်းမြင်သာမှုရှိတယ်လို့လည်း သိရပါတယ်။

တစ်ခုထူးခြားတာက နောက်ထပ်ပေါ်ပေါက်လာမယ့် အဝေးပြေးဂိတ်ဟာ အခုမြို့ပြစီမံကိန်း Master Plan မှာလည်း ပါဝင်တယ်လို့ သိရပါတယ်။ အဲဒီအဝေးပြေးဂိတ်ဝင်းကြီး ပြီးပါက မွန်၊ တနင်္သာရီ၊ ပဲခူး စတဲ့ဒေသတွေဆီကို ပိုမိုအဆင်ပြေစွာ သွားနိုင်မယ်လို့ ဆိုထားပါတယ်။

ဒါကြောင့် ရန်ကုန်မြို့ကြီးရဲ့ အနာဂတ်ဟာ ဒီကနေ့ နေထိုင်နေကြတဲ့ မြို့တော်သူ မြို့တော်သားများရဲ့ စီမံခန့်ခွဲမှုနဲ့ စည်းကမ်းရှိစွာ နေထိုင်ခြင်း၊ စည်းကမ်းမဲ့စွာ နေထိုင်ခြင်းတို့အပေါ်မှာ တည်ရှိသွားမှာဖြစ်ပြီး ဒီကနေ့ထက် ပိုမိုလှပသော၊ သန့်ရှင်းသော၊ ပိုမိုပြည့်စုံသော မြို့တော်ကြီးဖြစ်ရေး ပြည်သူအများက ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

ရန်ကုန်မြို့လယ်ရှိ ရေမြောင်းအတွင်း စည်ပင်ဝန်ထမ်းများ သန့်ရှင်းရေးပြုလုပ်နေမှုကို တွေ့ရစဉ်။

“အရင်တုန်းက မိုးရွာပြီဆိုတာနဲ့ အချို့မြို့နယ်တွေမှာ ရေလျှံလေ့ရှိပါတယ်။ အဲဒီကိစ္စကိုတော့ အရင်နှစ်က စတင်ပြီး ရေစီးရေလာ ကောင်းမွန်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်လာခဲ့ပါတယ်။ ဒီနှစ်မိုးမကျခင်ကတည်းက ရေမြောင်းတွေဆယ်တဲ့ အလုပ်ကို အခု မိုးကျတဲ့တိုင် အဆက်မပြတ်ဆောင်ရွက်နေ”